www.dhammaransi.com

ဆုပြည့်စုံထွန်းစာပေ

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ် သျှင်သိရိ
ဓမ္မာစရိယ(တီအေ)

# စိတ်ဝိညာဉ်သံသရာ



ဒုတိယအကြိမ်

www.dhammaransi.com

ဆုပြည့်စုံထွန်း စာပေ

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.dhammaransi.com

ဆုပြည့်စုံထွန်းစာပေ



www.dhammaransi.com

ဆိုက်

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၈၆၈၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၀၇၆၀၆၀၂

❖

ပုံနှိပ်ခြင်း

ဒုတိယအကြိမ် - (၂၀၀၆၊ ဧပြီလ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - အောင်စံမြင့်

ကွန်ပျူတာစာစီ - *Quality*

အတွင်းဖလင် - *Quality*

❖

ပုံနှိပ်သူ

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ

မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၃၀၀ - ကျပ်

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပထမအကြိမ်အမှာစာ | ၁ |

**အခန်း(၁)**

| | | |
|---|---|---|
| ၂။ | စိတ် (အသက်) ဝေါဟာရများ | ၄ |
| | – နာမ်ဟူသည် | ၄ |
| | – ဝိညာဉ်ဟူသည် | ၅ |
| | – မနောဟူသည် | ၆ |
| | – အသက်ဟူသည် | ၈ |
| | – လိပ်ပြာဟူသည် | ၁၁ |
| | – သုံးဆယ်နှစ်ကောဋ္ဌာသတွင်ပါဝင်မှု | ၁၂ |
| | – ဟဒယဝတ္ထု (နှလုံးအိမ်)ဟူသည် | ၁၃ |

**အခန်း(၂)**

| | | |
|---|---|---|
| ၃။ | စိတ်ဖြစ်စဉ်အထွေထွေ | ၁၄ |
| | – စိတ်ဟူသည် | ၁၄ |
| | – စိတ်ကိုမှီတွယ်သော တရားများ | ၁၅ |
| | – စိတ်အထွေထွေခေါ်ပုံ | ၁၇ |
| | – စိတ်တို့၏ပြုမှုအားထုတ်မှုများ | ၁၈ |
| | – ကာမာဝစရကုသိုလ်စိတ် (၈)ပါး | ၁၉ |
| | – ရူပါဝစရ ကုသိုလ်စိတ် (၅)ပါး | ၂၀ |
| | – လောဘစိတ် (၈)ပါးဟူသည် | ၂၁ |
| | – မောဟအရင်းခံ၍ဖြစ်သော ဒေါသစိတ်(၂)ပါးဟူသည် | ၂၂ |
| | – မောဟအရင်းခံ၍ဖြစ်သော မောဟမူစိတ်(၂)ပါးဟူသည် | ၂၃ |
| | – စိတ်၏မှီရာတို့ ကင်းပြတ်ရာကာလ | ၂၅ |
| | – စိတ်သည် ကုသိုလ်၊ အကုသိုလ်မဟုတ် | ၂၆ |
| | – စိတ်ဓာတ်ရှေ့သွားဖြစ်သည် | ၂၇ |
| | – စိတ်သက်၊ ရုပ်သက် | ၂၈ |
| | – စိတ်အစွမ်းသတ္တိမြင့်တက်လာသောအခါ | ၃၀ |

www.dhammaransi.com

- စိတ္တနိယာမများ ၃၁
- စိတ်ကလေး၏ အလုပ် ၃၃
- စိတ်ဓာတ်ကလေးကိုယ်ထဲ၌ ဖြစ်နေပုံ ၃၄
- ပရမတ်သဘောအရ လူ့စိတ်ကလေးဘဝသစ်ကူးပုံ ၃၅
- ပဋိသန္ဓေစိတ် ၃၇
- စိတ်အာရုံထိခိုက်မှု ဘဝင်များ ၄၃
- စိတ်အစဉ်ဖြစ်ပေါ်မှု၏ အစဉ်များအကျဉ်းချုပ် ၄၇
- ဝီထိစိတ်၊ ဘဝင်စိတ်တို့ဖြစ်ရာ ဥပမာ ၄၈
- မနောဒွါရစိတ်အစဉ်ကလေး ၄၉
- စိတ်ဓာတ်ကလေး၏အစဉ် ၄၉
- စိတ်ကိုထောက်ပံ့ကျေးဇူးပြုသူ ၅၀
- စိတ်ကလေး ကျင်လည်ပြေးသွားနေရပုံ ၅၁

## အခန်း(၃)

၄။ သံသရာစက်ဝန်း ၅၃
- ဘဝသစ် (သို့) စိတ်သစ်သံသရာစက်ကြီး ၅၃
- ဘဝဖြစ်မှုများ ၅၅
- မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒ ၅၇
- နာမ်ရုပ်သံသရာ ၅၈
- အစအဆုံးမထင်နိုင်သော သတ္တဝါတို့၏ စိတ်သံသရာ ၆၁
- ဘဝသစ်ပဋိသန္ဓေပြောင်းမှု ၆၃
- အသက်ဝိညာဉ်ရှာဖွေခဲ့သောပါယာသိမြို့စား ၆၈
- ငရဲပြည်ကျ သတင်းပြန်ပို့သူမရှိ ၆၉
- နတ်ပြည်မှသတင်းပြန်ပို့သူလည်းမရှိပါ ၇၀
- နတ်ပြည်ရောက်မယ်ဆို စောစောသေကြပါလား ၇၂
- လိပ်ပြာကောင်ထွက်တာ မတွေ့ပါ ၇၃
- လူသေသည် ကိုယ်အလေးချိန်တိုးသည် ၇၄
- ခရုသင်း၏အသံဘယ်ကလာ ၇၅
- အသား၏ အကြောကြားမှာအသက်ရှာ ၇၇
- သူများကဲ့ရဲ့မှာ ကြောက်လှပါသည် ၇၈

www.dhammaransi.com


- မစင်ထုပ်ကိုမစွန့်ရက်သူ ၈၀
- အဆိပ်လူးသည့်ကြွေအန်ကို မျိုနေသူ ၈၁
- ရွှေထုပ်နှင့်မလဲနိုင်ပါ ၈၂
- စိတ်ဓာတ်ချုပ်ငြိမ်းစေသောဘုရားရှင်၏ နည်းလမ်း ၈၄


## အခန်း(၄)


၅။ စိတ်အကြောင်းဘဝအကြောင်းသက်သေ ၈၆
- ဘဝဟောင်းကို ပြန်ပြောင်းသိမှု ၈၆
- ဇာတိဿရဉာဏ် ၈၇
- အတိတ်ခုနစ်ဘဝ ၈၉
- အနာဂတ်ခုနစ်ဘဝ ၈၉
- ပုဗ္ဗေနိဝါသအဘိညာဏ် ၈၉
- အတိတ်ဘဝကိုသိနိုင်သူများ ၉၂
- အတိတ်ဘဝမေ့ရခြင်းအကြောင်း ၉၂
- လောက၌ သတ္တဝါဆက်လက်ဖြစ်-မဖြစ် ၉၃
- ပုဒ္ဓနှင့်ဝစ္ဆ ၉၄
- ပုဒ္ဓနှင့်မာလုကျပုတ္တမထေရ် ၉၅
- မသေခင်နတ်ရထားအခေါ်လွှတ်ခံရသူ ၉၉
- အရှင်လတ်လတ် ငရဲပို့ခံရသူ ၁၀၂
- အာနန္ဒာသူဌေးကြီး ဘဝကူးပုံ ၁၀၈
- သဒ္ဓါကြည်လင်စိတ်ဖြင့်ရှိခိုးရာမှနတ်ပြည်ရောက်သူ ၁၁၀


## အခန်း(၅)


၆။ ဘဝနေဝင်နည်းလမ်းမြင်သူများ ၁၁၃
- တမ္ဗဒါဌိက၏ ဘဝနေဝင်ပုံ ၁၁၄
- မယားချစ်သူ၏ ဘဝလည်ပုံ ၁၁၅
- သိဂိရိဝမ္ဟာသောကမင်းကြီး၏ ဘဝနေဝင်ပုံ ၁၁၇
- ယောမင်းကြီးဦးဘိုးလှိုင်၏ ဘဝနေဝင်ပုံ ၁၁၇
ဦးညို၏အနှံတစ်ဝလယ်နှင့် ဘဝလည်ပုံ ၁၁၉

www.dhammaransi.com

# ပထမအကြိမ်အမှာစာ

'ဆရာသျှင်သီရိရဲ့ သေရွာပြန်တို့၏ ဘဝအတွေ့အကြုံများ စာအုပ်ဖတ်ပြီးကျွန်မနဲ့ ဒေါ်နုနုရီတို့ ဝိညာဉ်အကြောင်း စိတ်အကြောင်း ဆွေးနွေးလိုက်တာ သူပြောတာ ကျွန်မလက်မခံနိုင်နဲ့ ဆွေးနွေးပွဲ အဆုံး သတ်လာရတယ်တော့'

တစ်နေ့ ပြတိုက်လက်ထောက် (၁)၊ ဒေါ်ရီရီရွှေက စာရေးသူစားပွဲသို့ရောက်လာရင်း အထက်ပါအတိုင်း ရယ်ရယ်မောမော ပြောလိုက်သည်။

"ဘာတွေ အဓိကလမ်းကြောင်းထားပြီး ဆွေးနွေးကြလို့ မပြေလည်ကြတာလဲ၊ ဆိုစမ်းပါအုံး"

"နုနုက ပြောတယ်၊ နိဗ္ဗာန်မရမချင်း ဒီဝိညာဉ်စိတ်ဟာ ဒီဝိညာဉ်စိတ်ပါပဲတဲ့၊ သူက ကုသိုလ်လုပ်ရင် ကောင်းတဲ့ဘဝမှာ ကောင်းကောင်းနေရမယ်၊ အကုသိုလ်လုပ်ရင် မကောင်းတဲ့ ဘုံဘဝမှာ ဒုက္ခခံစားနေရမယ်တဲ့၊ အဲဒါကို ကျွန်မက ဝိညာဉ် စိတ်အစဉ်ကတော့မှန်ပါတယ်၊ ဝိညာဉ်ပြောင်းလဲမှုဟာ မတူဘူး၊ တစ်ဒင်္ဂဖြစ်ပေါ်တဲ့ ကံ ကံ၏ပြုပြင်မှုအရ ဖြစ်ရတာ ၊ ဝိညာဉ်စိတ်ပြောင်းမှုဟာ နူးညံ့သိမ်မွေ့တယ်၊ မီးတိုင်က မီးကူးသလို တောင်ဝှမ်းထဲက ပဲ့တင်သံလိုသဘောရှိကြောင်း ကျွန်မက ရှင်းပြတယ်၊ အဲဒါကို သူကလက်မခံဘူး။

"ဝိညာဉ်စိတ်ပြောင်းလဲမှု သံသရာ လည်ပတ်မှု စိတ်အစဉ်ဟာ အလွန်နူးညံ့သိမ်မွေ့တော့ သာမန်ကြည့်ရင်တော့ လူ့ဘဝက နတ်ဘဝ ရောက်၊ ခွေးဘဝရောက်၊ ငရဲဘဝရောက် စသည်ဖြင့်ပေါ့လေ၊ ဒီဝိညာဉ်ပဲ ဆက်သွားနေ

www.dhammaransi.com



သလိုပဲပေါ့။ ဒါပေမယ့် ပဋိသန္ဓေစိတ် ဝိညာဉ်ပြောင်းမှုဟာ သိပ်နူးညံ့လွန်းတော့ သဘောမပေါက်လွယ်ဘူးပေါ့။

''အဲဒီတော့ ဆရာသျှင်သိရိရယ်၊ စိတ်ဝိညာဉ်အကြောင်း လူတိုင်းနားလည်သဘောပေါက်အောင် ရေးပြနိုင်ရင် ရေးပြနိုင်ရင် ရေးပြ လိုက်စမ်းပါ၊ ကျွန်မတို့လို နုနုတို့လို လူတွေသဘောပေါက်ရုံတွင်မက သာမန်လူတွေလဲ နားလည်နိုင်တဲ့ အဆင့်အထိပေါ့''

''အေး. . . အေး ငါကြိုးစားကြည့်ဦးမယ်၊ အဘိဓမ္မာသင်္ဂြိုဟ်အရ စိတ်သဘောလောက်ပဲ ရေးကြည့်မယ်၊ ဒါကိုသဘောပေါက် နားလည်ရင်တော့ ရပြီ''

ဤ ဒေါ်ရိရိရွှေ ဆွေးနွေးချက်ဖြင့် စာရေးသူသည် စိတ်သဘော စိတ်အကြောင်းကို တတ်သရွေ့ မှတ်သရွေ့ နားလည်သရွေ့ တင်ပြရေးသားထားခဲ့ပါသည်။

အလွန် နက်နဲသိမ်မွေ့သော စိတ်အကြောင်းနှင့် စိတ်စေတသိက်တို့၏ ဖြစ်မှု၊ ပျက်မှု၊ တည်မှု၊ တွယ်တာမှု စသည်တို့ကို သိသာနိုင်ရန် အဘိဓမ္မသင်္ဂဟာ အပြင်ယမိုက်ပဋ္ဌာန်းစသည့် ဒေသနာတော်ကြီးများအထိ အသေးစိတ် လေ့လာနိုင်ပါမှ တော်ရာကျပေမည်၊ သာမန်စိတ်အသိလောက်နဲ့တော့ ကိုယ့် ကိုယ်ကို စိတ္တဗေဒပညာရှင်ဟူ၍ ပြောဆိုခေါ်ဝေါ် ၍မရနိုင်ပါပေ။

စာရေးသူသည် ဤစိတ်ဝိညာဉ်သံသရာ စာအုပ်တွင် စိတ်နှင့် ပတ်သက်သော လူတို့ အခေါ်အဝေါ်ဝေါဟာရများ၊ စိတ်ဖြစ်အထွေထွေ ၊ စိတ်သံသရာ စက်ဝန်းလည်ပတ်မှုနှင့် ဘဝကူးသူတို့၏ ဖြစ်ရပ်များကို ညာဏ်မီသမျှ တင်ပြထားပါသည်။

အကြင်စာဖတ်သူသည် ဤစာအုပ်ကိုဖတ်၍ စိတ်အကြောင်း၊ ဝိညာဉ် ပြောင်းလဲမှုအကြောင်း တင်ပြဟစ်သော အတိုင်းအတာထိ သိရှိနားလည်သည်ဟု ဆိုပါက စာရေးသူတင်ပြရကျိုးနပ်၏ ဟုယူဆပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ဝိညာဉ်အကြောင်း ဆွေးနွေးငြင်းခုံကြသော ဒေါ်ရိရိရွှေ (ပြပိုက်လက်ယောက်–၁)၊ ဒေါ်နုနုရီ ၃ ဦးစီးမှူး၊

www.dhammaransi.com



သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့အား လည်းကောင်း၊ စိတ်အကြောင်းကို စိတ်ဝင်စားပါသည်၊ စိတ်အကြောင်းစာအုပ်ကို ထုတ်လို ပါသည်ဟု ဆိုသော မြတ်ပန်းရောင်စာပေမှ ဆရာဦးခင်မောင်ဦးတို့အားလည်းကောင်း ကျေးဇူးတင်မှတ်တမ်းပြုအပ်ပါသည်။

တက္ကသိုလ် သျှင်သိရိ
(မဟာစရိယ၊ ဘီအေ)

www.dhammaransi.com

# အခန်း(၁)

# စိတ် (အသက်) ဝေါဟာရများ

## နာမ်ဟူသည်

နာမ်=နာမ-ညွတ်ခြင်း (အာရုံသို့ အနက်သို့ တစ်နည်းအားဖြင့် အာရုံ၌ ညွတ်တတ်သောသဘောတရား။

ညွတ်ခြင်းဟူသည်

- ရူပါရုံ (အဆင်း) ကိုမြင်သော်
- သဒ္ဒါရုံ (အသံ) ကိုကြားသော်
- ဂန္ဓာရုံ (အနံ့) ကိုနံသော်
- ရသာရုံ (အရသာ)ကို ခံစားရသော်
- ဖောဋ္ဌဗ္ဗာရုံ (အထိအတွေ့)ကို ရသော်

ထိုအာရုံကို လှမ်း၍အာရုံပြုသောအားဖြင့် အာရုံသို့ ညွတ်ခြင်း ကိုင်းခြင်း သဘောသက်ရောက်သည်ကို ညွတ်ခြင်း၊ အာရုံ၌ ညွတ်တတ်သည်ဟု ဆိုပါသည်။

ယင်းနာမ်တရား၏ တရားကိုယ်ကား စိတ်အကျဉ်း (၈၉)အကျယ် (၁၂၁) နှင့်စေတသိက် (၅၂)ပါးဖြစ်သည်။

ယင်းအားလုံးသည် နာမ်တရားများဖြစ်ကြသည်။ (အာရမ္မဏဝိဇာန) အာရုံကိုသိခြင်း သဘောလက္ခဏာအားဖြင့် စိတ်သည်တစ်ပါးသာရှိသည်။

ထိုတစ်ပါးတည်းရှိသောစိတ်ကို -

- ဝေဒနာ၊ သညာ၊ သင်္ခါရအားဖြင့် လည်းကောင်း၊

www.dhammaransi.com



- စက္ခုစသော မိုရာ၊ သမ္မဋ္ဌိစ္ဆိုင်းစသော ကိစ္စအများအပြားအားဖြင့် လည်းကောင်း၊
- ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဓာတ် အပြားအားဖြင့်လည်း ကောင်း၊
- ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာဘုံ အပြားအားဖြင့်လည်းကောင်း၊
- ဈာန်အာရုံမဂ်အပြားအားဖြင့်လည်းကောင်း၊

အကျဉ်း (၈၉)ပါ၊ အကျယ် (၁၂၀) ဟုခွဲခြားစိတ်ပြထားခြင်း ဖြစ်သည်။

## ဝိညာဉ်ဟူသည်

ဝိညာဉ်– ဝိညာဏအာရုံကိုသိခြင်း။

အာရုံကိုသိခြင်းဟူရာ၌ အသိသည် –

- သညာသိ
- ပညာသိ
- ဝိညာဉ်သိ ဟူ၍အသိ (၃)မျိုးရှိသည်။

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မှတ်မိရုံသာ သိခြင်းသည် (မှတ်သိ သိခြင်း) သည်သညာသိ။

- အမှားမရှိ အမှန်အတိုင်း ထိုးထွင်း၍သိခြင်းသည် ပညာသိ။
- အာရုံတစ်ခုခုကို ရအောင်ယူခြင်းသည် ဝိညာဉ်သိ။

(သညာသိ၊ ပညာသိတို့သိပုံမှ တစ်မျိုးတစ်ဖုံထူးခြားသော အသိမျိုးကို ဝိညာဉ်သိ။)

ဥပမာအားဖြင့်ကြည့်သော် –

ကလေးသူငယ်တစ်ယောက်သည် ရွှေကိုကောက်ယူရရှိရာ၌ ရွှေမှန်း မသိ ပြောင်ပြောင်ဝင်းဝင်းရှိသောကြောင့် ပြောင်ပြောင်ဝင်းဝင်းရှိ၏ ဟူသောအသိ လောက်ဖြင့်သာ ကောက်ယူခဲ့၏။

ယင်းရွှေကို အဖိုကိုပြသောအခါ ရွှေမှန်းသိ၏။ အဖိုးတန်မှန်းသိ၏။ သို့သော် ရှစ်မူးငွေ ကိုးမူးငွေ စသည်ဖြင့် ဘယ်နှစ်မူးငွေရှိ၍ အဘယ်မျှ အဖိုးထိုက် တန်သည်ကို ဘာမျှမသိ။

တစ်ဖန် ထိုရွှေကိုပန်းထိမ်သည်အား ပြသရာ ပန်းထိမ်သည်က ရွှေမှန်း

www.dhammaransi.com



လည်းသိ၏။ ဘယ်နှစ်ရေရှိမှန်းလည်းသိ၏။ အဖုံးမည်မျှ ထိုက်တန်သည်ကိုလည်း သိ၏။

- ကလေးသူငယ်အသိကား　　သညာသိ
- မိခင်အသိကား　　ဝိညာဉ်သိ
- ပန်းထိမ်သည်အသိကား　　ပညာသိ

ဤဝိညာဉ်၏ ဆိုလိုရင်းသည်ကား အာရုံကိုယူခြင်းသဘောတရားပင်ဖြစ်ပါသည်။

တရားကိုယ်ကား စိတ် (၈၉) (နာမ်တရားပင်)

## မနောဟူသည်

မနော= မန သိတတ်သောသဘောတရား

သိဟူရာ၌ အာရုံကိုသိခြင်း၊ အာရုံကိုသိတတ်သော သဘောတရားဖြစ်သည်။

ဟဒယဝတ္ထုကို မှီတွယ်နေသည်ဟုဆိုသော်လည်း ဤမနောခေါ်၊ ဝိညာဉ်ခေါ်၊ စိတ်ခေါ်သော အရာဝတ္ထု သဘောတရားကား အာရုံကိုသိမြင်း (ကြိယာသတ္တိ) ကလေးမျှသာဖြစ်သည်။ အကောင်အထည်ဒြပ် မရှိချေ။)

ထို့ကြောင့် ဝေးသောအရပ်၌တည်သော -

အာရုံသို့လည်း သွားတတ်စေသော။

တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်ထသော။

ကိုယ်လည်းမဟုတ်သော။

နှလုံးသားတည်းဟူသော ကိုယ်လျှင်တည်ရာရှိသော။

စသည်ဖြင့် ဘုရားရှင်က သံဃရက္ခိတမယေ်ရှင်ငယ်ကို ဟောကြားခဲ့သည်။ သို့ဖြစ်၍ မနောစသည်ခေါ်သော နာမ်တရာကို ပည်သည့်ကောဋ္ဌာသအတွင်းမျှ ထည့်ရန်မလိုပေ။ သုံးဆယ့် နှစ်ကောဋ္ဌာသ ဆိုသည်မှာလည်း ရုပ်တရားများကိုနာမပညတ်အမျိုးမျိုးဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ရေတွက်ခြင်းဖြစ်၍ နာမ်တရားနှင့် မသက် ဆိုင်ပေ။

ဤမနောခေါ် အကြည်ဓာတ်ကလေးကိုပင် ဘဝင်စိတ်ဟုခေါ်သည်။ ရုပ်ရုံဝသော ပဉ္စာရုံမှတစ်ပါး ဓမ္မာရုံဘို့ ဤမနောအကြည်တွင် ထင်လာသောအခါ

www.dhammaransi.com



စည်လက်ခတ်နှင့် စည့်မျက်နှာပြင်တို့ ထိခိုက်သောအခါတွင် စည်သံထွက်ပေါ်လာသကဲ့သို့ ဤမနောအကြည်နှင့် ဓမ္မာရုံတို့ တိုက်ဆိုင်သော အခါမှသာလျှင် မနောဝိညာဉ်စိတ်တို့သည် ဖြစ်ပေါ်လာရသည်။

အမြဲသိ၍ အမြဲပေါ်နေသည်မဟုတ်ပါ။ ပဉ္စဝိညာဉ်စိတ်တို့သည်လည်း ဤနည်းအတိုင်းပင် အာရုံတစ်ခုခုနှင့် မထိခိုက်လျှင်ကား ဘဝင်စိတ်ဖြစ်၍နေသည်။

ဆိုလိုသည်မှာ ပဋိသန္ဓေစိတ်နှင့် အတူတကွ ဟဒယဝတ္ထုရုပ်ကိုပင် မှီတွယ်၍ နေရသော မနောခေါ် နာမ်အကြည်ဓာတ်ကလေးသည် အကြောင်းမရှိ တိုက်ဆိုင်မှုမရှိက ဘဝင်ကျ (ငြိမ်းသက်)၍ နေသည်။

အကြောင်းတိုက်ဆိုင်ပါမှ ဥပမာမျက်စိနှင့်အဆင်း (စက္ခုနှင့် ရူပါရုံ) တိုက်ဆိုင်သော အခါမှသာ စက္ခုဝိညာဉ်စိတ် (ပျက်သိစိတ်) စသည်တို့ဖြစ်၍ ပြီးလျှင် ချုပ်သွားကြကုန်သည်။

ဓမ္မာရုံတစ်ခုခုနှင့် တိုက်ဆိုင်ရမှ (စိတ်တွင်ကြံစည်မှ) မနောဝိညာဉ်စိတ်ဖြစ်၍ချုပ်သည်။ အမြဲဖြစ်နေ၊ ရှိနေသည်မဟုတ်၊ အမြဲမဖြစ်နေက မရှိသောဟု ဆိုကမဟုတ်ပါ။

နာမ်တရားခေါ်စိတ်သည် (ဝါ) မနောဓာတ် မနောဝိညာဉ်ဓာတ်ကိုကား နှလုံးသားအလယ်တည့်တည့် တစ်လက်မခန့်ရှိသော နှလုံးသွေးအတွင်း ပျံ့နှံ့တည်ရှိသော ဟဒယဝတ္ထုရုပ်ကို အမှီပြု၍နေသည်။ အစိုင်အခဲ အလုံးအပြားဟူသော သဏ္ဌာန်မရှိ။ အာရုံကို သိခြင်း ကြိယာသတ္တိ ထူးမျှသာရှိသည်။

နာမ်တရားခေါ် စိတ်သည် စိတ် (၈၉)ပါးတို့တွင်

စက္ခုဝိညာဉ်ဒွေးသည် စက္ခုဝတ္ထုကို မှီး၍ဖြစ်သည်။

သောတဝိညာဉ်ဒွေးသည် သောတဝတ္ထုကို မှီး၍ဖြစ်သည်။

ဃာနဝိညာဉ်ဒွေးသည် ဃာနဝတ္ထုကိုမှီး၍ ဖြစ်သည်။

ကာယဝိညာဉ်ဒွေးသည် ကာယဝတ္ထုကို မှီး၍ဖြစ်သည်။

ပဉ္စဒွါရဝဇ္ဇန်း- သမ္ပဋိစ္ဆိုင်းဒွေးဟုဆိုအပ်သော မနောဓာတ်သည် ဟဒယဝတ္ထုကို မှီး၍ဖြစ်သည်။

သန္တီရဏစိတ်သုံးပါး၊ မဟာဝိပါတ်စိတ် (၈)ပါး၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ်၊ ဟသိတုပ္ပာဒ်၊ ရူပါဝစရစိတ် (၁၅)ပါး၊ဤ (၃၀)သောမနောဉာဏ်ဓာတ်တို့သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်သည်။ ကြွင်းကုန်သော မဟာစိတ်

www.dhammaransi.com



(၈)ပါး၊ လောဘမူစိတ် (၈)ပါး၊ ဒေါသမူစိတ် (၂)ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ်(၁)ပါး၊ မဟာကြိယာစိတ် (၈)ပါး၊ အရူပကြိယာစိတ် (၄)ပါး၊ သောတာပတ္တိမဂ်မှတစ်ပါး၊ လောကုတ္တရာစိတ် (၇)ပါး။

ဤ (၄၂)ပါးသော မနောဝိညာဉ်စိတ်တို့သည် ခန္ဓာငါးပါးရသော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီး၍ဖြစ်သည်။ နာမ်ခန္ဓာ လေးပါးသာရသော အရူပဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုမရှိသောကြောင့် ဟဒယဝတ္ထုကို မမှီးချေ။ အရူပဝိပါက်စိတ် (၄)ပါးသည် ဟဒယဝတ္ထုကိုမမှီးဟူ၍ သာဖြစ်ကုန်၏။ ရုပ်နာမ်တရားမရှိသော အရူပဘုံ၌ကား (ရုပ်မှီတွယ်ရာမရှိ၍) နာမ်တရားချည်းသက်သက် ကောင်းကင်ယံ၌ ဖြစ်ကြရသည်။

## အသက်ဟူသည်

အသက်ဟူ၍ ခေါ်ဝေါ်အပ်သောအရာကား ဇီဝိတပင် ဖြစ်သည်။

ဇီဝိတ = အသက်ရှင်ခြင်း။

အသက်ရှင်ခြင်းဟူရာ၌ - ဇီဝိတဟူသော သဘောတရားဖြင့်တစ်ကြိမ် ဖြစ်ဖော်ဖြစ်ဖက်ဖြစ်သော သမ္ပယုတ်တရားတို့ကို စောင့်ရှောက်ခြင်း သဘောတရားဖြစ်သည်။ ထိုဇီဝိတသည်ပင်လျှင် တကွ ဖြစ်ဖက်တရားတို့ကို အသက်ရှည်အောင်စောင့်ရှောက်မှု၌ အစိုးတရဖြစ်သောကြောင့် ဣန္ဒြေမည်၍ ဇီဝိတိန္ဒြေဟု ခေါ်ဆိုရသည်။

ဇီဝိတိန္ဒြေ = အစိုးရတတ်သော သဘော၊

ယင်းဇီဝိတိန္ဒြေ (၂)မျိုးရှိသည်။

၁။ ရုပ်ဇီဝိတိန္ဒြေ=တကွဖြစ်ဖက် ကမ္မဇရုပ် (ကံကြောင့်ဖြစ်သောရုပ်) တို့ကိုစောင့်ရှောက်သည့် ယင်းဇီဝိရုပ်ကား တစ်ကိုယ်လုံးပျံ့နှံ့လျက်တည်သည်။

၂။ နာမ်ဇီဝိတိန္ဒြေ = ယှဉ်ဖက် သမ္ပယုတ်တရားတို့ကိုအသက်ရှည်အောင်စောင့်ရှောက်သည့် နာမ်တရားတို့၏ အသက်ပင်ဖြစ်သည်။

အသက်ရှိသော သတ္တဝါတို့၏ အသက်ဟူ၍ ခေါ်ဝေါ်နေခြင်းသည် ဤနှစ်မျိုးသော ဇီဝိတိန္ဒြေကိုပင် ခေါ်ဆိုနေခြင်း ဖြစ်သည်။

ယင်းဇီဝိတိန္ဒြေသည် -

- ရေနှင့်လည်းတူ၏၊
- မီးထိန်းနှင့်လည်းတူ၏။

www.dhammaransi.com



– လှေလှော်သူနှင့်လည်းတူ၏။

ကြာပင်တို့ကို စိမ်းလန်းရှင်အောင် စောင့်ရှောက်ရသောရေသည် ကြာပင်ရှိနိုက်သာ စောင့်ရှောက်နိုင်သည်။ ကြာပင်မရှိက မစောင့်ရှောက်နိုင်သကဲ့သို့တကွဖြစ်ဖက် (သဟဇာတ) တရားတို့ကို မချုပ်မိ (မသေမီ) ထင်ရှားရှိနိုက်သာ စောင့်ရှောက်နိုင်သည်။ ချုပ်မသွားအောင် သေမသွားအောင်ကား မကာကွယ်မစောင့်ရှောက်နိုင်ပေ။

နို့ထိန်းမသည် သူတစ်ပါးကြောင့် ဖြစ်ပေါ်လာရသော သားကိုစောင့်ရှောက်ရသကဲ့သို့ အာရုံ အစရှိသည့်အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာရသော ရုပ်နာမ်တရားကိုသာ အသီးသီးစောင့်ရှောက်နိုင်သည်။ မိမိကိုယ်တိုင် သဟဇာတ တရားတို့ ဖြစ်ပေါ်လာအောင် တာဝန်မယူနိုင်ချေ။

လှေကို တစ်ဖက်ကမ်းကိုပို့သော လှေသမားသည် အဓိကလှေကို သာပို့သည်။ သို့သော် လှေနှင့်တကွ မိမိပါ ပါသွားသောကြောင့် မိမိကိုယ်ကိုလဲ ပို့ရာရောက်နေသကဲ့သို့ ထို့အတူဇီဝိတိန္ဒြေသည် အဓိကစောင့်ရှောက်သည့် ကသဟဇာတ်တရားတို့ကိုစောင့်ရှောက်ရင်းဖြစ်သည်။ သို့သော်ကသဟဇာတ်တရားနှင့်စပ်လျက် ဖြစ်ရသောကြောင့် မိမိကိုယ်ကိုလည်း မိမိပြန်၍ စောင့်ရှောက်ပြီးသားဖြစ်နေရလေသည်။

ဤဇီဝိတိန္ဒြေတို့သည် မိမိတို့နှင့်တကွ ဖြစ်ဖက်တရားတို့ကိုသာ စောင့်ရှောက်ရုံသာမကသေး မိမိတို့ချုပ်ပြီးနောက် ဇီဝိတနှင့်တကွ အလားတူရုပ်နာမ်များ အစဉ်မပျက် ဆက်လက်ဖြစ်ရန်အတွက် (အနန္တရသတ္တိ မျိုးကဲ့သို့ ) ကျေးဇူးပြုခဲ့ကြသေးသည်။

ထိုသို့အဆက်ဆက် ကျေးဇူးပြုခဲ့သောကြောင့်သာလျှင် ကံအရှိန်ရှိသမျှ သေသည့်တိုင်အောင် (ဝါ) နိဗ္ဗာန်ရောက်သည့်တိုင်အောင် အစဉ်မပျက် ဆက်ကာဆက်ကာ ပြန်ဖြစ်နေသေးသည်။

ထို့ကြောင့် ဤဇီဝိတိန္ဒြေနှစ်ပါးကို ရုပ်နာမ် ခန္ဓာအစဉ်၌ အကြီးအချုပ်တရားဟု အဋ္ဌကထာဆရာတို့က မိန့်ဆိုကြပါသည်။

ဤ၌ အသက်ဟူ၍ ခေါ်ဝေါ်သုံးစွဲခြင်းကား ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေ စေတသိတ်တို့ကို တိုက်ရိုက်အားဖြင့် ခေါ်ဝေါ်သုံးစွဲစေခြင်းငှာ (လောကအကြောင်းသို့လိုက်၍) ရုပ်သက်၊ နာမ်သက် စသည်တို့ဖြင့် တွဲဖက်၍ ပြောခြင်းဖြစ်သည်။

www.dhammaransi.com



အမှန်စင်စစ်အားဖြင့် အဘိဓမ္မာသဘာဝအရ ပရမတ္ထတရားတို့တွင် အသက်ဟူ၍ မရှိပါ။ အသက်ကောင်ရှိ၏ဟု ယူဆလျှင်ကား သဿတဒိဋ္ဌိအတွေးဒိဋ္ဌိသို့သက်ဝင်သွားရာရောက်ပေလိမ့်မည်။

ဗုဒ္ဓဒေသနာအရ ပဋိသန္ဓေစိတ်၏ ဋ္ဌီခဏာကစ၍ ဖြစ်ခဲ့ပြီးသော ရုပ်တို့ ထဲရှိဥတုဟူခေါ်သော တေဇောဓာတ်သည် စိတ်၏ဥပါဒ်ဋ္ဌီဘင် ခဏတိုင်း ဥတုဇရုပ်ကိုဖြစ်ပွားစေသည်။

စင်စစ် ဥတုဟူသည် သာမည၊ တရားကိုယ်အားဖြင့် ရုပ်ကာကပ်တိုင်း ရုပ်ကလပ်တိုင်းမှာ ပါရှိသော မီးဓာတ် (တေဇော)ကိုခေါ်သည်။

(ထိုတေဇောဓာတ်(ဂါ)အပူဓာတ်သည်ပင်အသက်ဟုဆိုရမည်ဖြစ်သည်။)

ယင်းအသက်နှင့် ပတ်သက်၍ မူလပဏ္ဏာသ၊ စူဠယမကဝဂ်၊ မဟာဝေဒလ္လသုတ်၌ အရှင်မဟာကောဋ္ဌိကသည် ရှင်သာရိပုတ္တရာအား မေးလျှောက်ခဲ့သည်။

"ငါ့ရှင် အသက်ဇီဝိတိန္ဒြေသည် အဘယ်ကိုစွဲ၍ တည်သနည်း"

" ငါ့ရှင် ဇီဝိတိန္ဒြေသည် ကိုယ်ငွေ့၊ ကမ္မဇတေဇောဓာတ်ကို စွဲ၍တည်ပါသည်"

" ငါ့ရှင် ကိုယ်ငွေ့ကမ္မဇ တေဇောဓာတ်သည် အဘယ်ကို စွဲ၍တည်ပါသနည်း"

"ငါ့ရှင် ကိုယ်ငွေ့ ကမ္မဇတေဇောဓာတ်သည် အသက်ဇီဝိတိန္ဒြေကို စွဲ၍ တည်၏"

" ငါ့ရှင် ဇီဝိတိန္ဒြေသည် ကိုယ်ငွေ့ကမ္မဇတေဇော ဓာတ်ကိုစွဲ၍တည်၏။ ကိုယ်ငွေ့ကမ္မဇ တေဇောဓာတ်သည် ဇီဝိတိန္ဒြေကိုစွဲ၍တည်၏ဟု ယခုပင် အရှင်ပြောသည်ကို သိရပါ၏။ အရှင် ဤစကား၏ အနက်အဓိပ္ပာယ်ကို အဘယ်ကဲ့သို့ သိမှတ်ရမည်နည်း"

"ငါ့ရှင် ဤသို့ဖြစ်လျှင် သင့်အား ဥပမာပြုအံ့။ ဤလောက၌ ဥပမာအားဖြင့် အချို့သော ပညာရှိယောကျ်ားတို့သည် ပြောဆိုသောစကား၏ အနက်အဓိပ္ပာယ်ကို သိကုန်၏။ ငါ့ရှင်တောက်လောင်နေသော ဆီမီး၏ မီးလျှံကိုစွဲ၍ အလင်းရောင်သည် ထင်ရှားသကဲ့သို့ အလင်းရောင်ကို စွဲ၍စွဲ၍ မီးလျှံသည် ထင်ရှားသကဲ့သို့ ဤအတူတူပင် အသက်ဇီဝိတိန္ဒြေသည် ကိုယ်ငွေ့ကမ္မဇတေဇော

www.dhammaransi.com



တတ်ကိုစွဲ၍တည်၏။ ကိုယ်ငွေ့ကမ္ဘာတေဇောဓာတ်သည် အသက်ဇီဝိတိန္ဒြေကိုစွဲ၍ တည်၏။

ဤအမေးအဖြေအရ အသက်နှင့် ကမ္ဘာတေဇောဓာတ်သည် အညမည ဖြစ်လျက်ရှိသည်ကို မှတ်ရပါမည်။

## လိပ်ပြာဟူသည်

ဤလိပ်ပြာဟူသော ဝေါဟာရသည် ဗုဒ္ဓဘာသာ သာသနာတော်၏ အခေါ်အဝေါ်မဟုတ်ပါ။ သာသနာပဒိဋ္ဌိတို့၏ ကြံဆသုံးစွဲခဲ့သော "ဇီဝ-အတ္တ" ခေါ်အမည်ထူး၏ ဝေါဟာရစကားဖြစ်ပါသည်။

ယင်းတို့၏ ဇီဝအတ္တကိုလိပ်ပြာဟူ၍ အမည်တစ်မျိုးတစ်ဖုံ အဆင့်ဆင့် သုံးစွဲခဲ့ခြင်း ဖြစ်သည်။

ယင်းတို့၏ အယူအဆမှာ မျက်စိ၊ နား၊ နှာ၊ အင်္ဂါ၊ ခြေ၊ လက်နှင့် တကွ ခန္ဓာတစ်ခုလုံး အတ္တ(လိပ်ပြာ)၏ အဆောက်အအုံကြီး၊ အတ္တ(လိပ်ပြာ) ၏တည်နေရာ အိမ်ကြီးဖြစ်၏။

အတ္တ(လိပ်ပြာ)ကား ကိုယ်အိမ်၌ တည်လျက် အမျိုးမျိုးသော အမှုကို ပြု၏။ အချို့ဆရာတို့ကမူ ထိုအတ္တ (လိပ်ပြာ) သည် နှလုံးအိမ်၌ တည်နေ၏။ ပရမာ အနုမြူခန့်ရှိ၍ အလွန်သေးငယ်သည်ဟု ယူဆကြ၏။

အချို့ဆရာတို့ကမူ သားမြီးဖျားကို အစိတ်တစ်ရာ စိတ်၍ တစ်စိတ်မျှ ပမာဏရှိသည်ဟု ယူဆကြ၏။ အချို့ဆရာတို့ကမူ ခန္ဓာကိုယ်ကိုလိုက်၍ ခန္ဓာ ကိုယ်ကြီးလျှင် အတ္တ(လိပ်ပြာ) ကြီး၍ ခန္ဓာကိုယ်သေးလျှင် အတ္တ(လိပ်ပြာ)သေး၍ ခန္ဓာကိုယ်ပမာဏ ရှိသည်ဟု ယူဆကြသည်။

အချို့ဆရာတို့ကမူ ခန္ဓာကိုယ်အတွင်း၌ ထွက်သက်-ဝင်သက်လေတို့ သွားရာ အကြောမကြီး နှစ်ခုရှိ၏။ ယင်းသည် လက်ဝဲလက်ယာ တစ်ဖက်တစ်ချက် ၌တည်၏။ အခြားသော အကြောမကြီး တစ်ခုကား အသက်သို့တည့်တည့်မတ် မတ်တက်သွား၍ ဦးခေါင်းတွင်ရှိသော အပေါက်တစ်ခုသို့ ဆိုက်ရောက်၏။ ထိုအပေါက်ဖြင့် ထွက်သွားသော အတ္တ(လိပ်ပြာ) သည်ဗြဟ္မာပြည်သို့ ရောက်သွား သောကြောင့် ထိုဦးထိပ်ရှိ အပေါက်ကို ဗြဟ္မာရန္ဓ 'ဗြဟ္မာပြည်သွားရာလမ်းပေါက်' ဟုခေါ်သည်။

www.dhammaransi.com



ထိုအကြောသုံးခု၏ အလယ်တည့်တည့်ဝယ် လရောင်နှင့်တူသော အရောင်ဝိုင်းရှိ၏။ ထိုအရောင်ဝိုင်း၏ အလယ်၌ အတ္တ(လိပ်ပြာ) သည် လေငြိမ်းရာ၌ထွန်းအပ်သော ဆီမီးကဲ့သို့ မလှုပ်မရှက်တောက်ပလျက်ရှိသည်ဟု ယူဆပါသည်။

ဤသို့လျှင် ရုပ်နာမ်ဓမ္မ ပရမတ္ထကို မသိကြသော ဗုဒ္ဓသာသနာပြင်ပမှပုဂ္ဂိုလ်များသည် ပုံသဏ္ဌာန်အမျိုးမျိုး တည်နေရာ အဖုံဖုံဖြင့် အတ္တ(လိပ်ပြာ)ကို ကြံဆခဲ့ကြသည်။ ယင်းသို့ကြံဆသောအတ္တကိုပင် အဆင့်ဆင့်ပြောင်း လဲဆက်နွယ်၍ဒေသဘာသာစကားဖြင့် လိပ်ပြာဟူ၍ ခေါ်ဝေါ် သမုတ်ကြခြင်း ဖြစ်သည်။

ယင်းလိပ်ပြာကိုပင် ဗုဒ္ဓဘာသာတရားကို လေးနက်စွာ မသိကြသော မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့က

- မည်သည့်အမျိုးသမီးသည် လိပ်ပြာလုသဖြင့် နတ်ကတော်ကောက်သည်။
- ကလေးလိပ်ပြာ လန့်သွားလိမ့်မည်။
- အမိသေဆုံးသွားသော ကလေးငယ်ကို လိပ်ပြာခွဲသည်ဟူ၍ အမျိုးမျိုးအဖုံဖုံ သုံးစွဲ၍ ခေါ်ဝေါ်နေသည်ကို တွေ့ရပါသည်။

## သုံးဆယ်နှစ်ကောဋ္ဌာသတွင် ပါဝင်မှု

လိပ်ပြာဟူသော ဝေါဟာရအမှန်မှာ ဇီဝိတိန္ဒြေကိုပင် ခေါ်ဆိုခြင်းဖြစ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သော နာမ်၊ ဝိညာဉ်၊ မနော၊ အသက်၊ လိပ်ပြာဟူသော ဝေါဟာရတို့ကို အကျဉ်းချုပ်ကြည့်သော်-

| | | |
|---|---|---|
| ၁။ | နာမ်-စိတ် + စေတသိတ် | (နာမ်တရား) |
| ၂။ | ဝိညာဉ်-စိတ် | (နာမ်တရား) |
| ၃။ | မနော-စိတ် | (နာမ်တရား) |
| ၄။ | အသက်-ဇီဝိတ-ရုပ် + စေတသိတ် | (ရုပ်+နာမ်) |
| ၅။ | လိပ်ပြာ | (သာသနာပ၏ဝေါဟာရ) |

ဤသို့အားဖြင့် သဘောတူရာ ပေါင်းလိုက်သော် နာမ်၊ ဝိညာဉ် မနောကား နာမ်တရားသက်သက်သာ ဖြစ်သည်။

အသက်ကား ရုပ် + နာမ် နှစ်ပါးဖြစ်သည်။

www.dhammaransi.com



လိပ်ပြာကား ဗုဒ္ဓဘာသာသာသနာပတို့၏ ဝေါဟာရဖြစ်သည်။

ဤသို့လျှင် ထူးခြားချက်ကို သိအပ်သည်။

အထက်ပါတို့ကို အဘယ်ကောဋ္ဌာသတွင် သွင်းရမည်ဆိုသော် အသက်ဟူသော ရုပ်ဇီဝိတိန္ဒြေသည် ကာယပသာဒရုပ်နှင့် ဘာဝရုပ်တို့တည်နေရာ (ခြောက်သွေ့သော ဆံပင်အဖျား၊ မွေးညှင်းအဖျား၊ ခြေသည်း၊ လက်သည်းဖျားမှအပ) တစ်ကိုယ်လုံးပျံ့နှံ့တည်ရှိနေသည်။

## ဟဒယဝတ္ထု (နှလုံးအိမ်)ဟူသည်

နှလုံးသားတည်းဟူသော ရုပ်ပါသည့်အတွက် ထိုထိုကောင်းကျိုးဆိုးကျိုးကို ပြည့်စုံစေနိုင်သော ရုပ်ကိုဟဒယဟုခေါ်သည်။

ထိုနှလုံးသား၏ အလယ်တွင် ပုန်းညက်စေ့ခန့် ပမာဏရှိသော တွင်းငယ်၌ တည်ရှိသော သွေးများကို ပျံ့နှံ့လျက် တည်ရှိပုံကို သိရသည်မှာ -

တစ်စုံတစ်ခု စိတ်မချမ်းမြေ့ဖွယ် ဖြစ်သည့်အခါတို့၌ စိတ်မှာအပူဓာတ်သည်မှီရာဝတ္ထုကို ကူးစက်၍ ထိုရုပ်ဝတ္ထုရုပ်မှ အပူဓာတ်လည်း ဝတ္ထုရုပ်တည်ရာ သွေးများနှင့်တကွ နှလုံးအိမ်မှ ကူးစက်သဖြင့် ရင်ပူလာပုံကို လည်းကောင်း၊

ပြင်းထန်သော အမြောက်ဆန်စသည်တို့ကို ကြားသည့်အခါ၌ လည်းကောင်း၊

တစ်စုံတစ်ယောက်က ခြောက်လှန့်သည့်အခါတို့၌ လည်းကောင်း စိတ်ဓာတ်တုန်လှုပ်သဖြင့် နှလုံးသွေးနှင့် ရင်များခုန်နေပုံကိုလည်းကောင်း၊

အပြင်းအထန် သောကနှိပ်စက်သည့်အတွက် ရင်ကွဲနာကျရသည်ကို လည်းကောင်း၊ အလွန်ပျော်ရွှင်သည့် အခါ၌ ရင်ထဲမှ တစ်မျိုးတစ်ဖုံဖြစ်နေသည်ကိုလည်းကောင်း။

ယင်းတို့ကို ထောက်ဆ၍ စိတ်၏မှီရာ ဤရုပ်ဝတ္ထု (ဟဒယ) သည် နှလုံးအိမ်အတွင်းဝယ် တည်ရှိသည်ဟု ယုံကြည်ရလေသည်။ ဤနှလုံးအိမ် ဟဒယအတွင်းမှာ တည်ရှိသောကြောင့်ပင် ဤဝတ္ထုရုပ်ကို ဟဒယဝတ္ထုဟု အမည်တပ်ထားပါသည်။

ယင်းဟဒယဝတ္ထုသည် မနောဓာတ်၊ မနောဝိညာဏဓာတ် (နာမ်တရား + နာမ်အသိတရား) ဟူသော ဓာတ်နှစ်ပါးတို့၏ တည်ရာမှီရာ ဖြစ်ကြသည်။

www.dhammaransi.com

# အခန်း(၂)
# စိတ်ဖြစ်စဉ်အထွေထွေ

## စိတ်ဟူသည်

သိတတ်သော သဘောလေးကို ဝိညာဏ်ဓာတ် ဟုခေါ်သည်။

ထိုဝိညာဏ်ကလေးကိုပင် မကြာခဏ မကြာစည်နိုင်ရာ၊ အလွန်တရာ ဆန်းကျယ်သော သဘောကလေးဖြစ်၍ စိတ်ဟူ၍ခေါ်ပါသည်။

ယင်းစိတ်သည် ဝတ္ထုအထည်ဒြပ်မရှိ၊ သိခြင်း ကြိယာသတ္တိကလေးမျှ သာဖြစ်သည်။ ယင်းကိုဝေါဟာရအားဖြင့် မနောဝိညာဏ်စိတ်ဟူ၍ ခေါ်ဝေါ်နေကြသည်။ နှလုံးဘူးလိုဏ်အတွင်း၌ ကိန်းအောင်းတည်နေသော ဤစိတ်ကလေးသည် ဝတ္ထုကိုယ်ထည်မရှိ၊ အညစ်အကြေးမဟုတ်၊ ညစ်နွမ်းသော သဘောမဟုတ် ဖြူဖြူစင်စင် ပြောင်ပြောင်လက်လက် သဘောကလေးဖြစ်သည်။

စိတ်ကိုမှီတွယ်သော တရားများ

ဖြူစင်ပြောင်လင်းသော စိတ်ဓာတ်ကလေး၌ -

- အာရုံသဘောကို တွေ့ထိခြင်း (ဖဿ) သဘော
- အာရုံ၏သဘောကို ခံစားခြင်း (ဝေဒနာ) သဘော
- အာရုံကိုမှတ်သားခြင်း (သညာ) သဘော
- မိမိနှင့်အတူနေ တရားတို့ကို စေ့ဆော်တိုက်တွန်းခြင်း (စေတနာ) သဘော

ဤသို့အစရှိသော သဘောမျိုးပေါင်း (၅၂)ခု၊ စေတသိက် (၅၂)ခုတို့ သည်မှီကွယ်၍နေခဲ့ကြသည်။

www.dhammaransi.com



# စိတ်ကိုမှီတွယ်သောတရားများ

တန်ခိုးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အညို၊ အမည်း၊ အဖြူ၊ အနီ၊ အဝါ၊ အစိမ်း အစရှိသော အရောင်ကြီးပေါင်း (၅၂)မျိုးရှိသော ပတ္တမြားကျောက်တုံးတစ်ခုကို တန်ဆာဆင်ပြုလုပ်၍ ထိုအမျိုးမျိုးသော အရောင်တို့ကို ထစေတတ်သောမှန်ပြောင်း အမျိုးမျိုးတို့ကို ပြုလုပ်ထားသည်။

အဖြူရောင် ထစေတတ်သော မှန်ပြောင်းဖြင့်ပြလိုက်လျှင် အဖြူရောင်ထ၏။ ထွန်းလင်းတောက်ပ၏။ ထိုအဖြူရောင်နှင့် လိုက်လျောနိုင်၊ သဘောတူသောအရောင်တို့သည်လည်း ထကြ၏။ ထွန်းလင်းကြ၏။

ထိုအခါ အဖြူရောင်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သော အမည်းမှောင်မှောင်သည် မထနိုင် မထွန်းပနိုင်ဘဲ ပတ္တမြားခဲ၌ ငုပ်လျှိုးကွယ်ပျောက်နေ၏။ ထိုအမည်းအမှောင်နှင့် လိုက်လျောနိုင်သော သဘောတူသော အရောင်တို့သည်လည်း ကိန်းငုပ်နေသည်။

အလားတူပင် အနီရောင်ထအောင် ပြ၍ထလျှင် ထိုအရောင်နှင့် ဆန့်ကျင်ဘက်အရောင်တို့သည် ငုပ်လျှိုးကွယ်ပျောက်ရသည်။

ဤဥပမာအတူ ဝိညာဉ်ဟူသော စိတ်ဓာတ်ကလေးတစ်ခုဝယ် စိတ်ကိုမှီသော (စေတသိက်) အရောင်ပေါင်း၊ သဘောကလေးပေါင်း (၅၂)ခု အကုန်လုံး စွဲကပ်မှီနေပါသည်။

– ပတ္တမြားကျောက်တုံးနှင့် စိတ်ဓာတ်ကလေးတူသည်။

– အရောင်ကြီးများနှင့် စေတသိက်များတူသည်။

စိတ်၌ စေတသိက် (၅၂)လုံးမှီတွယ်နေသော်လည်း (၅၂)ပါးလုံး တစ်ပြိုင်နက်စိတ်သန္တာန်၌ ထင်ရှားစွာ မထနိုင် မဖြစ်ပေါ်နိုင်ချေ။

စိတ်သန္တာန်၌ သူ့အကြောင်း တွေ့ကြုံလာ၍ တစ်ခုသော တရားထင်ရှားစွာ ဖြစ်ပေါ်လာလျှင် ထိုထင်ရှားဖြစ်ပေါ်လာသော တရားနှင့်ဆန့်ကျင်ဘက်တရားတို့သည် စိတ်သန္တာန်ဝယ် ကိန်းဝပ်ငုပ်လျှိုးနေကြသည်။

ဥပမာ ။ ။ လောဘတရားကား နှစ်သက်လိုချင်သော စွဲလမ်းသောသဘော။
ဒေါသတရားကား မနှစ်သက်ဘဲ ရွံသော မုန်းသော သဘော။
လောဘနှင့် ဒေါသသည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သည်။
လောဘအာရုံ ဟူသောမှန်ပြောင်းဖြင့် ပြလိုက်လျှင် စိတ်သန္တာန်၌

www.dhammaransi.com



လောဘဟူသော အရောင်ထသည် ထွန်းလင်းသည်။

ထိုလောဘနှင့် လိုက်လျောနိုင်သော သဘောတူသော ဒိဋ္ဌိမာနအစရှိသောအရောင်တို့သည်လည်း ထကြသည်။ ထွန်းလင်းကြသည်။

ထိုအခါ ဒေါသနှင့် နောက်လိုက်အသင်းအပင်းများ စိတ်သန္တာန်၌ ငုပ်လျှိုးကွယ်ပျောက်နေ၏။

ထို့နည်းတူ ဒေါသအာရုံမှန်ပြောင်းပြလျှင် ဒေါသဟူသော အရောင်ထသည်။ ထိုဒေါသနှင့် လိုက်လျောသော ဣဿာမစ္ဆရိယ များလည်းထကြသည်။

ထိုအခါ လောဘနှင့် နောက်လိုက်အပေါင်းအသင်းများ စိတ်သန္တာန်၌ငုပ်လျှိုးနေ၏။

ဤလောဘ၊ ဒေါသ၊ မောဟ အရောင်တို့နှင့် နောက်လိုက်အပေါင်းအသင်းတို့သည် ညစ်ထေး မည်းမှောင်သော အရောင် မကောင်း ယုတ်မာသော သဘောတရားတို့ ဖြစ်ပေသည်။

သဒ္ဓါ၊ သတိ၊ အလောဘ၊ အဒေါသစသော စေတသိက်တို့သည်ကား ဖြူစင်ပြောင်လက်သောအရောင် သဘောတရားများဖြစ်ကြပါသည်။ ထိုတရားများ ထွန်းလင်းတောက်ပသော အကုသိုလ် အမည်းအမှောင်တရားများ ငုပ်လျှိုးပျောက်ကွယ်နေ၏။

စိတ်ကိုမှီတွယ်နေသော စေတသိက် (၅၂)ပါးတွင်

- တွေ့ထိခြင်း ဖဿ
- ခံစားခြင်း ဝေဒနာ
- မှတ်သားခြင်း သညာ
- စေ့ဆော်ခြင်း စေတနာ
- ကြံစည်ခြင်း ဝိတက်
- သုံးသပ်ခြင်း ဝိစာရ
- အားထုတ်ခြင်း ဝိရိယာ
- အလိုရှိခြင်း ဆန္ဒ
- နှစ်သက်ခြင်း ပီတိ

တို့သည် ကုသိုလ်သက်သက်လည်းမဟုတ်၊ အကုသိုလ်သက်သက်လည်းမဟုတ်ကြပေ။ ကုသိုလ် အကုသိုလ်တို့နှင့် လိုက်လျောညီထွေနေကြသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ကုသိုလ်တရားတို့နှင့်လည်းပြိုင်ထ၏။ အကုသိုလ်တရားတို့နှင့်လည်း ပြိုင်ထ၏။

ကုသိုလ်တရားတို့နှင့် ပြိုင်ထခိုက် ကုသိုလ်တရားတို့နှင့် သဘောတူ၏။

အကုသိုလ်တရားတို့နှင့် ပြိုင်ထခိုက် အကုသိုလ်တရားတို့နှင့် သဘောတူ၏။ တစ်ခါတရံ ဤစိတ်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် အားငယ်သည်။ သေးငယ်သည်။ ထိုအခါ စိတ်သန္တာန်၌ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ၊ ဝိတက်၊ ဝိစာရ၊ ဝီရိယ အစရှိသော အားကောင်းထွားကျိုင်းသော စေတသိက်တို့မထနိုင်၊ မထွန်းလင်းနိုင်ပါ။ ဝပ်၍ ငုပ်နေတတ်သည်။

စိတ်ကဲ့သို့အားကောင်းခြင်း၊ အားညံ့ခြင်း၊ သေးငယ်ခြင်း၊ ကြီးထွားခြင်း၊ အစားစားခြင်းဖြစ်၍ စိတ်နှင့်လိုက်လျောနိုင်သည်။ ဖွဲ့ကောင်းသည့် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ စသော တရားတို့သည်သာ အမြဲထလျက် ထွန်းလင်းလျက် ရှိပါသည်။

## စိတ်အထွေထွေခေါ်ပုံ

- လောဘထင်ရှားစွာ ပေါ်ခိုက် လောဘမူစိတ်
- ဒေါသထင်ရှားစွာပေါ်ခိုက် ဒေါသမူစိတ်
- မောဟထင်ရှားစွာပေါ်ခိုက် မောဟမူစိတ်
- အကုသိုလ်တရား ထင်ရှားစွာပေါ်ခိုက် အကုသိုလ်စိတ်
- အလောဘစသော ကုသိုလ်တရားတို့ ထင်ရှားစွာပေါ်ခိုက် ကုသိုလ်စိတ်
- အာသဝေါကုန်ပြီးသော ပုဂ္ဂိုလ်သန္တာန်၌ ဤကုသိုလ်စိတ်ကိုပင် အကုသိုလ် မကောင်းယုတ်မာမှုကို ဖယ်ရှားဖျက်ဆီးမှု အလုပ်ကိစ္စ မရှိခြင်းကြောင့် သန့်စွမ်းသော အမှုအရာကြိယာမျှပါရ ရှိမှုကိုစွဲ၍ ကြိယာစိတ်၊
- တစ်စုံတစ်ခုသော အကြောင်းကြောင့် စိတ်သည် သေးငယ်အားညံ့၍ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟဟူသော စိတ်ခြောက်ပါးမထနိုင်၊ မလွန်နိုင်ဘဲ ကွယ်ငုပ်နေသော အခိုက်ကို ဟိတ်တရား မထင်ရှားသောကြောင့် အဟိတ်စိတ်။
- အပြုအမူကြိယာမျှပါရ ကင်းသောစိတ်ကို ကံ၏ အာနုဘော်အစွမ်းအားလျော်စွာ ငြိမ်သက်စွာဖြစ်၍ နေခြင်းကြောင့် ဝိပါက်စိတ်၊ ဤဝိပါတ်စိတ်ထဲ၌ အလောဘစသော ဟိတ်တရားစုပါလျှင် သဟိတ်ဝိပါက်စိတ်။

www.dhammaransi.com



- စိတ်ကိုပင်လျှင် ကာမဘုံ ကာမတဏှာ မကျော်လျှင် ကာမာဝစရစိတ်။
- ကာမဘုံ ကာမတဏှာကို လွန်၍ရူပဘုံ ရူပတဏှာ၌ တည်နေခိုက်အရူပ စိတ်။
- ကာမရူပ၊ အရူပဟူသော လောကသုံးပါးမှ လွန်လျှင်လောကုတ္တရာစိတ်။
- ဈာန်ကိုစွပြီးစီး၍ ဈာန်တရားထင်ရှားရှိခိုက်၊ ဈာန်စိတ်။
- မဂ်ကိုစွပြီးစီး၍ မဂ်တရားထင်ရှားရှိခိုက် မဂ်စိတ်။
- မဂ်တရားကို ထင်ရှားငြားသော်လည်း ပြုဖွယ်ကိစ္စမရှိခဲ့လျှင် မဂ်အာနုဘော် အစွမ်း အားလျော်စွာ ဖြစ်ခိုက်ဖိုလ်စိတ်။

ဥပမာ လူတစ်ယောက်တည်းကိုကပင်

- အဝတ်ဖြူကို ဝတ်လျှင်မောင်ဖြူ
- အဝတ်နီကို ဝတ်လျှင် မောင်နီ
- အဝတ်မည်းကိုဝတ်လျှင် မောင်မဲ

ခေါ်ဆိုဘိသကဲ့သို့ ဤစိတ်တစ်မျိုးတည်းကိုပင် အမည်အမျိုးမျိုး ခေါ်ဝေါ်နေပါသည်။

## စိတ်တို့၏ ပြုမှုအားထုတ်မှုများ

ပဋိစ္စသမုပ္ပာဒ်၌သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဟုဆိုထားသည်။ သင်္ခါရသည် ပြုမှုအားထုတ်ခြင်းဖြစ်သည်။ ယင်းသင်္ခါရသည်

၁။ ပုညာဘိသင်္ခါရ

၂။ အပုညာဘိသင်္ခါရ

၃။ အာနဉ္စာဘိသင်္ခါရဟူ၍ (၃)မျိုးရှိသည်။

ပုညာဘိသင်္ခါရဆိုသည်မှာ ပဓာနအားဖြင့် ဖြူစင်မြင့်မြတ်သော ဘဝကိုဖြစ်သော (၀) ကုသိုလ်ကောင်းကျိုးကို ဖြစ်စေသော ပြုမှုအားထုတ်မှု ကုသိုလ်ကံ ပင်ဖြစ်သည်။

ယင်းပုညာဘိသင်္ခါရသည် –

– ကာမာဝစရကုသိုလ်စိတ် (၈)ခု၊

– ရူပါဝစရကုသိုလ်စိတ် (၅)ခု၊

တို့ကိုပြုမှုအားထုတ်ခြင်းဖြစ်သည်။

www.dhammaransi.com



# ကာမာဝစရကုသိုလ်စိတ် (၈)ပါး

၁။ ဝမ်းမြောက် ဝမ်းသာဖြစ်သော ဉာဏ်နှင့်ယှဉ်သော မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသောစိတ်။

၂။ ဝမ်းမြောက် ဝမ်းသာဖြစ်သော ဉာဏ်နှင့်ယှဉ်သော တိုက်တွန်းပြီးမှ ဖြစ်သောစိတ်၊

၃။ ဝမ်းမြောက်ဝမ်းသာဖြစ်သော ဉာဏ်နှင့်မယှဉ်သော မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသောစိတ်။

၄။ ဝမ်းမြောက် ဝမ်းသာဖြစ်သော ဉာဏ်နှင့်မယှဉ်သော တိုက်တွန်းပြီးမှဖြစ်သောစိတ်။

၅။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော ဉာဏ်နှင့်ယှဉ်သော မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသောစိတ်။

၆။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော ဉာဏ်နှင့်ယှဉ်သော တိုက်တွန်းပြီးမှဖြစ်သောစိတ်။

၇။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော ဉာဏ်နှင့်မယှဉ်သော မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသောစိတ်။

၈။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော ဉာဏ်နှင့်မယှဉ်သော တိုက်တွန်းပြီးမှ ဖြစ်သောစိတ်။

- ပေးလှူခြင်း၊ ကူညီရိုင်းပင်းခြင်း၊ အလုပ်တာဝန်ဆောင်ရွက်ခြင်း၊ တရားအားထုတ်ခြင်းအစရှိသော ပြုမှုအားထုတ်ခြင်းတို့၌ အကယ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်က ထိုဖြစ်သောစိတ်သည် သောမနဿစိတ်။
- ပေးလှူခြင်းအစရှိသော ပြုမှုအားထုတ်မှုတို့၌ အကယ်၍ဝမ်းမသာဘဲ သာမန်ရိုးရိုးစိတ်ဖြစ်က ထိုစိတ်သည်ဥပေက္ခာစိတ်။
- ပေးလှူခြင်းအစရှိသော အပြုအမူအားထုတ်မှုတို့၌ သောမနဿစိတ်ဖြစ်သည်ဖြစ်စေ၊ ဥပေက္ခာစိတ်ဖြစ်သည် ဖြစ်စေ၊ ထိုပေးလှူမှု အစရှိသည်တို့သည်ကုသိုလ်ဖြစ်စေသည်။ ကောင်းကျိုးပေးတတ်သည်ဟု ဉာဏ်နှင့်ယှဉ်သောစိတ်ဖြစ်ပေါ်လာပါက ဉာဏသမ္ပယုတ်စိတ်။

ဉာဏ်နှင့်ယှဉ်သောစိတ်သည် တိဟိတ်ပဋိသန္ဓေ အကျိုးကိုပေးနိုင်၍ ယခုဘဝတွင် မဂ်ဖိုလ်ရနိုင်သည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထိုသို့မဟုတ်ဘဲ ပေးလှူခြင်း အစရှိသည်တို့ကို ပြုမှုအားထုတ်ရာ၌ ကုသိုလ်ဖြစ်မှန်းမသိ၊ အကုသိုလ် ဖြစ်မှန်းလည်းမသိ၊ ထိုစိတ်နှင့်ယှဉ်၍ ဉာဏ်စိပ္ပယုတ်စိတ်။

ထိုဉာဏ်နှင့်မယှဉ်သော စိတ်သည် ဒွိဟိတ်ပဋိသန္ဓေ အကျိုးလောက်ကို သာပေးတတ်သည်။ ထိုသို့ ဉာဏ်နှင့်မယှဉ်သော စိတ်ဖြင့် ပြုမှုအားထုတ်မှုသည် လောကီဘက်တွင် အကျိုးပေး ထက်သန်သော်လည်း ပဋိသန္ဓေဉာဏ်မပါခဲ့သော ကြောင့်ထိုဘဝတွင် မဂ်ဖိုလ်တရားထူးတို့ကို ရနိုင်လောက်အောင် အကျိုးမပေးချေ။

ပေးလှူခြင်းအစသည်တို့ကို ပြုမှုရာ၌တစ်ပါးသူကဖြစ်စေ မိမိကိုယ်တိုင်ကဖြစ်စေ မတိုက်တွန်းရဘဲ အစကပင် ထက်သန်သောစိတ်ဖြစ်က သင်္ခါရိကစိတ်။

သူတစ်ပါးကဖြစ်စေ မိမိကိုယ်တိုင်ကဖြစ်စေ တိုက်တွန်းပြီးမှ ပေးလှူလိုခြင်း စသည့်စိတ်ဖြစ်လျှင် ထိုစိတ်သည် သသင်္ခါရိကစိတ်။

ကုသိုလ်ကောင်းမှုနှင့်ဆိုင်ရာတို့ကို ပြုတိုင်းအထက်ဖော်ပြပါ (၈)မျိုး အနက်မှ တစ်မျိုးမျိုးသော စိတ်ဖြင့်ပြုခြင်း၊ ပြောခြင်း၊ ကြံစည်ခြင်းဖြစ်သည်။

## ရူပါဝစရကုသိုလ်စိတ် (၅)ပါး

ရူပါဝစရကုသိုလ်စိတ် (၅)ပါးမှာ ရူပဈာန်များအတွက် အားထုတ်မှု သင်္ခါရ၌ ပါဝင်သော စိတ်ဖြစ်သည်။ ယင်းစိတ်များမှာ –

- ဝိတက် = စိတ်ကိုအာရုံပေါ်သို့ရောက်အောင် တင်ပေးနိုင်ခြင်းသဘော။
- ဝိစာရ = ဝိတက်တင်ပေး၍ ရောက်ပြီးသောစိတ်ကိုထိုအာရုံပေါ်မှ ဆုတ်လန် မသွားရအောင် မကျအောင်ပေးမကာဆီး ပင့်တင်ခြင်းသဘော။
- ပီတိ = နှစ်သက်ခြင်းသဘော။
- သုခ = ကိုယ်စိတ်ရွှင်လန်းခြင်းသဘော။
- ဧကဂ္ဂတာ= စိတ်၏ တည်ကြည်ငြိမ်သက်ခြင်းသဘော။

ဤဈာန်အင်္ဂါငါးပါးနှင့်တစ်ကွ ဖြစ်သည်။ ဈာန်အင်္ဂါများကို တစ်ခုစီ ပယ်ခြင်းဖြင့် ပထမဈာန်မှ ဒုတိယဈာန်၊ ဒုတိယဈာန်မှ တတိယဈာန် စသည်ဖြင့် ပဥ္စမဈာန်အထိ တက်နိုင်သည်။

ပဥ္စမဈာန်သို့ရောက်သောအခါ ဈာန်အင်္ဂါများ၊ ဥပေက္ခာနှင့်ဧကဂ္ဂတာ

www.dhammaransi.com

စာကြည့်တိုက်
ရက်စွဲ

ဟူသော အင်္ဂါနှစ်ပါးသာ ဖြစ်သည်။

ပထမစျာန်မှ ပဉ္စမစျာန်အထိ ငါးပါးသော စျာန်တို့ကိုရူပစျာန်ဟုခေါ်သည်။

ကမ္မဋ္ဌာန်းအာရုံတစ်ခုကို တစ်ကြိမ်တည်း စူးစူးစိုက်စိုက် ရှုနေသောအခါ ပဋိဘာဂနိမိတ် ထင်ပေါ်လာသည်။ ထိုနိမိတ်ကို တဖြည်းဖြည်း ခိုင်မြဲတည်ကြည်သောသမာဓိဖြင့် လက်ခံရာမှ ထိုထက် တည်ငြိမ်ခိုင်ခံ့သော အပ္ပနာသမာဓိသို့ တက်သွားသောအခါ ပထမဆုံးသော စျာန်စိတ် (ပထမစျာန်)ကိုရသည်။

ပထမစျာန်မှ ပဉ္စမစျာန်အထိ ငါးပါးသော စျာန်စိတ်တို့သည် ရူပါဝစရကုသိုလ်စိတ်များ ဖြစ်သည်။

အပုညာဘိသင်္ခါရမှာမူ ပုညာဘိသင်္ခါရနှင့်ပြောင်းပြန်ဖြစ်သော အကုသိုလ် အားထုတ်မှုများဖြစ်သည်။ ယင်းမှာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ဟူသော အကုသိုလ်စိတ် (၁၂)ပါးဖြစ်သည်။

## လောဘစိတ် (၈)ပါးဟူသည်

၁။ ဝမ်းမြောက် ဝမ်းသာဖြစ်သော အယူမှားနှင့်ယှဉ်သော မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသောစိတ်။

၂။ ဝမ်းမြောက်ဝမ်းသာဖြစ်သော အယူမှားနှင့်ယှဉ်သော တိုက်တွန်းပြီးမှဖြစ်သောစိတ်။

၃။ ဝမ်းမြောက် ဝမ်းသာဖြစ်သော အယူမှားနှင့်မယှဉ်သော မတိုက်တွန်းရဘဲပကတိအလိုလို ထက်သန်မှုရှိသောစိတ်။

၄။ ဝမ်းမြောက်ဝမ်းသာရှိသောစိတ် အယူမှားနှင့်မယှဉ်သော တိုက်တွန်းပြီးမှဖြစ်သောစိတ်။

၅။ ဝမ်းမမြောက်ဘဲ သာမန်ရိုးရိုးဖြစ်သော အယူမှားနှင့် ယှဉ်သော မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသောစိတ်။

၆။ ဝမ်းမမြောက်ဘဲ သာမန်ရိုးရိုးဖြစ်သော အယူမှားနှင့်မယှဉ်သော တိုက်တွန်းပြီးမှ ဖြစ်သောစိတ်။

၇။ ဝမ်းမမြောက်ဘဲ သာမန်ရိုးရိုးဖြစ်သော အယူမှားနှင့်ယှဉ်သော မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသောစိတ်။

www.dhammaransi.com



၈။ ဝမ်းမြောက်ဘဲ သာမာန်ရိုးရိုးဖြစ်သော အယူမှားနှင့် ယှဉ်သော တိုက်တွန်းပြီးမှ ဖြစ်သောစိတ်။

မိမိကိုယ်ကျိုးအတွက် တစ်ပါးသူကိုပျက်စီးစေခြင်း၊ သူတစ်ပါးအသက်သတ်ခြင်း၊ လိမ်ညာခြင်းအစရှိသော ပြုမူအားထုတ်မှုတို့၌ ဝမ်းမြောက်ဝမ်းသာဖြစ်လျှင် ထိုစိတ်သည် သောမနဿစိတ်။

ထိုသို့မဟုတ်ဘဲ ရိုးရိုးစိတ်ဖြစ်ပါက ဥပေက္ခာစိတ်။

မိမိကိုယ်ကျိုးအတွက် သူတစ်ပါးတို့အား ပျက်စီးစေခြင်း အစရှိသည်တို့၌ထိုသို့ပြုမူခြင်းသည် ကောင်းသည်၊ တရားသည်ဟု မှားယွင်းစွာ စွဲယူပါက ထိုမှားယွင်းသော အယူစိတ်နှင့် ယှဉ်သောစိတ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်။

မှားယွင်းသော အယူစွဲနှင့် မယှဉ်သော စိတ်သည်ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်။

ဒိဋ္ဌိဆိုရာဝယ် ဗုဒ္ဓတရားတော်၌ အရေးကြီးသော ဒိဋ္ဌိ (၃)မျိုးရှိသည်။

၁။ အတ္တဒိဋ္ဌိ = အသက်ရှင်မှုကိုလည်းကောင်း၊ သိမှု ခံစားမှုအလုံးစုံကိုလည်းကောင်း၊ အကောင်းအဆိုး ကံအမျိုးမျိုးကိုလည်းကောင်း ဖြစ်စေသောအတ္တသည် မိမိတွင်ရော သူတစ်ပါးတွင်ပါရှိသည်ဟု ထင်မှတ်စွဲယူခြင်း။

၂။ သဿတဒိဋ္ဌိ = ငါ သူ သတ္တဝါသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏ဟုထင်မှတ်စွဲယူခြင်း၊

၃။ ဥစ္ဆေဒဒိဋ္ဌိ = သေပြီးလျှင် ဘဝသစ်မရှိတော့၊ ကုသိုလ်၊ အကုသိုလ် အကျိုးဆက်တို့သည် သေခြင်းနှင့်အတူ ပြတ်စဲသွားသည်ဟု စွဲလမ်းထင်မြင်ခြင်း။

ထိုအစွဲဒိဋ္ဌိတို့ဖြင့် ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ပြုမူအားထုတ်ခြင်းကို အယူမှားနှင့်ယှဉ်သောစိတ် (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်) ဟုမှတ်ရပါမည်။

## မောဟအရင်းခံသော ဒေါသစိတ် (၂)ပါးဟူသည်

၁။ လွန်စွာမုန်းတီးရွံရှာသော အမျက်စိတ်ရိုင်းနှင့် ယှဉ်သောမတိုက်တွန်းရဘဲ ပကတိအလိုလိုထက်သန်မှုရှိသောစိတ်။

၂။ လွန်စွာမုန်းတီးရွံရှာသော အမြဲစိတ်ရိုင်းနှင့် ယှဉ်သော တိုက်တွန်းချက်နှင့်တစ်ကွ ဖြစ်သောစိတ်၊ လွန်စွာမုန်းတီးသောသူအား သတ်ဖြတ် ညှဉ်း

www.dhammaransi.com



ဆဲခြင်းစသည်တို့ကို ပြုရာ၌ မုန်းတီးရွံရှာ စက်ဆုပ်မှု ရှိနေခြင်းသည် ဒေါမနဿ စိတ်။

ဒေါမနဿစိတ် ရှိသည်ဆိုကတည်းက စိတ်၏ကြည်လင်ဝမ်းမြောက်မှု (သောမနဿ)နှင့် ရိုးရိုးစိတ် (ဥပေက္ခာ)တို့မှာ မဖြစ်တော့ပါချေ။

သတ်ဖြတ်ခြင်းအနိုက်အတန့်၌ အမှန်ကိုစဉ်းစားနိုင်းယှဉ်နိုင်မှု (ဉာဏသမ္ပယုတ်) လည်းမရှိနိုင်ပေ။

– အမျက်စိတ်ရိုင်းနှင့်ယှဉ်သော စိတ်သည်ပဋိဃသမ္ပယုတ်စိတ်။

## မောဟအရင်းခံ၍ဖြစ်သော
## မောဟမူစိတ် (၂)ပါးဟူသည်

၁။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော သံသယအရှုပ်အထွေးဖြင့် ယှဉ်သောစိတ်။

၂။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော ပျံ့လွင့်မှုတို့နှင့်ယှဉ်သောစိတ်။

အကုသိုလ်စိတ်နှင့်ဆိုင်ရာ အခြေအနေအမျိုးမျိုးတို့တွင် မောဟသည် အရင်းခံဖြစ်သည်။ အကယ်၍ မောဟမရှိလျှင် အလိုကြီးသော လောဘ၊ အမျက်ကြီးသော ဒေါသတို့ မရှိနိုင်ပါ။

သို့ရာတွင် မောဟချည်း ရှိနေသောအခါ၌ စိတ်သည်လုံးဝတွေဝေခြင်း၊ ရှုပ်ထွေးခြင်းဖြစ်လျက်ရှိသည်။ ထိုစိတ်သည် အကြောင်းကိစ္စများကို ရှင်းရှင်း လင်းလင်း ထွင်းဖောက်သိရှိနားလည်ရန် ခဲယဉ်းပါသည်။

အာနေဉ္ဇာဘိသင်္ခါရသည် ကုသိုလ်ကောင်းကျိုးများကို ပေးသော အရူပါဝစရကုသိုလ်စိတ် (၄)ပါးဖြင့် ပြုမူအားထုတ်ခြင်းဖြစ်သည်။

အရူပါဝစရကုသိုလ်စိတ် (၄)ပါးဟူသည်

၁။ အဆုံးမရှိသော အာကာသပညတ်ကို စူးစိုက်၍ အားထုတ်သော ကောင်းမှုနှင့်ယှဉ်သော အရူပဈာန်စိတ် (အာကာသာနဉ္စာယတနကုသိုလ်စိတ်)။

၂။ အစအဆုံးမရှိသော ဝိညာဏ်ကိုစူးစိုက်၍ အားထုတ်သော ကောင်းမှု နှင့်ယှဉ်သော အရူပဈာန်စိတ် (ဝိညာဏဉ္စာယတနကုသိုလ်စိတ်)။

၃။ ဘာမျှမရှိသော ပညတ်ကိုစူးစိုက်၍ အားထုတ်ရသော ကောင်းမှုနှင့် ယှဉ်သော အရူပဈာန်စိတ် (အာကိဉ္စညာယတနကုသိုလ်စိတ်)။

www.dhammaransi.com



၄။ သိလည်းမဟုတ်၊ မသိလည်းမဟုတ်သော ပညတ်ကို စူးစိုက်၍ အားထုတ်သော ကောင်းမှုနှင့်ယှဉ်သော အရူပစျာန်စိတ် (နေဝသညာနာသညာယတနကုသိုလ်စိတ်)။

အာနေဉ္စာဘိသင်္ခါရဟူသည်မှာ မလှုပ်ရှား မယိမ်းယိုင်သော အရူပစျာန်များအတွက် အားထုတ်ခြင်းဖြစ်သည်။

ရူပစျာန်ဝင်စားနေသောစိတ်မှာ အကယ်၍ အလွန်ကျယ်လောင်သော အသံသည် အနှောင့်အယှက်များကြုံပါက သမာပတ်ဝင်စားမှု ယိမ်းယိုင်ပျက်ပြားသွားတတ်သည်။

အရူပစျာန်ဝင်စားနေသော စိတ်မှာ အလွန်ကျယ်လောင်သော အသံစသည့် အနှောင့်အယှက်များနှင့် ကြုံသော်လည်း သမာပတ်ဝင်စားမှုပင် ယိမ်းယိုင်လှုပ်ရှားခြင်းမရှိဘဲ ပကတိတည်ငြိမ်လျက်ရှိသည်။

ဤပုညာဘိသင်္ခါရ (၁၃)ပါး၊ အပုညာဘိသင်္ခါရ (၁၂)ပါး၊ အာနေဉ္စာဘိသင်္ခါရ (၄)ပါး စုစုပေါင်း (၂၉)ပါးသည် လူသား၏ အကောင်းအဆိုး အပြုအမူအားလုံး ပါဝင်လျက်ရှိသည်။

ဤ၌သုံးနှုန်းသော 'သင်္ခါရ' ဟူသောစကားသည် စေတသိက် (၅၂)ပါး အနက်မှ စေတနာကို ဆိုလိုခြင်းဖြစ်သည်။ ဘုရားရှင်အလိုအရ စေတနာသည် ကံပင်ဖြစ်လေသည်။

သတ္တဝါမှန်သမျှ ကာယကံ(ကာယသင်္ခါရ) ဝစီကံ (ဝစီသင်္ခါရ) မနောကံ (မနောသင်္ခါရ)တို့ကို ပြုမှုအားထုတ်ရာ၌ စိတ်စေတနာဖြင့်အစပြုရချည်းသာ ဖြစ်သည်။

ရှေ့ဆောင်ဖန်တီးသော စိတ်သည် စိတ်ကောင်းဖြစ်ပါက အခြားသော ကောင်းသောနာမ်တရားများသည် တွဲဖက်လိုက်ပါကြသည်။ မကောင်းစိတ်ဖြစ်ပါက မကောင်းသော နာမ်တရားများသည် တွဲဖက်လိုက်ပါကြသည်။

ထိုကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ဖြင့် အားထုတ်ပြုမူမှုကံ သင်္ခါရတို့သည် ပြုမှုသည့်အချိန်မှစ၍ ပြုသူ၏ ရုပ်နာမ်အစဉ်၌ သက်ဆိုင်ရာအကျိုးဝိဘတ်(အကောင်းအဆိုးတို့ကို ပေးရန် သတ္တိအရှိန်အဝါ စွမ်းအင်)သည် လိုက်ပါဖြစ်ပေါ်လျက်ရှိပေသည်။

ဓမ္မပဒ၌ ဘုရားရှင်က –

www.dhammaransi.com



'နာမ်ခန္ဓာလေးပါးတို့တွင် စိတ်သည် ရှေ့ဆောင်ရှေ့သွား ရှိ၏။ စိတ်သည် အကြီးအမှူးရှိ၏။ စိတ်ဖြင့်ပြီး၏။ ပြစ်မှားလိုသော စိတ်ဖြင့် အကယ်၍ ပြောဆိုသော်လည်းကောင်း၊ ပြုလုပ်သော်လည်းကောင်း၊ ကြံစည်သော်လည်းကောင်း ထိုပြောဆို ပြုလုပ်ကြံစည်မှုကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့ ဆင်းရဲသည် အစဉ်လိုက်၏။

''သန့်ရှင်းကြည်လင်သော စိတ်ဖြင့်အကယ်၍ ပြုလုပ်သော်လည်းကောင်း၊ ပြောဆိုသော်လည်းကောင်း၊ ကြံစည်သော်လည်းကောင်း၊ ထိုပြု–ပြော–ကြံစည်မှုကြောင့် အရိပ်သည် လူကိုမစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည် အစဉ်လိုက်လေ၏။

## စိတ်၏မိုးရာတို့ ကင်းပြတ်ရာကာလ

စေတသိက်တို့သဘောသည် ရှေးရှေးနာမ်က နောက်နောက်နာမ်ကိုကျေးဇူးပြုရာဝယ် စိတ်ကလည်းစိတ်ကိုသာ ကျေးဇူးပြုသည်။ ဖဿကလည်း ဖဿကိုသာ ကျေးဇူးပြုတတ်သည်။ အခြားဝေဒနာ စိတ်သညာ စသည်တို့အား ကျေးဇူးမပြုပါ။

အခြားစေတသိက်တို့သည် ထိုနည်းသဘောသာ ရှိပါသည်၊ နာမ်တရားတို့သည် သံသရာတည်စကစ၍ သံသရာဆုံးသည့်တိုင်အောင် မိမိတို့ဇာတိ အစဉ်အဆက်မပြတ်မပျက်ဘဲ ဆက်လက်သွားကြသည်။

ရှေးရှေးကထုံခဲ့သော ဝသီဝါသနာတို့သည်လည်း ပါလာနိုင်သည်။ ဒိတ်ကို အဆင့်ဆင့် ထက်သန်ကြီးပွားအောင် ပွားများအောင် ပွားများ၍ထက်သန်ကြီးထွားခြင်းသို့ရောက်အောင် အားထုတ်ကြရသည်။

ပါရမီတွေကို အဆင့်ဆင့် ထက်သန်အောင် ရင့်မာအောင်ပွားများ အားထုတ်၍ ထက်သန် ရင့်မာခြင်းသို့ရောက်နိုင်၏။

ထိုသို့ရင့်မာထက်သန်၍ သောတာပတ္တိမဂ်ဇောသို့ ရောက်သောအခါ စိတ်သန္တာန်၌ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ ကင်းပြတ်တော့သည်။

သကဒါဂါမိမဂ်ဇော ရောက်သော် အကုသိုလ်စေတသိက်များ နောက်ယပ် မလျော့သေး။ အနာဂါမိမဂ်ဇော ရောက်သော် ဒေါသဣဿာမစ္ဆရိယ ကုက္ကုစ(၄)ပါး လျော့ပြန်လေသည်။

www.dhammaransi.com



အရဟတ္တ မဂ်ဇောသို့ရောက်သော် လောဘ၊ မောဟ၊ မာန၊ အဟိရိကအနောတ္တပ္ပ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ (၈)ပါးလျော့လေသည်။

ကျန်စေတသိတ် (၃၈)တို့သည် ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်အဆုံးသို့ ဆိုက်ရောက်မှ အကုန်လုံးကင်းပျောက်ကြတော့၏။

## စိတ်သည်ကုသိုလ်- အကုသိုလ်မဟုတ်

စိတ်သည် ပြိုးပြိုးပြက်ပြက် ထွန်းလင်းတောက်ပနေသော အရာလေးဖြစ်သည်။ ညှော်သည်ဖြစ်သော ကုသိုလ် အကုသိုလ်စေတသိက်တို့က အရောင်ဆိုးပေးနေခြင်းဖြစ်သည်။

- ကိလေသာနွမ်းညစ်မှု တရားတို့ကြောင့် ညစ်ရသည်။
- သဒ္ဓါ၊ ပညာစသော ကုသိုလ်တရားတို့ကြောင့် ဖြူစင်ပြောင်လင်းနေသည်။
- ပညာအားကြီးစွာ ပေါ်လာလျှင် စိတ်ပညာ၏ အာနုဘော်ကြောင့် တစ်ကိုယ်လုံး ရုပ်တွေကြည်လင်လာတတ်ပါသည်။ ကိုယ်ရောင်များ တောက်ပလာပါ၏။

ဥပမာဆိုရသော် ရေနှင့်ဖျော်၍ ပန်းချီဆေးရေးရာဝယ်-

- ပန်းချီကား၌ စိမ့်ဝင်တွယ်ကပ်မှုကား ရေကိစ္စဖြစ်သည်။
- ပန်းချီကား၌ အဖြူ၊ အနီ၊ အမည်းထင်မှုကား ဆေးကိစ္စဖြစ်သည်။
- ရေသည် အဖြူအနီ အကြောင်းအကျား မတတ်နိုင်မပြုလုပ်နိုင်၊ ဆေးကသာ တတ်နိုင်သည်။

ထို့အတူ ကုသိုလ် အကုသိုလ်အာရုံကို သိမှုသည် စိတ်ကိစ္စ။

ထိုကုသိုလ် အကုသိုလ်အာရုံတို့၌ ဒုစရိုက်မှု သုစရိုက်မှုထင်အောင် ပြီးစီးအောင် ပြုမှုကား အလောဘ လောဘ စသည်တို့၏ ကိစ္စဖြစ်သည်။

စိတ်သည် သုစရိုက် ဒုစရိုက်ထင်အောင် ပြီးစီးအောင် မတတ်နိုင်ပါ။ အလောဘ လောဘတို့ကသာ တတ်နိုင်ပါသည်။

ဥပမာထပ်ဆိုရသော် အဆိပ်ကိုရေနှင့်ဖျော်၍ သောက်ရာဝယ်

- အဆိပ်တစ်ကိုယ်လုံးပျံ့နှံ့မှုကား ရေကိစ္စ။
- တစ်ကိုယ်လုံး ဒုက္ခဖြစ်မှုမှာ အဆိပ်ကိစ္စဖြစ်သည်။

ထို့အတူ စိတ်သည် ဒုစရိုက် သုစရိုက်ကို မပြုနိုင်၊ လောဘ၊ ဒေါသ၊ မောဟစသည်တို့ကိုသာ ပြုနိုင်သည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



အဆိပ်ပြေအောင် ဆေးကိုရေနှင့်ဖျော်သောက်ရာဝယ်-

တစ်ကိုယ်လုံးပျံ့နှံ့မှုကားရောဂါကိစ္စ၊ ပျောက်ကင်းမှုကား ဆေးကိစ္စ ထိုနည်းတူ ကုသိုလ်သုစရိုက်ကို သိမှုကားစိတ်ကိစ္စ၊ အဆိပ်နှင့်တူသော ဒုစရိုက်မှ ကင်းပျောက်အောင် ပြုမှုကား အလောဘ၊ အဒေါသ၊ အမောဟကိစ္စဖြစ်သည်။

## စိတ်ဓာတ်ရှေ့သွားဖြစ်သည်

ရေသည် အဆိပ်ဆေးတို့နှင့်ပေါင်းမိသောအခါ ထိုအဆိပ်ဆေးတို့၏ အကြီးအမှူး ရှေ့သွားခေါင်းဆောင်ဆရာကြီး ဖြစ်သကဲ့သို့ စိတ်သည် ကုသိုလ်၊ အကုသိုလ်တို့နှင့်ပေါင်းရောမိသွားသောအခါ ထိုကုသိုလ် အကုသိုလ်တို့၏ အကြီးအမှူး ရှေ့ဆောင်ဖြစ်တော့သည်။

"ရဟန်းတို့၊ အမှတ်မရှိ အလုံးစုံကုန်သော အကုသိုလ်ဖြစ်ကုန်သော အကုသိုလ်အမှု၌ ပါဝင်ကုန်သော အကုသိုလ်အဆင့်ဆင့် ဖြစ်ကုန်သော သဘော တရားတို့သည် ရှိကြသည်။ ထိုတရားတို့ကို စိတ်သာလျှင်ရှေ့သွားရှိကုန်၏။ စိတ်သည် အကုသိုလ်တရားတို့၏ ရှေးဦးစွာ အာရုံ၌စွဲကပ်၏။ ခြွေရံသင်းပင်းနှင့် တကွ လောဘ၊ ဒေါသစသော အကုသိုလ်တရားတို့၏ နောက်လိုက်ငယ်သားတို့ ဖြစ်ကုန်၏။

ရဟန်းတို့၊ အမှတ်မရှိ အလုံးစုံကုန်သော ကုသိုလ်အစု ကုသိုလ် အကောင်း အပင်ကုသိုလ်ဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏။ ထိုတရားတို့ ကိုလည်းစိတ်သာလျှင် အကြီးအမှူးရှေ့သွားရှိ၏။ စိတ်ကသာလျှင် ရှေးဦးစွာ ၊အာရုံစွဲကပ်၏။ ကုသိုလ်အဆင့်ဆင့် အလောဘ၊ အဒေါသတို့ကား နောက်လိုက် ငယ်သားတို့သာဖြစ်သည်။

(ကောဂုတ္တရ၊ မနောပုဗ္ဗင်္ဂမသုတ်)

စိတ်ထက် အကျိုးမဲ့ဆင်းရဲဒုက္ခကိုဖြစ်အောင် ပြုတတ်သော တရားဟူ၍ လောက၌မရှိပါ။

စိတ်ထက်ကောင်းကျိုးချမ်းသာကို ဖြစ်အောင် ပြုတတ်သောတရားဟူ ၍လောက၌မရှိပါ။

"ရဟန်းတို့ စိတ်သည်မနူးညံ့၊ မယဉ်ကျေးသည်ရှိသော် ကြီးစွာသော အကျိုးမဲ့ကို ဖြစ်စေသကဲ့သို့ အကြင်တရားသည် မနူးညံ့ မယဉ်ကျေးသည်

www.dhammaransi.com



ရှိသော် ကြီးစွာသော အကျိုးမဲ့ဖြစ်ရာ၏။

စိတ်သည် ယဉ်ကျေးသိမ်မွေ့နူးညံ့သည် ရှိသော်ကြီးစွာသော အကျိုးကို ဖြစ်စေသကဲ့သို့ အကြင်တရားသည် နူးညံ့ယဉ်ကျေးသိမ်မွေ့သော် ကြီးစွာသော အကျိုးသည် ဖြစ်ရာ၏။

စိတ်မှတစ်ပါး ကြီ့စွာသော အကျိုးမဲ့ အကျိုးရှိသော တရားကို ငါဘုရားမြင်တော်မမူချေ။ စိတ်သည် ယဉ်ကျေးသည်ရှိသော် အကျိုးကြီးစွာ ရရာ၏''

(အင်္ဂုတ္တရအဋ္ဌကထာနုတ္တာဝဋ္ဋသုတ်)

ထို့ကြောင့် ကောင်းကျိုးချမ်းသာကို အလိုရှိသော ပညာရှိတို့သည် အကုသိုလ်တရားတို့ကြောင့် ဆိုးညစ်ကြမ်းကြုတ်နေသော မိမိတို့၏ စိတ်ကလေးကို ကုသိုလ်တရားတို့ဖြင့် နူးညံ့ယဉ်ကျေးအောင် နှိပ်ကွပ်ဆုံးမရသည်။

## စိတ်သက် + ရုပ်သက်

စိတ်တစ်ခုဝယ် ဖြစ်ခြင်း၊ တည်ခြင်း၊ ပျက်ခြင်း (ဥပါဒ်ဋ္ဌီဘင်ဟု အခိုက်အတန့် သုံးမျိုးရှိပါသည်။

သဘာဝအထည် ကိုယ်ထင်ရှားစွာ ပထမဆုံးပေါ်လာခြင်းသည် ဥပါဒ်။

ထိုဖြစ်ပေါ်လာမှု မပျောက်ပျက်ဘဲ ပင်ကိုသဘောအတိုင်း တည်ရှိခြင်း အပျက်ဘက်သို့ မရောက်ဘဲ တည်ရပ်ခြင်းသည် ဌီ။

ပင်ကိုသဘောအတိုင်းမှ ယုတ်လျော့ပျက်ပြားခြင်း၊ ချုပ်ပျောက်ခြင်း သည် ဘင်။

အခိုက်အတန့် (ခဏ)ဟူသည်အတိုဆုံးသော အချိန်ကာလကိုခေါ်ပါ သည်။ စိတ်တစ်ခုတစ်ခု၏ ဖြစ်ရာအခါကို ဥပါဒ်ခဏ၊ တည်ရာအခါကို ဌီခဏ၊ ပျက်ရာအခါကို ဘင်ခဏဟုခေါ်သည်။

ထိုခဏကလေးသုံးမျိုးအပေါင်းကို စိတ္တခဏတစ်ချက်ဟု ခေါ်သည်။ ထိုစိတ္တခဏတစ်ချက်ကို (ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏဟူသော ခဏကလေး သုံးမျိုးကို ပေါင်းထားသောကြောင့် ) ခဏကြီးတစ်ခုဟုခေါ်သည်။

ဤဥပါဒ်၊ ဌီ ဘင်နှင့်ပြည့်စုံသောစိတ် (စေတသိတ်များ) သည်အဖြစ် အပျက်အလွန် လျင်မြန်ရကား လက်ဖျောက်တစ်ချက်တီးခန့် အချိန်မှာပင် ကုဋေ

www.dhammaransi.com



တစ်သိန်းခန့်မှ ရှေ့နောက်ဆက်၍ ဖြစ်ပျက်နိုင်ကြောင်း ခန္ဓသံယုတ်၊ ခန္ဓဝိဘင်း အဋ္ဌကထာ တို့၌ ဆိုထားပါသည်။

စိတ္တက္ခဏ (၁၇)ချက်ခန့်ကာလသည် ရုပ်တရားတို့၏ အသက်ရှည်ရာ အချိန်ကာလဖြစ်ပါသည်။ လူတို့၏ သက်တမ်းကို ၁၀၀-၇၅ ဟုသတ်မှတ်သကဲ့သို့ ရုပ်တို့၏ သက်တမ်းကိုလည်း စိတ္တက္ခဏတွက်ကိန်းဖြင့် သတ်မှတ်လျှင် (၁၇)ချက် ကြာသည်ဟု သတ်မှတ်ရပါသည်။

ရုပ်တရားတို့သည်လည်း ဥပါဒ်အခိုက် ဠီအခိုက် ဘင်အခိုက်ဟု အခိုက် (၃)မျိုးရှိပါသည်။ ရုပ်၏ ဥပါဒ်ခဏ ဘင်ခဏသည် စိတ်၏ ဥပါဒ်ခဏ ဘင်ခဏ နှင့်ညီမျှပါသည်။ ဠီခဏကသာ စိတ်၏ခဏငယ်ပေါင်း (၄၉)ချက်ခန့် (စိတ္တက္ခဏ ကြီး ၁၆-ချက်နှင့် ခဏငယ် တစ်ချက်ခန့် ) ကြာရှည်ပါသည်ဟု အဋ္ဌကထာဆရာ အချို့က ဆိုပါသည်။

အချို့ဆရာကမူ စိတ်၌ဠီခဏ မရှိထိုက်ပါ။ စိတ်သည် ဖြစ်ပြီးသည် နှင့်တစ်ပြိုင်နက် ပျက်သည်။ ဥပမာ - ကောင်းကင်သို့ မြှောက်လိုက်သောအုတ်ခဲ သည်မြှောက်သောအရှိန်ကုန်လျှင် ကောင်းကင်၌ တစ်ခဏမျှ ရပ်တည်မနေ၊ ချက်ခြင်းအောက်သို့ကျသဖြင့် အမြှောက်နှင့် အကျနှစ်မျိုးသာ ရှိသကဲ့သို့ စိတ်မှာ လည်းအဖြစ်အပျက် နှစ်မျိုးသာရှိပြီး ခဏလည်း ဖြစ်ရာခဏ ပျက်ရာခဏ (ဥပါဒ်ခဏ ဘင်ခဏ) နှစ်ခုသာ ရှိသည်ဖြစ်ပြီး ရပ်တန့်တည်နေရာ (ဠီခဏ) မရှိဟု ဆိုပါသည်။

ဤသည်မှာ စိတ္တယမိုက်အလိုအဆိုအရဟု ခေါ်ပါသည်။

သုတ္တန်ပါဠိတော် (တိကင်္ဂုတ္တရ)၌ ဠီခဏရှိထိုက်သည်ဟု ဆိုပါသည်။ ဠီသည် ယခုကာလ၌ အများနားလည်သော ခဏဠီလည်းရှိသည်။

ဆိုင်ရာ စိတ်အစဉ်တစ်မျိုး၏ မပြောင်းမလွဲဖြစ်မြဲ ဖြစ်တည်နေသော သန္တတိပစ္စုပ္ပန်ဠီလည်း ရှိပါသည်။

---

ဥပ္ပါဒေါပညာယတိ၊ ဝယောပညာယတိ၊
ဌိတဿ အညထတ္တံ ပညာယတိ။

www.dhammaransi.com



ဥပမာ ရုပါရုံကို အာရုံပြု၍ လောဘစိတ်အစဉ်ဖြစ်နေစဉ် ဖြစ်နေသည့်အခါ စိတ်ထိပေါင်းများစွာ ကျပြီးသော်လည်း ထိုရုပါရုံကို စွဲ၍ဖြစ်သော စိတ်အစဉ်မပြောင်းလွဲ သေးသမျှ လောဘစိတ်အစဉ်တည်မြဲနေသော ကာလသည် သန္တတိပညတ်ဟု ခေါ်ပါသည်။

ဆရာအချို့က စိတ်တစ်ခု၌ ဖြစ်ခိုက်နှင့် ပျက်အခိုက်မှာ ကွဲပြားလျှက်ရှိသည်။ ဖြစ်မှုသည် တစ်ဖြစ်တည်းဖြစ်နေလျှင် ဘင်အခိုက်သို့ မရောက်နိုင်၊ အဖြစ်ရပ်တန့်မှုသည် ရှိရာသည်။ ထိုအဖြစ် ရပ်တန့်တည်နေမှုသည် ပျက်တော့မည့်။ (ဘင်)သို့ ရှေးရှုနေသော ဋီအခိုက်ဖြစ်သည်။

အထက်သို့ မြှောက်လိုက်သောတုတ်သည် တမြှောက်တည်းမြှောက်နေသမျှ အောက်သို့မကျသေး၊ အမြှောက်ရပ်တန့်မှုကား ရှိရမည်သည်သာ။ ထိုတုတ်၌ မြှောက်ခြင်း၊ ရပ်ခြင်း၊ ကျခြင်းဟု (၃)မျိုး ရှိသလို စိတ်၌လည်း ဖြစ်ခြင်း၊ အဖြစ်ရပ်ခြင်း၊ ပျက်ခြင်း (၃)ဥပါဒ်၊ ဋီ၊ ဘင် သုံးမျိုးရှိရမည်ဟု ဆိုပါသည်။

စိတ္တယမိုက်ပါဠိတော်မှာ ဥပါဒ်(အဖြစ်) နှင့်ဘင် (အပျက်) အစနှင့် အဆုံးကိုဟောသည်မှာ နတ်ပြဟ္မာတို့၏ အလိုသို့လိုက်၍ဟောခြင်းဖြစ်သည်။ အလယ်က ဋီ(တည်မှု) ကိုမိဂပဒဝလဥ္ဇနနိ (သားကောင်ခြေရာ) နည်းအရ သိရမည်ဟုဆိုပါသည်။

(ကျောက်ဖျာ၏ အရှေ့ဖျား၌ သားကောင်၏ အတက်ခြေရာကို မြင်ပြီးလျှင်အနောက်ဖျား၌ အဆင်းခြေရာကို မြင်သောမုဆိုးသည် ကျောက်ဖျာပေါ်၌ ခြေရာမမြင်သော်လည်း ကျောက်ဖျာပေါ်၌ သားကောင်သွားကြောင်းသိရသကဲ့သို့တည်း။)

## စိတ်အစွမ်းသတ္တိ မြင့်တက်လာသောအခါ

စိတ်သည်အမျိုးမျိုးပြောင်းလဲတတ်၏။
ကလေးဘဝက စိတ်သဘောထားတစ်မျိုး။
အရွယ်ရောက်တော့စိတ်ကတစ်မျိုး
ကြီးပြင်းလာသောအခါ စိတ်သဘောထားက တစ်မျိုး။
စသည်ဖြင့် အရွယ်နှင့်လိုက်၍ စိတ်သည်ပြောင်းလဲနေသည်။ ထို့ပြင်

www.dhammaransi.com



ယခုတစ်မျိုး ခဏကြာလျှင် နောက်တစ်မျိုးဟူ၍ အချိန်နှင့်လိုက်ကာ ပြောင်းလဲနေသည်။ ပတ်ဝန်းကျင် အခြေအနေကိုလိုက်၍ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး စသည်ဖြင့် စိတ်သည်ပြောင်းလဲတတ်သည်။

ထိုပြောင်းလဲသော စိတ်သည် ပညာဆည်းပူးမှုဖြင့် စိတ်အဆင့်အတန်း ပြောင်းလဲသွားတတ်သလို သမထ ဝိပဿနာတရားအားထုတ်မှုကြောင့်လည်း စိတ်အခြေအနေ အဆင့်ဆင့်ပြောင်းလဲသည်။

ဥပမာ ဈာန်အဘိညာဉ်ကို ရအောင်အားထုတ်ကြိုးစားသော ပုဂ္ဂိုလ်သည် -

ဒိဗ္ဗစက္ခု အဘိညာဉ် ရသောအခါ နတ်မျက်စိဖြင့် မြင်ရသကဲ့သို့ အဝေး၌ ရှိသော အရာဝတ္ထုများကို မြင်နိုင်၏။

ဒိဗ္ဗသောတ အဘိညာဉ်ရသောအခါ နတ်နားကဲ့သို့ ရပ်ဝေးမှ အသံတို့ ကိုကြားရသည်။

ပရစိတ္တဝိဇာနန အဘိညာဉ် ရသောအခါ သူတစ်ပါးတို့၏ စိတ်အကြံကို သိနိုင်သည်။

ဣဒ္ဓိဝိဓအဘိညာဉ်ကို ရသောအခါ မြေလျှိုးမိုးပျံခြင်းစသော တန်ခိုး အမျိုးမျိုး ပြနိုင်သည်။

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ရသောအခါ ရှေးဘဝများစွာကို သိမြင် နိုင်သည်။

## စိတ္တနိယာမများ

- ဘဝတစ်ခု၌ အစဦးဆုံးစိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်သည်။
- နောက်ဆုံးစိတ်ကို စုတိစိတ်ဟုခေါ်သည်။
- ပဋိသန္ဓေစိတ်မှသည် စုတိစိတ်ဟိုင်အောင် ရေစီးကြောင်းကဲ့သို့ အခြားမလပ်အောင် တစ်လုံးပြီးတစ်လုံး တရစပ်ဖြစ်နေသော စိတ်ကိုဘဝင်စိတ် ဟုခေါ်သည်။ ဤကဲ့သို့ ဘဝင်စိတ်ဖြစ်နေခြင်းသည် ပင်အသက်ရှင်နေခြင်းဟု ခေါ်သည်။

ဘဝင်စိတ်၏ အာရုံသည် အလွန်သိမ်မွေ့သည့်အတွက် ရုတ်တရက် မသိနိုင်ချေ။ သို့အတွက် ဘဝင်ကို မသိစိတ်ဟုခေါ်သည်။

ဘဝင်စိတ်သည် အဆက်မပြတ်ဖြစ်နေစဉ်

သုဂြည့်စုံကွန်းဟာဝေ

www.dhammaransi.com


- အဆင်းဟူသော ရူပါရုံနှင့်မျက်စိ အကြည်ဓာတ်ထိပ်တိုက်မိသည့် အခါ မြင်သိစိတ်ဖြစ်လေသည်။
- အသံဟူသော သဒ္ဒါရုံနှင့် နားအကြည်ဓာတ်တို့ ထိပ်တိုက်မိသည့် အခါ ကြားသိစိတ်ဖြစ်လာ၏။
- အနံ့ဟူသော ဂန္ဓာရုံနှင့် နှာအကြည်ဓာတ်တို့ ထိုခိုက်သည့်အခါ နံ့သိစိတ်ဖြစ်လာ၏။
- အရသာဟူသော ရသာရုံနှင့် လျှာအကြည်ဓာတ် ထိခိုက်မိသည့်အခါ မ္ဘးသိစိတ်ဖြစ်လာ၏။
- အထိအတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံနှင့် ကိုယ်အကြည်ဓာတ်တို့ ထိခိုက် မိသည့်အခါ ထိသိစိတ်ဖြစ်ပေါ်လာ၏။
- စိတ်ကူးအာရုံ (ဝါ) ဓမ္မာရုံနှင့် ဟဒယရုပ်ဝတ္ထုရုပ်တို့ တိုက်မိသည့် အခါ ကြံသိစိတ် ဖြစ်ပေါ်လာ၏။

ဤသိစိတ်များကို ``ဝိထိစိတ်'' ဟုခေါ်သည်။

ဘဝင်စိတ်အစဉ်နှင့် ဝိထိစိတ်အစဉ်တို့သည် ဖြစ်မြဲသဘောအတိုင်း ဖြစ်နေကြ၏။ ထိုသို့ ဖြစ်ပေါ်ရန် မည်သည့် တန်ခိုးရှင်ကမှ ဖန်တီးထားသည် မဟုတ်။ ထိုသို့ဖြစ်ရန်လည်း မည်သည့်တန်ခိုးရှင်ကမှ တားဆီး၍မရပါ။

အဆင်းနှင့် မျက်စိအကြည်ဓာတ်တို့ ထိတိုက်လျှင် မြင်သိစိတ်သာ ဖြစ်၏။ ကြားသိစိတ်မဖြစ်။

အသံနှင့် နားအကြည်ဓာတ်တို့ ထိတိုက်လျှင် ကြားသိစိတ်ဖြစ်၏။ မြင်သိစိတ်မဖြစ်။

သို့အတွက် အဆင်းကို မျက်စိဖြင့်သာ မြင်နိုင်၏။ နားဖြင့်မမြင်နိုင်။ အသံကို နားဖြင့်သာကြားနိုင်၏။ မျက်စိဖြင့်မမြင်နိုင်။

စိတ်တို့သည် လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းမကချည်း ဖြစ်ပျက်သွားကြရာ ရုပ်ဖြစ်စဉ်ထက် (၁၇)ဆ ပိုမြန်၏။ ထိုသို့ လျင်မြန်စွာ ဖြစ်ပြီး ချုပ်ပျက်သွားကြသော်လည်း မိမိတို့၏ သတ္တိများကို နောက်နောင်သော စိတ်များသို့ (၂၄) ပစ္စည်းပဋ္ဌာန်းသတ္တိဖြင့် လက်ဆင့်ကမ်းသွားကြသည်။

ရုပ်၏ ဆန်းကြယ်မှုကို မြင်တွေ့နိုင်၏။ စိတ်၏ ဆန်းကြယ်မှုကို မမြင်တွေ့နိုင်ပါ။ စိတ်သည် ရုပ်ကိုလွှမ်းမိုးနိုင်သော အစွမ်းသတ္တိရှိပေရာ စိတ်၏

www.dhammaransi.com



ဆန်းကြယ်မှုများသည် ရုပ်၏ ဆန်းကြယ်မှုများထက် အဆရာထောင်မက သာလွန်သည်သာ ဖြစ်သည်။

စိတ်၏ အစွမ်းသတ္တိကို လူသားတို့လိပ်ပတ်လည်အောင် သိမြင်နိုင်ရန် မလွယ်ပါ။ ဗုဒ္ဓ၏ ဉာဏ်တော်ဖြင့်သာ မြင်စွမ်းနိုင်ပါသည်။

စိတ်သည် လောကကြီးကို ဦးဆောင်နေ၏။

စိတ်သည် လောကကြီးကို ဆွဲငင်နေ၏။

လောကကြီးသည် တစ်ခုတည်းသော တရားဖြစ်သည့် စိတ်၏ အလိုသို့ လိုက်ပါနေရ၏။

စိတ်သည်လောကသုံးပါးကို ဦးဆောင်နေသူ၊ စီမံပြုပြင်သူ ဖန်တီးသူ အစစ်ဖြစ်သည်။

စိတ်၏ အစွမ်းသတ္တိကို မသိနားမလည်သော လူသားတို့က တကယ်မရှိသော ကောင်းကင်ဖန်တီးရှင်ကို အရှိဟု ထင်နေကြသည်။

တကယ်ဖန်တီးရှင် အစစ်မှာ နှလုံးသားထဲမှာပင် ရှိနေ၏။

## စိတ်ကလေး၏အလုပ်

စိတ်ကလေးသည် မှီခိုနေစရာခန္ဓာအိမ် ပြုလုပ်ပြီး နှလုံးဘူးလိုဏ် အတွင်း၌ ကဇာတ်ဆရာကြီး ဖန်ဆင်းပြုလုပ်အပ်သော ဟဒယဝတ္ထုရုပ်ဟူသော နှလုံးသွေး ရုပ်ရည်မှုန့်ကလေးအပေါ်မှာ မှီတွယ်နေပါသည်။

ဤနှလုံးသွေး ရုပ်ရည်မှုန့်ကလေးပေါ်သို့ ရုပ်ဖြစ်စအခါ အစဆုံးအချိန် ကပင်ရောက်လာသည်။

အစဆုံး ပထမကလလ ရေကြည်တည်စက ကံကြောင့် ရုပ်ရည်မှုန့် ကလေးသုံးခု အမိဝမ်း သားအိမ်အတွင်းမှာ ဖြစ်ပေါ်လာကြရာ ထိုရုပ်ရည်မှုန့် ကလေးသုံးခုတို့တွင် တစ်ခုသော ရုပ်ရည်မှုန့်ကလေးအပေါ်မှာ ဤစိတ်ကလေးမှီ တွယ်လျက် ရုပ်နှင့်တစ်ပြိုင်တည်း ပါလာသည်။

ဤစိတ်မှီတွယ်ရာ ရုပ်ရည်မှုန့်ကလေးပင် နှလုံးသွေးဖြစ်၍လာသည်။ ရုပ်ရည်မှုန့်ကလေးတွေလည်း များ၍များ၍လာသည်။

စိတ်ကလေးသည် ဤကဲ့သို့ နှလုံးဘူးလိုဏ်အတွင်း၌ ကိန်းဝပ်နေထိုင် လျက်၊ မျက်စိအကြည်ဓာတ်ခါး (စက္ခုဒွါရ) ၌ရူပါရုံလာ ထိခိုက်လာလျှင် နှလုံးဘူး

www.dhammaransi.com



လိုဏ်အတွင်းမှ ထွက်ခဲ့၍ စက္ခုအကြည်တံခါးသို့ ရောက်၍ ထိခိုက်လာသော ရူပါရုံကို ခံစားပြီးလျှင် နှလုံးဘူးလိုဏ်အတွင်းသို့ ပြန်ဝင်နေပြန်၏။

ထိုနည်းတူ နားအကြည်တံခါး (သောတဒွါရ၌) ၌သဒ္ဒါရုံဝင်လာထိခိုက်လျှင်နှလုံးဘူးလိုဏ်အတွင်းမှ ထွက်ပြန်၍သောတအကြည်တံခါးသို့ ရောက်၍ ထိခိုက်သော သဒ္ဒါရုံကို ခံစားပြီးလျှင် နှလုံးလိုဏ်အတွင်းသို့ ပြန်ဝင်နေပြန်၏။

- ဃာနဒွါရ နှာခေါင်းအကြည်တံခါး၌ ဂန္ဓာရုံ၊
- ဇိဝှာဒွါရ လျှာအကြည်တံခါး၌ ရသာရုံ၊
- ကာယဒွါ ရ ကိုယ်အကြည်တံခါး၌ ဖောဋ္ဌဗ္ဗာရုံ၊

ထိခိုက်လာလျှင် ရှေးနည်းအတူပင် ထွက်၍ခံစားပြီးလျှင် နှလုံးဘူးလိုဏ်အတွင်းပြန်ဝင်နေလေသည်။

## စိတ်တတ်ကလေး ကိုယ်ထဲ၌ဖြစ်နေပုံ

စိတ်ကလေး ခန္ဓာကိုယ်ထဲ၌ တည်နေပုံမှာ–ပင့်ကူအိမ်ပုံစံနှင့် တူပါသည်။ ပင့်ကူသည် ချည်မျှင်တွေ တန်းလျက် အိမ်ဖွဲ့၍ မိမိကား အလယ်ချက်မ၌ နေလျက် တစ်ခုခုသောအစွန်း၌ ယင်ဖြစ်စေ၊ လိပ်ပြာဖြစ်စေ၊ တစ်စုံတစ်ကောင်သောပိုးဖြစ်စေ ငြိတွယ်မိသည်ရှိသော် မိမိချည်ကြိုးတို့ဖြင့် လျှောက်သွားပြီး ချက်မသို့ပြန်၍ နေသည်။

စိတ်သည် ဤကဲ့သို့သဘော ရှိသည်ဟု ဆရာတို့က ဆိုပါသည်။

ဝလ္လိယမထေရ်ကမူ တံခါးငါးပေါက်ရှိသော အိမ်တွင်းသို့ဝင်၍ အလယ်ချက်မ၌နေလျက် တံခါးငါးပေါက်တို့ကို လှည့်လည်ပြေးလွှားနေသော မျောက်နှင့် တူသည်ဟု ဥပမာပေးထားပါသည်။ စိတ်သည်စက္ခုသောတ စသော အာရုံငါးပါး၌ မပြတ်ပြေးသွားလျက်ရှိ သည်။ ထိုစိတ်ကလေးကို ပြေးမသွားအောင် ပညာတည်းဟူသော သော့နှင်တံဖြင့် နှိပ်ကွပ်ဆုံးမထားရမည်ဟု ဟောထားခဲ့ပါသည်။

စိတ်သည် မျောက်ပင့်ကူထက်ပင် သာလွန်၍ လျှပ်ပေါ်လော်လည်၍ မတည်မကြည် ပြေးသွားတတ်သည်။ စိတ်သည် ဖြစ်ပြီးပျက် – ဖြစ်ပြီးပျက်အားဖြင့် အလွန်တရာ အသက်တိုသည်ဖြစ်၍ စိတ္တက္ခဏတစ်ချက်တည်းဖြင့် ငါးဒွါရသို့ ရောက်အောင်မပြေးသွားနိုင်ပါ။ စိတ္တက္ခဏ အဆက်ဆက်သွားမှ ရောက်နိုင်သည်။ စိတ္တက္ခဏ အဆက်ဆက်အားဖြင့် ငါးဒွါရသို့ ပြေးသွားနေသည်။

– စိတ်၏ ဖြစ်ပေါ်ဆဲခဏလေးကို ဥပါဒ်ခဏ၊

www.dhammaransi.com



–ပျက်ကွယ်ဆဲ ခဏလေးကို ဘင်ခဏ၊
– ထိုဥပါဒ် ဘင်တို့၏ အကြားကာလကလေးကို ဌီခဏဟုခေါ်သည်။
– ဌီဆိုသော်လည်း ကြာကြာတည်နေသည်မဟုတ်။

ဤဥပါဒ် ဌီဘင် ခဏငယ်သုံးပါးနှင့် ပြည့်စုံသော စိတ်တစ်ချက်ကို စိတ္တက္ခဏဟု မှတ်ယူရပါသည်။

## ပရမတ်သဘောအရ လူစိတ်ကလေး ဘဝသစ်ကူးပုံ

သတ္တဝါတစ်ဦး သေလုနီးသောအချိန်တို့တွင် သေနိမိတ် (ပရဏာသန္န နိမိတ်) ထင်လာသည်။ သတ္တဝါတစ်ဦးတွင် ပြုထားသောကုသိုလ်ကံ၊ အကုသိုလ်ကံ အမြောက်အများရှိရာ ထိုကံများအနက်မှ နောက်ဘဝတွင် အကျိုးပေးတော့မည့် ကံတစ်ခုသည် ထင်ထင်ရှားရှား ထွက်ပြူလာတတ်ပါသည်။

နေကွယ်ချိန်တွင် တောင်ကြီး၏အရိပ်သည် တောင်၏ ရှေ့မျက်စာ အားလုံးကို ဖုံးအုပ်သွားသကဲ့သို့ အကျိုးပေးတော့မည့် ကံအစွမ်းသည် အခြားကံ အားလုံးတို့၏ အစွမ်းသတ္တိကို လွှမ်းမိုးသွားလေသည်။

ထိုအခါ ထိုကံကို ပြုလုပ်စဉ်အခါက ဖြစ်ပေါ်ခဲ့သော စိတ်စေတနာ တို့သည် ထိုစဉ်ကအတိုင်း ဖြစ်ပေါ်လာ၏။ ထိုသို့ ဖြစ်ပေါ်လာခြင်းကိုက နိမိတ် ထင်သည်ဟုဆိုသည်။

ထိုကံကို ပြုလုပ်စဉ်အခါက မြင်တွေ့ခဲ့ရသော ရှုခင်းများ ကြားသိခဲ့ ရသော အသံများ၊ နမ်းရှုခဲ့သော အနံ့များစသော ကမ္မနိမိတ်အမျိုးမျိုးသည်လည်း ထိုစဉ်ကအတိုင်း မနောဒွါရဟူသော စိတ်တံခါး၌ ထင်ပေါ်လာပါသည်။

ဤသို့ထင်ပေါ်လာသည်ကို ကမ္မနိမိတ် ထင်ပါသည်ဟုဆိုပါသည်။

အကျိုးပေးတော့မည့် ကံအစွမ်းကြောင့် လားရောက်ရမည့် ဘုံဌာန၊ ဥပမာ–နတ်ပြည်သွားရမည့် သူသည် နတ်ဘုံနတ်နန်း၊ ငရဲသွားရမည့်သူသည် ငရဲမီး၊ ငရဲမီးလျှံ၊ လူပြည်ပြန်လာရမည့် သူသည်အမိဝမ်းရေး၊ ပြိတ္တာသွားမည့် သူသည်တောတောင်စသော အာရုံနိမိတ်များ ထင်ပေါ်လာပါသည်။

ဤသို့ ထင်ပေါ်လာသည်ကိုဂတိနိမိတ် ထင်လာသည်ဟုဆိုပါသည်။

ဤသည်တို့မှာ နောက် [illegible] ဂတိ [illegible] နေရမည့် သတ္တဝါတိုင်း

www.dhammaransi.com



မလွဲမသွေ ကြုံတွေ့ရမည့် ဖြစ်ရပ်ဖြစ်သည်။

ရုပ်တရက် သေဆုံးသူများ၌လည်း နိမိတ်ထင်ပေါ်လာပါသည်။ စိတ်သည် လက်ဖျောက်တစ်ချက်တီး အချိန်၌ပင် ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားနိုင်သည်ဟု ဆိုထားရာ မည်မျှပင် ဆောလျင်စွာ သေရစေကာမူ မရဏာသန္န (ဇော) နိမိတ်ထင်ရန် အချိန်အလုံအလောက် ရှိပေသည်သာ။

ထိုနိမိတ်များ၌ ပဉ္စဒွါရ(သို့မဟုတ်) မနောဒွါရထင်လာသောအခါ မရဏာသန္နဝီထိ (သေရာခရီးစဉ်) ဖြစ်၏။ ထိုဝီထိ (ခရီးစဉ်) ဖြစ်သည့်အချိန်၌ စိတ်များနှင့် ဟဒယ ဝတ္ထုတို့သည် ခွန်အားလျော့နည်း နေသည့်အတွက် ဇော (၅)ကြိမ်သာ စောလေ့ရှိ သည်။

မနောဒွါရ၌ မရဏာသန္နနိမိတ်ထင်လာခြင်းအတွက် မရဏာသန္နဝီထိ ဖြစ်ပုံမှာ -

၁။ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း ဇော-ဇော-ဇော-ဇော-တဒါရုံ-တဒါရုံ-ဘဝင်စုတိ ပဋိသန္ဓေ ဘဝင်။

၂။ တီ-တီ-န-ဒ-မ-ဇော-ဇော-ဇော-ဇော-ဇော-ရုံ-ရုံ စုတိ-ပဋိ-ဘဝင်။

၃။ တီ-တီ-တီ-န-ဒ-ဇော-ဇော-ဇော-ဇော-ဇော-ဘဝင်-စုတိ-ပဋိ-ဘဝင်။

၄။ တီ-တီ-တီ-တီ-နဂုံ-မ-ဇော-ဇော-ဇော-ဇော-ဇော- စုတိ-ပဋိ-ဘဝင်။

အတီတဘဝင်စိတ် စသည် မနောဒွါရ၌ နိမိတ်ဝင်ရောက် တိုက်ခတ်လာသည့် အနိုက်ဖြစ်သည်။

ဘဝင်္ဂလစန- ဘဝင်္ဂုပစ္ဆေဒ (လှုပ်သောဘဝင်နှင့်ပြတ်သောဘဝင်) မနောဒွါရ၌ နိမိတ်အာရုံ ထင်ရှားလာသည့်အတွက် ဘဝင်စိတ်နှစ်ကြိမ်လှုပ်ပြီး ဘဝင်စိတ် အစဉ်ပြတ်သွားခြင်း ဖြစ်သည်။ မနောဒွါရာဝဇ္ဇန်းစိတ်သည် ထင်ပေါ်လာသောအာရုံကို နှလုံးသွင်းဆင် ခြင်ပြီးဆုံးဖြတ်သည်။

ဇောစိတ်သည် ထင်လာသောအာရုံကို အရှိန်အဟုန်နှင့် ခံစားသော စိတ်ဖြစ်သည်။ ယင်းသည် ငါးကြိမ်ဆက်ဖြစ်သည်။ တဒါရုံသည် အရှိန်အဟုန်နှင့် ဖြစ်နေသော ဇောစိတ်နောက်သို့ လိုက်ပါခြင်းဖြစ်သည်။ တဒါရုံနှစ်ကြိမ်ဖြစ်သည်။

www.dhammaransi.com



ထို့နောက် ဘဝင်စိတ်ဖြစ်သည်။

ထို့နောက် နောက်ဆုံးစုတေစိတ်ဖြစ်ကာ ဘဝချုပ်သည်။

ပဋိသန္ဓေစိတ်သည် နောက်ဘဝကူးမည့် ပဋိသန္ဓေကူး ပဋိသန္ဓေဖြစ်သည်။

ဘဝသစ်၌ ပဋိသန္ဓေစိတ် တစ်ကြိမ်ဖြစ်ပြီးနောက် ဂံအစွမ်းရှိသမျှ ဘဝင်စိတ်သည် ဆက်လက်ဖြစ်ပေါ်နေပေလိမ့်မည်။

မရဏာသန္နမိတ် ထင်ပေါ်ခြင်းသည် မသိမသာအဆင့်ဆင့် အားနည်းသွားလျှင် အတီတဘဝင် (၂)ချက် သို့မဟုတ် (၃)ချက် သို့မဟုတ် (၄)ချက် လွန်ပြီးသောအခါမှ အာရုံထင်ရှားလာပါသည်။

ထို့နောက် ဘဝင်နှစ်ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် မနောဒွါရ ဝဇ္ဇန်းစိတ်နှင့် ဇောစိတ်တို့သည် ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဖြစ်ပေါ်ကြသည်။

တဒါရုံသည် (၂) ကြိမ်ဖြစ်ပြီးသောအခါ စုတိစိတ်ဖြစ်ပေါ်လာတော့သည်။

ဤဖော်ပြပါ မရဏာသန္နဝီထိ (သေခါနီးစဉ်၌ ယခုဘဝင်စိတ်သေစိတ်) (စုတိစိတ်) ဖြစ်သည်နှင့် တစ်ပြိုင်နက် နောက်ဘဝ၏ ပဋိသန္ဓေစိတ်သည် အခြားမရှိဘဲ ဖြစ်ပေါ်လာသည်ကို မြင်တွေ့ရပါသည်။ ထိုဘဝကျန်သော ရုပ်ခန္ဓာ၌ စိတ်မရှိတော့ပြီ။

စိတ်တို့၏ အစွမ်းသတ္တိသည် အနေဌာနချင်း မည်မျှဝေးကွာနေစေကာမူ ကူးသန်းသွားရာ အချိန်များစွာ မကြာဘဲ ချက်ခြင်းရောက်သွားတတ်သည်။ နတ်ပြည် ရောက်မည့်သူသည် ချက်ခြင်း ဥပပတ္တိပဋိသန္ဓေဖြင့် ဘွားကနဲ သွားဖြစ်သည်။

ဤအဆုံးစွန်ဖြစ်၍ ချုပ်သောစိတ်ကို ဤဘဝမှ နောက်ဘဝသို့ ရွေ့ပြောင်းတော့မည် စိတ်ဖြစ်၍ဘဝင်စိတ်ကို စုတိစိတ်ဟုခေါ်သည်။

စုတိဟူသည် = ရွေ့လျောခြင်း သဘောဖြစ်သည်။

## ပဋိသန္ဓေစိတ်

မရဏာသန္နဇော (သေခါနီးဇော) ငါးချက်တို့သည် -

- ပထမဇော၏ အခြားမဲ့၌ ဒုတိယဇော

www.dhammaransi.com



- ဒုတိယဇောဧ် အခြားမဲ့၌ တတိယဇော
- တတိယဇောဧ် အခြားမဲ့၌ စတုတ္ထဇော
- စတုတ္ထဇောဧ် အခြားမဲ့၌ ပဥ္စမဇော
- ပဥ္စမဇောဧ်အခြားမဲ့၌ဝုတိစိတ်သည် အနန္တရသမနန္တရအဆက်ဆက် ကျေးဇူးပြုလျက် အခြားအတပ်မရှိဘဲ စိတ်အစဉ်စပ်၍ ဖြစ်ဘိ သကဲ့သို့ နောက် ပဋိသန္ဓေအစ စိတ်ဖြစ်ပေါ်လာရသည်။

ဤပဋိပုဗ္ဗနိဘဝ၌ ရှေးဦးစွာ ဖြစ်ပေါ်လာရသော စိတ်ကိုရှေးဘဝနှင့် ဆက်စပ်၍ ဖြစ်သောစိတ်ဖြစ်ခြင်းကြောင့် ပဋိသန္ဓေဟုခေါ်သည်။

ဤပဋိသန္ဓေစိတ်သည်

အရူပဘုံ၌ဖြစ်မူ ရုပ်မရှိ၍ မိမိချည်း ကောင်းကင်၌ တည်သည်။

ရုပ်ရှိသောဘုံမှာဖြစ်လျှင် ကံကြောင့်မိမိနှင့်အတူတကွ ဖြစ်ပေါ်လာ သောဟဒယရုပ်ဝတ္ထုကိုမှီ၍ ဖြစ်ပေါ်လာ၏။

ပဋိသန္ဓေသည် မိမိအရင်ဖြစ်နှင့်သော ဟဒယဝတ္ထုမရှိသော ကြောင့်မိမိနှင့်တစ်ပြိုင်နက် ဖြစ်ပေါ်လာသော ဟဒယဝတ္ထုရုပ်ကိုပင် မှီ၍တွယ်ရ သည်။

ပဋိသန္ဓေစိတ်သည် ပြုအပ်သော နိမိတ်အာရုံကို အာရုံပြု၍ ဤ ပဋိသန္ဓေစိတ် အဆက်ဆက် ဖြစ်၍သွားသော စိတ်စုကို ဤပဋိပုဗ္ဗနိဘဝ၌ မပြတ်အောင် မြစ်ရေယဉ်ကဲ့သို့ ဆက်လက်၍သွားသောစိတ်ဖြစ်သောကြောင့် ယင်းကိုဘဝင်စိတ်ဟုခေါ်သည်။

ဤပဋိသန္ဓေစိတ် ဘဝင်စိတ်စုကို ကံပေးသောနိမိတ် အာရုံကိုယူ၍ ကံပစ်ချရာဘဝ၌ ကံအားကောင်းလျှင်ကောင်းလိုက်၊ ကံအားညံ့လျှင် ညံ့လိုက်၊ ကံပြုပြင်သောအတိုင်း ကံစီရင်သောအတိုင်း၊ ကံအစွမ်းအားလျော်စွာ ဖြစ်သော စိတ်စု ကံအမျိုး ဝိပါတ်စိတ်ဟုခေါ်သည်။

ဤဝိပါက်စိတ်အစဉ်သည် ကံပေးသော အတိတ်အာရုံကို အာရုံပြု လျက်ဖြစ်ပြီး ရေအယဉ်၌ မျောပါလေသော ဖက်ရွက်ကလေးကဲ့သို့ အမူအရာ ဗျာပါရ အလွန်ကင်းလျက် အလွန်ငြိမ်သက်စွာ ဖြစ်နေခြင်းကြောင့် ဤဘဝင်စိတ် ဖြစ်နေသော အချို့ပုဂ္ဂိုလ်သည် ဘာမျှမသိတော့ပါ။

ဤသို့နေသည်ကို အိပ်ပျော်နေသည်။ မျောနေသည်။ မေ့နေသည်ဟု

www.dhammaransi.com



လောက၌ ခေါ်နေကြသည်။

လူသတ္တဝါ၏ ကာမာဝစရကုသိုလ်စိတ်၊ ရူပါဝစရကုသိုလ်စိတ်၊ အရူပါဝစရကုသိုလ်စိတ်တို့ဖြင့် အားထုတ်မှုကို သခါရတို့သည် စုတေ သေခါနီးကာလ၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ကိုသတ္တဝါ၏ စိတ်တွင် ထင်ပေါ်လာမြဲဖြစ်သည်။ ထိုသို့ထင်ပေါ်နေခိုက် စိတ်အစဉ်ပြတ်စဲ၍ သေလွန်သွားသည်နှင့် တစ်ပြိုင်နက်လားရာဂတိ အာရုံနိမိတ်ကို စွဲလမ်းလျက် ဘဝသစ်၌ စိတ်သစ် (ပဋိသန္ဓေစိတ်) ဖြစ်ပေါ်လာသည်။

စိတ်သည် ပဋိသန္ဓေစိတ်ဖြစ်စေ၊ အခြားမည်သည့် စိတ်ဖြစ်စေ ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက်သာရှိ၍လျှပ်တစ်ပျက်အတွင်း၌ ကုဋေပေါင်း တစ်သိန်းခန့်မျှ ဖြစ်ပျက်သွားသည်။ ထိုမျှ လျင်မြန်စွာ ပဋိသန္ဓေစိတ်ခဏကလေးအတွင်း ဖြစ်ပေါ်သွားသော နာမ်၊ စိတ်နှင့် ရုပ်တို့ကို သိမြင်ရန် မလွယ်ကူပါချေ။

ထို့ကြောင့်စိတ်ကို အာရုံငါးပါးဖြင့် ဖြစ်စေ၊ ဝင်စားဆင်ခြင်မှုကြောင့်ဖြစ်စေ အာရုံငါးပါးနှင့် ဝင်စားဆင်ခြင်မှုပါသော လက်တွေ့စမ်းသပ်မှုဖြင့် ဖြစ်စေ၊ သိပ္ပံကိရိယာအသုံးပြု၍ ဖြစ်စေ၊ ထိုမျှ လျင်မြန်သောစိတ်က တစ်ခဏအတွင်း ကူးပြောင်းသွားပုံကို သိမြင်ရန်မှာ မဖြစ်နိုင်၊ မလွယ်နိုင်ပါချေ။

သို့အတွက် စိတ်သည် သူ့သဘောအတိုင်း သူ့နိယာမအတိုင်း ပြောင်းလဲနေသည့် အနိစ္စသဘောရှိသည်။ အတ္တအဖြစ်မှဆိတ်သုန်းသော အနတ္တသဘောသာဖြစ်သည်။

ဘဝသစ်ဖြစ်ခြင်းဟူသော ပဋိသန္ဓေစိတ်ဟူသည်မှာလည်း ဥပါဒ် ဌီ ဘင် ခဏများဖြင့် အလွန်လျင်မြန်စွာ ပြောင်းလဲနေသော စိတ်တစ်ခဏတို့က ဥပါဒ် ဌီ ဘင်အားဖြင့် ဆက်စပ်ဖြစ်ပေါ်သွားခြင်း ဖြစ်သည်။ လိပ်ပြာ၊ အတ္တစသည်က ဘဝသစ် ကူးပြောင်းသွားခြင်းမဟုတ်ပေ။

ဥပါဒ်၊ ဌီ၊ ဘင် ခဏအားဖြင့် အလွန်လျင်မြန်စွာပြောင်းလဲနေသော စိတ်အစဉ်၌ ကံတို့၏ စွမ်းအင်သည် အကြောင်းအကျိုးအမျိုးမျိုး နှီးနွယ်ကာဆက်စပ်ပါဝင်နေပြီး ထိုကံတို့၏ စွမ်းအင်မကုန်သရွေ့ ဘဝတို့သည် ဆက်လက်ဖြစ်ပေါ်လျက်ရှိနေဦးမည်။

ဗုဒ္ဓဒေသနာများ၌ ဘဝကူးပြောင်းပုံကို မီးကူးဆက်ပုံနှင့် ဥပမာပြထားသည်။ ပထမဆီမီးတိုင်မှ ဒုတိယဆီမီးကို ကူးယူညှိရာ ဒုတိယဆီမီး၌ တောက်နေ

သောမိုးသည် ပထမဆိမ်းမဟုတ်သလို ထိုပထမဆိမ်းနှင့်လည်း ကင်း၍မဖြစ်သလို၊

ပွဲတင်သံထွက်မှုသည် ပထမအော်လိုက်သော အသံမဟုတ်သလို ထိုပထမအော်သံနှင့်လည်းကင်း၍မဖြစ်ချေ။

ဗုဒ္ဓတရားတော်တွင် ကာမာဝစရကုသိုလ်စိတ်၊ ရူပါဝစရ ကုသိုလ်စိတ်၊ အရူပါဝစရကုသိုလ်စိတ်တို့ဖြင့် အားထုတ်ခြင်း၊ ကံတို့၏ သက်ဆိုင်ရာ အကျိုးဝိပါတ်တို့ သက်ရောက်ဖြစ်ပေါ်စေနိုင်သော စွမ်းအင်သတ္တိများရှိကြောင်း ဟောကြားထားသည်။

ပုညာဘိသံခါရ (ကုသိုလ်ပြုလုပ်မှု) ဖြစ်သော ကာမာဝစရ ကုသိုလ် (၈)ပါးဖြင့် အားထုတ်မှုကံကြောင့် လူသတ္တဝါ သေလွန်သွားသောအခါ ထိုကာမကုသိုလ် (၈)ခုနှင့်အလားတူသော မဟာဝိပါက်စိတ်(၈)ခုသည် (အကျိုးဝိပါက်အနေဖြင့်) လူ့ဘုံနှင့်နတ်ပြည် (၆)ထပ်တွင် ဘဝစဖြစ်ခြင်းဟူသော အစပဋိသန္ဓေစိတ်အနေဖြင့် ဖြစ်သည်။

မြင်ကြားတွေ့သိမှုဖြစ်သည့်အခါ ဇော (၇)ကြိမ်၏ နောက်မှလိုက်၍ တဒါရုံအဖြစ်နှင့် အာရုံကောင်းများကို အာရုံပြုလျက်လည်းဖြစ်၏။

ထို့ပြင် ကောင်းသောအရာကို မြင်သိသောစက္ခုဝိညာဏ်စိတ်။

ကောင်းသောအသံကို ကြားသိသော သောတဝိညာဏ်စိတ်။

ကောင်းသောအနံ့ကို နံသိသော ဃာနဝိညာဏ်စိတ်။

ကောင်းသောအစာကို စားမိသော ဇိဝှာဝိညာဏ်စိတ်။

ကောင်းသောအတွေ့အထိကို ထိတွေ့သိသော ကာယဝိညာဏ်စိတ်။

ထိုအာရုံကောင်းတို့ကို လက်ခံအာရုံပြုသော သမ္ပဋိစ္ဆိုင်းစိတ်။

ဝမ်းသာ၍ စုံစမ်းနေသော သောမနဿသဟဂုဏ်၊ သန္တီရဏစိတ်။

ဝမ်းမသာဘဲ စုံစမ်းနေသော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ဤ(၈)ပါးသည် အကျိုးဝိပါက်အနေဖြင့် ဖြစ်ပေါ်လာကြသည်။

ရူပဝစရစိတ် (၅)ခုဖြင့် အားထုတ်မှုသခံါရကံကြောင့် လူသတ္တဝါ သေလွန်သောအခါ ရူပဘုံတို့၌ ရူပဝိပါက်စိတ် (၅)ခုသည်လည်း ပဋိသန္ဓေဘဝင် စုတိအနေဖြင့် ဖြစ်ပေါ်ကြသည်။

အပုညာဘိသင်္ခါရ (အကုသိုလ်အားထုတ်မှု) ဖြစ်သော အကုသိုလ်စိတ် (၁၂)ပါးဖြင့် အားထုတ်မှုသင်္ခါရကြောင့် လူသတ္တဝါသေလွန်သောအခါ အပါယလေးဘုံ၌ ဘဝ၏အစဖြစ်ခြင်း ပဋိသန္ဓေစိတ်ဖြစ်ရ၏။

www.dhammaransi.com



မကောင်းသော အာရုံကို မြင်သိရခြင်း စက္ခုဝိညာဏ်စိတ်။
မကောင်းသော အနံ့ကို ကြားသိရခြင်း သောတဝိညာဏ်စိတ်။
မကောင်းသော အနံ့ကို နံသိရခြင်း ဃာနဝိညာဏ်စိတ်။
မကောင်းသော အစာကိုစားသိရခြင်း ဇိဝှာဝိညာဏ်စိတ်။
မကောင်းသော အတွေ့အထိကို တွေ့သိရခြင်း ကာယဝိညာဏ်စိတ်။

ထိုစိတ်ငါးမျိုးနှင့် မြင်, ကြား, နံ, စား, ထိ, သိပြီးသောအခါ ယင်းအာရုံငါးမျိုးကို လက်ခံ၍–

အာရုံပြုနိုင်သော သမ္ပဋိစ္ဆိုင်းစိတ်။
စုံစမ်းဆင်ခြင်နိုင်သော သန္တီရဏစိတ်။

ဤအကုသလဝိပါက် (၇)မျိုးအနေဖြင့် ဖြစ်ပေါ်လာကြသည်။

အာနဉ္စာယတနသံခါရဖြစ်သော အရူပကုသိုလ်စိတ် (၄)ခုဖြင့် အားထုတ်မှုကံ သံခါရကြောင့် လူသတ္တဝါသည် သေလွန်သောအခါ အရူပ(၄)ဘုံ၌ အရူပဝိပါက် စိတ်(၄)ခုသည် ဘဝ၏အစတွင် ပဋိသန္ဓေအဖြစ် အလယ်တွင် ဘဝင်အဖြစ် အဆုံးတွင် စုတိစိတ်အဖြစ်နှင့်ပင်ဖြစ်ပေါ်လာကြ၏။

ဖော်ပြခဲ့သော ကာမကုသလဝိပါက် (၁၆)ပါး၊ ရူပဝိပါက် (၅)ပါး၊ အကုသလဝိပါက် (၇)ပါး၊ အရူပဝိပါက် (၄)ပါး၊ စုစုပေါင်း (၃၂)ပါးသော စိတ်ဝိညာဏ်များသည် မြှုမှုအားထုတ်မှု ကံသံခါရကြောင့် သက်ရောက်ဖြစ်ပေါ်လာသော အကျိုးဝိပါတ် ဝိညာဏ်များဖြစ်သည်။

သံခါရကြောင့် ပဋိသန္ဓေစိတ်နှင့် အကျိုးဝိပါက်စိတ် ဝိညာဏ်နာမ်တရားများဖြစ်ပေါ်သကဲ့သို့ သံခါရကြောင့်ပင် ရုပ်တရားတို့သည်လည်း တစ်ပြိုင်နက် ဖြစ်ပေါ်လာကြသည်။

ပဋိသန္ဓေစိတ်ဖြစ်လျှင် ထိုစိတ်နှင့်အတူတူ တစ်ပြိုင်နက်တည်းပင် သံခါရဟူသော ကံကမ္မဇရုပ်ကလာပ် (၃)ခု၊ ရုပ်ပေါင်း (၃၀)သည် ဖြစ်ပေါ်လာရသည်။

ကမ္မဇရုပ်ဆိုသည်မှာ ကံကြောင့်ဖြစ်သော ရုပ်အပေါင်းကိုဆိုလိုပါသည်။ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ စိတ်တိုင်း စိတ်တိုင်း၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း ခဏတိုင်း အသစ်အသစ် ထပ်၍ဖြစ်၏။

ကမ္မဇရုပ်ဆိုရာဝယ် ကာယဒသကၤ ဘာဝဒသကၤ ဝတ္ထုဒသက

www.dhammaransi.com



ဟုခေါ်သော ရုပ်ကလပ် (၃)မျိုးကိုခေါ်ခြင်းဖြစ်သည်။

ကာယဒသကဟူသည် အောက်ပါရုပ် (၁၀)ပါးဖြစ်သည်။

| | | | |
|---|---|---|---|
| ၁။ | ကာယပသာဒရုပ် | ၆။ | ဝဏ္ဏ |
| ၂။ | ပထဝီ | ၇။ | ဂန္ဓ |
| ၃။ | အာပေါ | ၈။ | ရသ |
| ၄။ | တေဇော | ၉။ | ဩဇာ |
| ၅။ | ဝါယော | ၁၀။ | ဇီဝိတ |

ဘာဝဒသကဟူသည် အောက်ပါ (၁၀)ပါးဖြစ်သည်။

| | | | |
|---|---|---|---|
| ၁။ | ဘာဝရုပ် | ၆။ | ဝဏ္ဏ |
| ၂။ | ပထဝီ | ၇။ | ဂန္ဓ |
| ၃။ | အာပေါ | ၈။ | ရသ |
| ၄။ | တေဇော | ၉။ | ဩဇာ |
| ၅။ | ဝါယော | ၁၀။ | ဇီဝိတ |

ဘာဝရုပ် ဟူသည်မှာ မိန်းမဖြစ်ကြောင်း မျိုးစေ့ရုပ်၊ ယောက်ျားဖြစ်ကြောင်းမျိုးစေ့ရုပ်ကို ဆိုလိုသည်။

မိန်းမဖြစ်မည့်သူ၌ ဣတ္ထိဘာဝရုပ် ဖြစ်ပေါ်လာပြီး ထိုသဘာဝရုပ်ကြောင့်မိန်းမပုံသဏ္ဍာန် စိတ်နေစိတ်ထား အမူအရာများသည် ရုပ်သဏ္ဍာန်ရင့်ကျက်လာသောအခါ ထင်ရှားဖြစ်ပေါ်လာ၏။ ထို့နည်းတူ ယောက်ျားဖြစ်မည့်သူ၌ ပုမ္ဘာဝရုပ်ဖြစ်ပေါ်လာပြီး ယောက်ျားပုံသဏ္ဍာန် စိတ်နေစိတ်ထား အမူအရာများ ထင်ရှားဖြစ်ပေါ်လာပါသည်။

မိန်းမ မဟုတ် ယောက်ျားမဟုတ်သော နပုံးပဏ္ဍုတ်မှာမူ၊ ထိုဘာဝဒသကရုပ်မပါချေ။ ကာယဒသကဝတ္ထု ဒသကကလပ် (၂)ခုသာပါသည်။

ထိုအတူ ဝတ္ထုဒသက၌လည်း ဝတ္ထုရုပ်နှင့်တကွ ပထဝီ၊ အာပေါ စသော ရုပ် (၁၀)ပါး ပါဝင်၏။

ထိုဝတ္ထုဒသကရုပ် (၁၀)ပါးထဲရှိ ဝတ္ထုရုပ်သည် ပဋိသန္ဓေ ဘဝင် စုတိ အစရှိသော ဝိညာဉ်စိတ်တို့၏ မှီရာ ရုပ်ဟဒယဝတ္ထုဖြစ်သည်။

ကာယ၊ ဘာဝ၊ ဝတ္ထုဒသက ကလာပ် (၃)ခု၊ ရုပ်ပေါင်း (၃၀)ကို ကလလရေကြည်ရုပ်ဟု ခေါ်သည်။ လူ့ဘဝသည် ထိုကလလရေကြည်မှစ၍

www.dhammaransi.com



ဖြစ်ပေါ်လာသည်။

ပဋိသန္ဓေစိတ်၏ ဌီခဏာကစ၍ ဖြစ်ခဲ့ပြီးသော ရုပ်စဉ်ထဲရှိ ဥတုဟုခေါ်သော တေဇောဓာတ်သည် စိတ်၏ဥပါဒ် ဌီ ဘင် ခဏာတိုင်း ခဏာတိုင်းတွင် ဥတုဇရုပ်ကို ဖြစ်ပွားသည်။

ပဋိသန္ဓေစိတ်၏ အခြားမဲ့ ပထမဘဝင်စိတ်၏ ဥပါဒ်ခဏာမှ စပြီးစိတ်၏ ဥပါဒ်ခဏာတိုင်း ခဏာတိုင်းတွင် စိတ္တဇရုပ်သည်လည်းဖြစ်၏။

အာဟာရရုပ်မှာမူ မိခင်ကိုယ်မှ အာဟာရ ပျံ့နှံ့စိမ့်ဝင်လာသော အခါမှစ၍ဖြစ်ပေါ်လာ၏။

## စိတ်အာရုံထိခိုက်မှု ဘဝင်များ

စိတ်သခင်နေဖို့ရာ ကံဆရာဆောက်လုပ်အပ်သော ရုပ်ခန္ဓာအိမ်သည် တံခါးငါးပေါက်တို့နှင့် ပြည့်စုံစွာ ကြီးရင့်ပြီး အမိဝမ်းတွင်းမှ ဖွားမြင်ထွက်ပေါ်လာသည်။

မျက်စိအကြည်တံခါးနှင့် အပြင်က ရူပါရုံထင်လာ ထိခိုက်လာ၏။ ထိုသည်နှင့် မရှေးမနှောင်းတစ်ပြိုင်နက် ထိုရူပါရုံသည် နှလုံးဘူးလိုဏ်အတွင်းမှုလဘဝင်စိတ်မှာလည်း ထင်လာထိခိုက်လာ၏။

ယင်းသည် သစ်ပင်၌ ငှက်နားသောအခါ သစ်ကိုင်း၌ငှက်နားမိသည်နှင့်တစ်ပြိုင်နက် သစ်ကိုင်းရိပ်၌ ငှက်နားမှုသည် မရှေးမနှောင်း တစ်ပြိုင်တည်းကျသကဲ့သို့ သဘောရှိသည်။

ထိုသို့ ဘဝင်စိတ်၌ ထင်လာထိခိုက်မိသောအခါ ဖြောင်တန်းငြိမ်သက်စွာသွားနေသော အရာကို တုတ်နှင့်တို့ထိလိုက်သည့်အခါတွင် လှုပ်၍သွားသော ဆန့်ကျင့်တန်းကဲ့သို့ လည်ကောင်း၊ တီကောင်ကဲ့သို့လည်းကောင်း ကံပေးသော အတိတ်အာရုံကို အာရုံပြု၍ ဆွဲတွယ်၍ ငြိမ်သက်စွာဖြစ်နေသော ဘဝင်စိတ်သည် လှုပ်ရှားသွားပါသည်။

လှုပ်ရှားသည် ဆိုသည်မှာ မိမိဆွဲတွယ်ရင်း အတိတ်အာရုံဟောင်းကို လွှတ်၍ ယခုမှထင်လာ ထိခိုက်လာသော အာရုံသစ်ကို အာရုံပြုလို ဆွဲတွယ်လိုသော အခြင်းအရာဖြစ်မှု ဖြစ်သည်။

ထိုရူပါရုံအကောင် အထိခံရသော စိတ်သည် မိမိအာရုံပြုမြဲ ဆွဲတွယ်မြဲ

www.dhammaransi.com



တိုင်းသော အတိတ်အာရုံဟောင်းကို မတွယ်တာနိုင်ဘဲ လွတ်လိုသောအာရုံသစ်ကိုဆွဲတွယ်လိုသော အခြင်းအရာအားဖြင့် လှုပ်ရှားလျက်သာ တစ်ကြိမ်နှစ်ကြိမ်ဖြစ်ပြီးချုပ်သွားရတော့သည်။

ပဌမအကြိမ်ကို ဘဝင်္ဂစလန (လှုပ်သောဘဝင်) ဟုခေါ်သည်။

ဒုတိယအကြိမ် ကံပေးသော အာရုံဟောင်းကို ယူလျက် ဆွဲတွယ်လျက်ငြိမ်သက်စွာ ဖြစ်ခြင်းဟူသော ဝိပါတ်ဘဝင်သဘောကို စိတ်တွင် အပြတ်ဖြစ်တော့သည်။ ယင်းကိုဘဝင်္ဂုပစ္ဆေဒ (ပြတ်သောဘဝင်) ဟုခေါ်သည်။

ထို့နောက် ထိုစိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီလျက်ပင် ကံပေးသော အတိတ်အာရုံဟောင်းကို လွတ်၍ယခုဆင်လာသော အာရုံသစ်ကို အာရုံပြုဆွဲတွယ်ဖြစ်လျက် ချုပ်သည်။

ဤစိတ်ကို အာရုံသစ်ကိုသင်းဘာလဲဟု ဆင်ခြင်သောကိစ္စ သဘောရှိသည့်အတွက် အာဝဇ္ဇန်းစိတ်ဟု ခေါ်သည်။

ကံပေးသော အတိတ်အာရုံဟောင်းကို ဆွဲယူလျက် ငြိမ်သက်စွာဖြစ်ခြင်းဟူသော ဘဝင်ဝိပါက် သဘောကိုလွှန်၍အာရုံသစ်ကို သင်းဘာလဲဟု ရှေးဦးစွာ ဆင်ခြင်ခြင်းဟူသော အမှုအရာကြိယာဗျာပါရကလေးရှိသောကြောင့် ကြိယာစိတ်ဟူ၍လည်း ခေါ်သည်။

ထို့နောက် ထိုစိတ်ကလေးသည် အာရုံသစ်ကို အဝေးဟဒယဝတ္ထုရုပ်ကနေ၍ ဆင်ခြင်ဆွဲတွယ်ရတာ မရသောကြောင့် ရူပါရုံသစ်ကို ထင်ထင်လင်းလင်းမြင်အောင်ပြုသည်။

ယင်းကိုရူပါရုံကို လင်းလင်းထင်ထင် မြင်သောစိတ်ဖြစ်၍ဒဿနစိတ်ဟုခေါ်သည်။ (စက္ခုဝတ္ထုပေါ်မှာ မှီ၍ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ်စိတ်ဟူ၍လည်းခေါ်သည်။)

မိမိနေနေကျ ဟဒယဝတ္ထုရုပ်ပေါ်မှသည် နေနေကျမဟုတ်သောမျက်စိပေါ် ခရီးဝေးသို့ ပြောင်းရွှေ့လာရခြင်းကြောင့် လည်းကောင်း။

မျက်စိအကြည့်ဟူသော မှီရာဝတ္ထုကလည်း ညံ့ခြင်းကြောင့်လည်းကောင်း၊

ဤစက္ခုဝိညာဏ်စိတ်သည် အလွန်အားညံ့သေးခြင်းကြောင့်လည်းကောင်း၊ အမှုအရာ ကြိယာဗျာပါရကင်းခြင်းကြောင့်လည်းကောင်း၊

www.dhammaransi.com



ထိုစိတ်ပေါ်၌ ချမ်းသာဆင်းရဲကို ဖြစ်စေတတ်သော ကံအာနုဘော် အစီအရင် လွန်စွာထင်ရှားသောကြောင့် လည်းကောင်း၊ ဤစက္ခုဝိညာဏ်စိတ်ကို ကံအကျိုးဝိပါက်စိတ် ဟူ၍လည်းခေါ်သည်။

ထို့နောက်ထိုစိတ်သည် စက္ခုဝိတ္ထိမှာ မိမိနေရာ ဟဒယဝတ္ထုရုပ်ပေါ်သို့ နေရာပြောင်းသို့ ပြန်လည်လာရောက် ငြိတွယ်ပြီး စက္ခုဝိညာဏ်က မြင်ခဲ့သိခဲ့သောရူပါရုံကို မပျောက်ပျက်အောင် မိမိနေရာပြောင်း ဟဒယဝတ္ထုမှာပင် ဆုပ်ကိုင်ခံယူထား၏။

ယင်းကို သမ္ပဋိစ္ဆိုင်းဟုခေါ်သည်။

ထိုစိတ်လည် လက်ခံထားသော ရူပါရုံကို ဆွဲတွယ်လျက် ဤရူပါရုံသည် ကောင်းသောအာရုံလော။ မကောင်းသောအာရုံလောဟု စုံစမ်းစစ်ဆေးသည်။

ယင်းစိတ်ကို သန္တီရဏစိတ် ဟုခေါ်သည်။

(ဤသမ္ပဋိစ္ဆိုင်း သန္တီရဏစိတ်တို့သည် ကံအာနုဘော် အစီအရင် ထင်ရှားခြင်း၊ ငြိမ်သက်စွာဖြစ်ခြင်း ဟူသော ဝိပါက်သဘောရှိကြ၍ ယင်းတို့ကို ကံ၏အကျိုးပေး ဝိပါတ်တို့ဟူ၍ ခေါ်ကြသည်။)

ထို့နောက် ထိုစိတ်သည် ထိုရူပါရုံကို ဆွဲတွယ်လျက်–

ကောင်းသောအာရုံဖြစ်လျှင် အာရုံကောင်းပဲ၊ မကောင်းသောအာရုံဖြစ်လျှင် မကောင်းသောအာရုံပဲဟု ဆုံးဖြတ်ပိုင်းခြား၏။

ယင်းကိုဝုဋ္ဌောစိတ်ဟုခေါ်သည်။

(ယင်းသည် မေးမှိန်ငြိမ်သက်စွာဖြစ်ခြင်းဟူသော ဝိပါက် သဘောကိုလွန်၍အာရုံ၏ အရသာကိုခံစားလိုသော သန့်စွမ်းသောအမှုအရာ ကြိယာများပါရှိသောကြောင့် ကြိယာစိတ်ဟူ၍ ခေါ်သည်။)

ထို့နောက် ထိုစိတ်သည် ထိုရူပါရုံကို ကောင်း၊ မကောင်းဆုံးဖြတ်ပြီး ထိုရူပါရုံ၏ ကောင်း မကောင်းခုနစ်ကြိမ် ခံစားသည်။ ယင်းစိတ်ကို ဇောစိတ်ဟုခေါ်သည်။

(ထိုစိတ်စုံကို သန့်စွမ်းသော အဟုန်ရှိခြင်းကြောင့် ဇောစိတ်ဟုခေါ်သည်။)

ထိုသို့ ဇောစိတ်သန့်စွမ်းခြင်းကြောင့် ဤဇောစိတ်သာလျှင် သန့်စွမ်းအားကောင်းသော ခွဲရုံသင်းပင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ၊ အကုသိုလ်

www.dhammaransi.com



ဟိတ်တရားများ၊ အလောဘ၊ အဒေါသ၊ အမောဟ၊ ကုသိုလ်ဟိတ်တရားများ ထင်ပေါ်နိုင်ပါသည်။

အာဝဇ္ဇန်းမှစ၍ ဝုဋ္ဌောစိတ်တိုင်အောင် စိတ်တို့သည်ကား အားသေးညံ့ ငယ်သောကြောင့် ကုသိုလ်-အကုသိုလ် ဟိတ်တရားတို့ မပေါ်နိုင်ပါ။ သို့အတွက် ယင်းတို့ကို အဟိတ်စိတ်ဟု ခေါ်သည်။

ဇောစိတ်တို့တွင် -

- ပထမဇောထက် ဒုတိယဇောက ထက်သန်အားကောင်းသည်။
- ဒုတိယဇောထက် တတိယဇောက ထက်သန်အားကောင်းသည်။
- တတိယဇောထက် စတုတ္ထဇောက ထက်သန်အားကောင်းသည်။

ထိုစိတ်သည် မိမိယူရင်းစွဲ ကံပေးသော အတိတ်အာရုံကို လွှတ်၍ ရုပ်ရုံသစ်ကို ဆွဲတွယ်ကာ လှဘက်ပြီး ဖြစ်လာရတာကြောင့်လည်းကောင်း၊ ရုပ်ရုံကလည်း အိုဆွေးလာသဖြင့် လည်းကောင်း စတုတ္ထဇောမှ နောက်သို့ တဖြည်းဖြည်း အားညံ့သေးငယ်သွားသည်။

- စတုတ္ထဇောအောက် ပဉ္စဇောက အားညံ့သေးငယ်သွားသည်။
- ပဉ္စမဇောအောက် ဆဋ္ဌမဇောက အားညံ့သေးငယ်သွားသည်။
- ဆဋ္ဌမဇောအောက် သတ္တမဇောက အားညံ့သေးငယ်သွားသည်။

ထိုစိတ်သည် အားညံ့သော သတ္တမဇောဘဝမှ ကူးပြောင်း၍ထက်သန်သောအဟုန်ကင်းသော ထိုဇောတို့ ငြိတွယ်ခံစားသော အာရုံကိုပင် ဆွဲတွယ်၍ တစ်ကြိမ် နှစ်ကြိမ်ဖြစ်၍ ချုပ်သွားတော့သည်။

ထိုဇောချုပ်ပြီးနောက် ထိုချုပ်သောစိတ်ကို ထိုဇောဆွဲတွယ်သော အာရုံလျှင် ဆွဲတွယ်ရာ အာရုံရှိသော တဒါရုံစိတ် ဖြစ်လာသည်။

ထိုတဒါရုံစိတ်သည် ကြိယာဗျာပါရကင်းလျက် သန့်စွမ်းသော အဟုန်ကင်းလျက် ကံအာနုဘော် အစီအရင်အတိုင်း မေးမှိန်ငြိမ်သက်စွာ ဖြစ်သွားသည်။

ယင်းကို ကံ၏အကျိုးဝိပါက်စိတ်ဟုခေါ်သည်။

တဒါရုံသည် တစ်ကြိမ်လည်းဖြစ်သည်။ နှစ်ကြိမ်လည်းဖြစ်သည်။ အကယ်၍ နှစ်ကြိမ်ဖြစ်အံ့၊ ပထမအကြိမ်အောက် ဒုတိယအကြိမ်က အားညံ့သေးငယ်သည်၏။

www.dhammaransi.com



ဤတဒါရုံနှောင်ဖြစ်သော စိတ်ကားတဒါရုံအောက် အားညံ့သေးငယ်၏။

ထိုတဒါရုံနောက် ထိုစိတ်သည် မိမိ၌ ရူပါရုံထင်လာသဖြင့် ထိုထင်လာသောရူပါရုံအသစ်ကို သုံးဆောင်ခံစားခြင်းငှာ ဆွဲတွယ်လျက် (၁၄)ကြိမ်မြောက် ဖြစ်သွားပြီးလျှင် ထိုရူပါရုံ ကုန်ခန်းချုပ်ပျောက်ခြင်းကြောင့် လည်းကောင်း၊ မောလည်းမောပန်းလျက် မိမိဆွဲတွယ်မြဲ ပကတိမူလရင်း ဝိပါက်ဘဝင် အတိုင်း ဖြစ်သွားတော့သည်။

ဤသို့ဖြစ်သည်ကို ဘဝင်ပါတော့ တဒါရုံနှောင်ဘဝင်ကျ၍ သွားသည်ဟု ဆိုပါသည်။

ထိုစိတ်အစဉ် ဖြစ်မှု, တည်မှု, ပျက်မှုတို့သည် ဥပါဒ် ဌီ ဘင် ခဏငယ် သုံးပါးနှင့် ပြည့်စုံသော စိတ္တက္ခဏတစ်ချက်သာ ဖြစ်ပါသည်။

ဤသို့လျှင် မြစ်ရေအလျဉ်ကဲ့သို့ ဘဝင်စိတ် အဆက်ဆက်ဖြစ်၍ သွားပြန်စဉ် အကြင်အခါ၌ ရူပါရုံအသစ်သည် ထင်လာထိခိုက်ဖြစ်၏။ ထိုထင်လာပြန်လျှင် ရှေးနည်းအတူပင် ဖြစ်ပြန်လေတော့သည်။

## စိတ်အစဉ်ဖြစ်ပေါ်မှု၏ အစဉ်များ
## အကျဉ်းချုပ်

ဘဝင်စလန, ဘဝင်ုပစ္ဆေ, အာဝဇ္ဇန်း, စက္ခုဝိညာဏ်။

သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော–ဇော–ဇော–ဇော–ဇော–ဇော–တဒါရုံ–ဘဝင်။

ဤသည်တို့ကား မျက်စိအကြည်တံခါးသို့ စိတ်အစဉ်ရောက်သွားပုံတို့ ဖြစ်ပါသည်။

သောတဒွါရဘဝင်နှစ်ဌာန၌ – သဒ္ဒါရုံထင်ထိခိုက် လာသော အခါ။

ဃာနဒွါရ ဘဝင်နှစ်ဌာန၌ – ဂန္ဓာရုံထင်ထိခိုက် လာသော အခါ။

ဇိဝှာဒွါရ ဘဝင်နှစ်ဌာန၌ – ရသာရုံထင်ထိခိုက်လာသော အခါ။

ကာယဒွါရ ဘဝင်နှစ်ဌာန၌ – ဖောဋ္ဌဗ္ဗာရုံ ထင်ထိခိုက်လာသောအခါ။

ထိုထင်ထိခိုက်လာသော အာရုံတို့ကို အာရုံပြု၍ စိတ်ဖြစ်ပုံတို့သည် စက္ခုဒွါရ (မျက်စိအကြည်တံခါး) ဖြစ်ပုံတိုင်းပင် ဖြစ်ပါသည်။

www.dhammaransi.com



ဤသို့စိတ်ဖြစ်ရာ၌ -
အာဝဇ္ဇန်းမှစ၍ တဒါရုံကျအောင် စိတ်အစဉ်ကို ဝိထိစိတ်။
ကြွင်းသောစိတ်အစဉ်ကို ဘဝင်စိတ်။

## ဝိထိစိတ်-ဘဝင်စိတ်တို့ဖြစ်ရာ ဥပမာ

လူတစ်ယောက်သည် သရက်ပင်အောက်၌ ခေါင်းမြီးခြုံလျက် အိပ်ပျော်နေစဉ် မိမိနားရင်းနား၌ သရက်သီးမှည့်ကြွေကျသံကို ကြားသဖြင့် နိုးလာသည်။ ဘာလဲဟု ဆင်ခြင်ပြီး ခေါင်းမြီးခြုံကိုဖွင့်ကြည့်သည်။ သရက်သီးကိုမြင်ပြီး လှမ်းဆုပ်ယူသည်။ ဆုပ်ကိုင်နယ်ခြေသုံးသပ်၍ နမ်းကြည့်သည်။ ကောင်းလိမ့်မှန်းသိ၍ စားပြီးလျှင် ခံတွင်း၌ကျန်သော အကတ်အသတ်ကို တံတွေးဖြင့် ရောမျိုပြီး တစ်ဖက်ခေါင်းမြီးခြုံ လျက်အိပ်ပြန်၏။

ဤဥပမာ၌

ယောက်ျားခေါင်းမြီးခြုံ အိပ်ပျော်နေသည်နှင့် ဘဝင်စိတ်အစဉ် ဖြစ်နေမှုတူ၏။

သရက်သီးကြွေကျသံဖြင့် နိုးသည်နှင့် အာရုံထင်လာခြင်းကြောင့် ဘဝင်နှစ်ကြိမ်လှုပ်မှုတူ၏။

နိုးပြီး အနားကျတာ ဘာပါလိမ့်ဟု ဆင်ခြင်သည် အာဝဇ္ဇန်းတူ၏။

ခေါင်းမြီးခြုံဖွင့်၍ ကြည့်သဖြင့် သရက်သီးမြင်သဖြင့် စက္ခုဝိညာဏ်ဖြစ်မှုတူ၏။

သရက်သီးကို လှမ်းယူဆုပ်ကိုင်သည်နှင့် သမ္ပဋိစ္ဆိုင်းတူ၏။

ဆုပ်ကိုင်၍ နယ်ခြေသုံးသပ်သည်နှင့် သန္တီရဏတူ၏။

ကောင်းလိမ့်ပည်ဟုသိသည်နှင့် ဝုဋ္ဌောတူ၏။

စားသည်နှင့်ဇောဖြစ်မှုတူ၏။ အကန့်အသတ်တို့ကို တံတွေးနှင့် ရောမျိုသည်နှင့် တဒါရုံဖြစ်မှုတူ၏။

ခေါင်းမြီးခြုံပြီး တစ်ဖန်ပြန်အိပ်သည်နှင့် တဒါရုံနောင်ဘဝင် ကျသည်နှင့်တူ၏။

www.dhammaransi.com



## မနောဒွါရစိတ်အစဉ်ကလေး

ဘဝင်စိတ်ကိုမနောဒွါရဟုခေါ်သည်။ မနောဒွါရ (စိတ်တံခါး) ၌သာ အာရုံထင်လာပြီး ထိုအာရုံ ကိုဆွဲတွယ်လျက် (စက္ခုစသော ပဉ္စဒွါရသို့ မကျရောက်ဘဲ) ဟဒယဝတ္ထုရုပ်ပေါ်၌ သာဖြစ်၍နေသောစိတ်မို့ မနောဒွါရစိတ်ဟုခေါ်သည်။

ဤစိတ်ဥပမာကား - လူတစ်ယောက် သရက်ပင်အောက်၌ ပါးစပ်ဟလျက် ပက်လက်အိပ်ပျော်နေစဉ် ပါးစပ်ထဲသို့ သရက်သီးမှည့်ကြွေကျ၍ နိုးသည်။ 'ဩော်. . . သရက်သီးကိုး' ဆင်ခြင်သိသည်၊ စားသည်။ ထို့နောက် ခံတွင်းရှိ အကတ်အသတ်ကို တံတွေးနှင့်ရောမျိုပြီး တစ်ဖန်အိပ်ပျော်သွားသည်။

အိပ်ပျော်နေမှုသည် ဘဝင်ကျနေမှုနှင့်တူသည်။

သရက်သီးကြွေကျ၍ နိုးမှုသည် အာရုံထင်လာ၍ ဘဝင်လှုပ်မှုနှင့်တူ၏။

ဩော်. . . သရက်သီးကိုးဟု ဆင်ခြင်သိမှုသည် အာဝဇ္ဇန်းဖြစ်မှုနှင့်တူ၏။

စားမှုနှင့်ဇောဖြစ်မှုတူ၏။

ခံတွင်းရှိ အကတ်အသတ်ကို တံတွေးနှင့်မျိုချမှုသည် တဒါရုံဖြစ်မှုနှင့်တူ၏။ တစ်ဖန်ပြန် အိပ်ပျော်မှုသည် ဘဝင်ပြန်ကျသွားမှုနှင့် တူသည်။ မနောဒွါရစိတ်သည် ဤကဲ့သို့ အဆင့်ဆင့်ဖြစ်နေပါသည်။

## စိတ်တတ်ကလေး၏အစဉ်

ပုဂ္ဂိုလ်တစ်ဦး၌ စိတ်နှစ်ခုမရှိ၊ စိတ်တစ်ခုသာရှိသည်။

တစ်ဦးတည်းသောပုဂ္ဂိုလ် သတ္တဝါသည်ပင် ဘဝအဆက်ဆက်ကူးပြောင်းသွားခဲ့သည်။

ဥပမာဘုရားလောင်း သုမေဓာသည် နောင် ဇောတိမင်းဖြစ်၏။

- ဤဇောတိမင်းပင်လျှင် နောင် နေမိမင်းဖြစ်လာသည်။
- ထိုနေမိမင်းပင်လျှင် ဝေဿန္တရာမင်းဖြစ်လာသည်။
- ထိုဝေဿန္တရာမင်းပင်လျှင် သန္တုသိတနတ်သားဖြစ်လာသည်။
- ထိုသန္တုသိတနတ်သားပင်လျှင် သိဒ္ဓတ္ထမင်းသားဖြစ်လာသည်။

ထိုအတူ ပုဂ္ဂိုလ်တစ်ဦး၌ ဤတစ်ခုတည်းသော စိတ်သည်ပင်လျှင်

www.dhammaransi.com



ရှေးဘဝ၌ စုတိစိတ်ဖြစ်၍ ချုပ်ပျက်ပြီးလျှင် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေစိတ်ဖြစ်လာသည်။

ဤပဋိသန္ဓေစိတ်စိတ်သည်ပင်လျှင် မိမိချုပ်ပျက်ပြီးလျှင် ဘဝင်အဆက်ဆက်ဖြစ်၍သွားသည်။

ဤပဋိသန္ဓေစိတ်သည်ပင်လျှင် ဤကဲ့သို့ တစ်ဘဝလုံး ဘဝင်စိတ်ဓာတ်တစ်လှည့် ဝိထိစိတ်ဓာတ် တစ်လှည့်အားဖြင့်ဖြတ်၍ ဤပစ္စုပ္ပန်ဘဝအဆုံး၌ စုတိစိတ်ဖြစ်ရာ ချုပ်ပြီးလျှင် နောင်ဘဝ၌ ပဋိသန္ဓေစိတ် ဖြစ်သွားရပြန်သည်။

ဤကဲ့သို့ တစ်ခုတည်းသော စိတ်ကလေးသည်ပင် သံသရာတည်စမှစ၍ သံသရာဆုံးသည့်တိုင်အောင်အနန္တရပစ္စည်းသတ္တိ ဟူသော မျိုးစေ့အဆက်ဆက်ကျလျက် အဆက်ဆက်ဖြစ်၍သွားလေသည်။

ထို့ကြောင့် ထိုတစ်ခုတည်းသော စိတ်ဓာတ်သည်ပင်လျှင် အမည်အမျိုးမျိုးရလျက် အနန္တရ, သမနန္တ, ပစ္စယသတ္တိဟူသော မျိုးစေ့ကျလျက် စိတ္တက္ခဏ အဆက်ဆက်အားဖြင့် ဖြစ်သွားနေသည်ကို သိရပါမည်။

စိတ္တက္ခဏတစ်ချက်တစ်ချက်သည် စိတ်၏ တစ်ဘဝ တစ်ဘဝပင်ဖြစ်ပေသည်။

## စိတ်ကိုထောက်ပံ့ကျေးဇူးပြုသူ

ကံပြုပြင်မှုဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏။

ကမ္မဘဝဟူသော အကြောင်းကြောင့်ပဋိသန္ဓေသည် ဖြစ်၏။

ကုသိုလ်ကံ အကုသိုလ်ကံအစုသည် ဝိပါက်နာမ်ခန္ဓာတို့အားလည်းကောင်း၊ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

အဘိဓမ္မာပါဠိတော်၌ ဟောကြားသော ဤတရားတော်အရ –

စိတ်ဓာတ်ကိုကံဖြင့် ပြုလုပ်ထားသည်။ အဟောင်းစိတ်ဓာတ်ချုပ်ပြတ်သွားလျှင် ကံက ရှေးရှေးက မဖြစ်ဖူး မရှိဖူးသေးသော အသစ်သစ်သော စိတ်ဓာတ်ကိုဖန်ဆင်းပြုလုပ်သည်ဟူ၍ ပမှတ်ရပါ။

ကံကစိတ်ဓာတ်ကို မဖန်ဆင်းမပြုလုပ်တတ်ပါ။ ကံက ကမ္မဇရုပ်တို့ကိုဖန်ဆင်းပြုလုပ်ခြင်း၊ ဇနကသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်ဓာတ်ကိုဖန်ဆင်း

www.dhammaransi.com



ပြုလုပ်ခြင်း၊ ဇနကသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပါ။

ဘုရားဟော သံယုတ်ပါဠိတော်၌ -

- ကံသည် လယ်မြေတည်း။
- တဏှာသည် မိုရေတည်း။
- ရှေးရှေးဝိညာဏ်သည် နောက်နောက်ဝိညာဏ်ဖြစ်ရန် မျိုးစေ့တည်း။

လယ်မြေသည် ကောက်ပင်ကိုပေါက်ရောက် သန်စွမ်းနိုင်အောင် ထောက်ပံ့မှုပေးသကဲ့သို့ ကံသည် ဝိညာဏ်အားစောင့်ရှောက် ထောက်ပံ့ထားသည်။

ဝိညာဏ်သည် ကံကဲ့သို့ထောက်ပံ့မှု ပြုပါမှ အဆက်ဆက်ဖြစ်သွားနိုင်သည့်အတွက် သင်္ခါရပစ္စယဝိညာဏဟု ဘုရားရှင်ဟောတော်မူသည်။

ကံ၏ကျေးဇူးကိုခံလျက် အဆက်ဆက်ပြေးလွှားနေသော ဤစိတ်ကလေးသည်

- ကံပြုပြင်တိုင်း ကံစီရင်တိုင်းခံရရှာသည်။
- ဘဝအကူးကူးမှ ကံပစ်ချရာ ကံနေရာချထားပေးရာ ဖြစ်နေရသည်။
- ကံပေးသောအမွေကို ရယူရရှာသည်။
- ကံသာလျှင် အားကိုးရာ ကိုးကွယ်မှီခိုရာ လဲလျောင်းရာ ရှိသည်။

ထို့ကြောင့် ဘုရားရှင်ကသံယုတ်၌ နတ်သားတစ်ပါးမေးလာသည်ကို

''နတ်သား သတ္တဝါသည် (ဝါ) သတ္တဝါဟူသောစိတ်ကလေးသည် ဥပပတ္တိဘဝဟူသောဘဝကြမ်း ဘဝကြီးအားဖြင့်လည်းကောင်း၊ စိတ္တက္ခဏဟူသော ဘဝနု ဘဝငယ်အားဖြင့်လည်းကောင်း တပြောင်းပြောင်း တပြန်ပြန် ကျင်လည်ပြေးသွားခြင်းသို့ရောက်၏။ ထိုသတ္တဝါ (စိတ်)အား မိမိပြုခဲ့ဖူး၍ မိမိ၌ မှီကပ်လိုက်ပါလာသော ကံသည်ကိုးကွယ်ရာရှိပေသည်သာ'' ဟုဟောတော်မူခဲ့ပါသည်။

## စိတ်ကလေးကျင်လည်ပြေးသွားနေပုံ

ဤစိတ်ဓာတ်ကလေးသည် စိတ္တက္ခဏဘဝအဆက်ဆက် အားဖြင့် မပျင်းမရိ မမောမပန်း ပြေးလွှားနေသည်မှာ အဘယ်ကြောင့်ပါနည်း။

လောဘတဏှာတရားကြောင့် ဖြစ်ပါသည်။ ထိုလောဘ တဏှာတရား စိတ်ဓာတ်ကလေးကို မပျင်းအောင် ဖျော်ဖြေ၍ လိုက်နေသည်။

www.dhammaransi.com



ထို့ကြောင့် စိတ်ကလေးသည် သံသရာ၌ ပျင်ရိငြီးငွေ့ခြင်းမရှိဘဲ ပျော်မွေ့လျက် အားရှိလျက် ဘဝအဆက်ဆက် ကူးပြောင်းပြေးသွားနိုင်နေပါသည်။

ထိုတဏှာဖျော်ဖြေမှု ရှိနေသရွေ့ကာလပတ်လုံး စိတ်သည် သံသရာကို မလွန်နိုင်ပါချေ။ အလွန်ပျော်မွေ့နေသည်။

တဏှာအဖော်မရှိ တဏှာမရှိပါမှ အဖော်သေကွဲကွဲသော လွန်းကြင်ငှက် အောက်ချင်းငှက်ကဲ့သို့ မကြာခင် သေဆုံးပျောက်ကွယ်သွားပေမည်။

ဘုရားရှင်က သုတ္တနိပါတ ဒွယာတာနုပဿနာသုတ်၌–

''ရဟန်းတို့၊ တဏှာအဖော်ရှိသော သတ္တဝါစိတ်ကလေးသည် ရှည်ကြာစွာ အစွန့်ကာလပတ်လုံး တပြောင်းပြန်ပြန် ကျင်လည်ပြေးသွားလျက် ဤလူ့ဘဝမှတစ်ပါးသော နတ်ဘဝ၊ ဗြဟ္မာဘဝ၊ တိရစ္ဆာန်စသော အပါယ်လေးပါး ဘဝများဟူသော သံသရာကိုမလွန်နိုင်ကြပေ။

''ရဟန်းတို့၊ ကင်းပြတ်ပြီးသော ဘဝတဏှာရှိသော ငြိမ်းသက်သော စိတ်ရှိသောသူအား တပြောင်းပြန်ပြန် ဖြစ်ခြင်းသံသရာသည် လွန်မြောက်ကုန်ဆုံးလေပြီ။

သို့အတွက်–

– စိတ်သည် အရှင်သခင်တည်း။

– တဏှာသည် စိတ်သခင်၏အဖော်တည်း။

– ကံသည် စိတ်သခင်၏ လက်သမားဆရာတည်း။

ဤသို့သော စိတ်သဘောတရားကို သိထားကြပါမှ သံသရာဝဋ်သမုဒ္ဒရာမှ ကူးမြောက်ကြပေမည်သာ။

www.dhammaransi.com

# အခန်း(၃)
# ဘဝသံသရာစက်ဝန်း

## ဘဝသစ် (သို့) စိတ်သစ်သံသရာစက်ကြီး

ဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်နှင့် အကြောင်းအကျိုးဆက်နွယ်သည့်သံသရာစက်ကြီး လည်ပတ်ပုံ (ပဋိစ္စသမုပ္ပါဒ်)ကို သိမြင်တော်မူသည်။

- မသိမှုအဝိဇ္ဇာကြောင့် အားထုတ်မှုသင်္ခါရဖြစ်သည်။
- ကုသိုလ်- အကုသိုလ်ကံအားထုတ်မှု သင်္ခါရကြောင့် ပဋိသန္ဓေစိတ်သည်ဘဝသစ်ဝိညာဏ်ဖြစ်ပေါ်ရသည်။
- ဘဝသစ်ဝိညာဏ်ကြောင့် နာမ်-ရုပ် တို့ဖြစ်ပေါ်လာရသည်။
- နာမ်ရုပ်ကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနဟူသောအာယတနများ ဖြစ်ပေါ်လာရသည်။
- အာယတနများကြောင့် အာရုံနှင့်ဆုံတွေ့မှုများ ဖြစ်ပေါ်လာရသည်။
- အာရုံနှင့်ဆုံတွေ့မှုကြောင့် ကောင်းသည် ဆိုးသည် ခံစားမှုများဖြစ်ပေါ်လာရသည်။
- ခံစားမှုဝေဒနာကြောင့် တပ်မက်ဆာလောင်မှု တဏှာဖြစ်ပေါ်လာရသည်။
- တပ်မက်ဆာလောင်မှု တဏှာကြောင့် စွဲလမ်းမှုဥပါဒါန် ဖြစ်ပေါ်လာရသည်။
- စွဲလမ်းမှု ဥပါဒါန်ကြောင့် ကံကြောင့်ဖြစ်သော ဘဝဖြစ်ပေါ်လာရသည်။

www.dhammaransi.com



- ဖြစ်ကြောင်းကံ (ကမ္မဘဝ)ကြောင့် ဘဝသစ်ဖြစ်မှု ဇာတိဖြစ်ပေါ်လာရပြန်သည်။
- ဘဝသစ် ဇာတိကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူပန်ခြင်းတို့ဖြစ်ပေါ်လာရသည်။
- တစ်ဖန် ထိုသောကပရိဒေဝ စသည်တို့ ဖြစ်ပေါ်လာရသည့်အခါ မသိမှု အဝိဇ္ဇာသည် တွဲဖက်ဖြစ်ပေါ်ရပြန်သည်။
- တစ်ဖန် အဝိဇ္ဇာဖြစ်လျှင် တစ်ဖန် သင်္ခါရစသည်တို့ ဖြစ်လာရပြန်သည်။

ဤသို့လျှင် ဘဝသံသရာ စက်ရဟတ်ကြီးသည် တစ်ပတ်ပြီးတစ်ပတ် ထပ်ကာ ထပ်ကာ လည်ပတ်နေလေတော့သည်။

ဤသံသရာစက် (ပဋိစ္စသမုပ္ပါဒ်) ၌အဓိကအကြောင်းတစ်ခုစီကြောင့် ထင်ရှားသော အကျိုးတရားတစ်ခုစီ ဖြစ်ပေါ်လာသည်ဟု ဆိုထားသော်လည်း စင်စစ်တွင် အကြောင်းအမျိုးမျိုးကြောင့် အကျိုးအမျိုးမျိုး ဖြစ်ပေါ်လာသည်ကို သိရပေမည်။

ဥပမာ – ပစ္စုပ္ပန်ဘဝ၌ အကျိုးတရားများကို ဖြစ်ပေါ်စေသော အတိတ်ဘဝကအကြောင်းတရား ငါးပါးရှိသည်။

- မသိမှု (အဝိဇ္ဇာ)
- ပြုပြင်မှု (သင်္ခါရ)
- ဆာလောင်တပ်မက်မှု (တဏှာ)
- စွဲလမ်းမှု (ဥပါဒါန်)
- ဖြစ်ကြောင်းကံ (ကမ္မဘဝ)

ထိုအတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်ဘဝ၌ အကျိုးငါးပါးဖြစ်ပေါ်လာသည်။

- ဝိညာဏ်
- နာမ် – ရုပ်
- သဠာယတန
- ဖဿ

www.dhammaransi.com



- ဝေဒနာ

ဟူသော ခန္ဓာငါးပါးတို့ဖြစ်ကြသည်။

ဤပစ္စုပ္ပန်ဘဝ၌ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရဟူသော အကြောင်းတရားငါးပါးရပြန်ရာ ဤအကြောင်းတရား ငါးပါးကြောင့် အနာဂတ်ဘဝ၌-

- ဝိညာဉ်
- နာမ်ရုပ်
- ဖဿ
- ဝေဒနာ

ဟူသောအကျိုးငါးပါးတို့ ဖြစ်ပေါ်လာရပြန်၏။

သင်္ခါရနှင့် ကမ္မဘဝတို့သည် စေတနာကံ ရည်ညွှန်းပါသည်။

သင်္ခါရသည် ရှေးဦးဖြစ်သော ပုဗ္ဗစေတနာကို ရည်ညွှန်းသည်။

ကမ္မဘဝသည် အထမြောက်သော မုဉ္စစေတနာကို ရည်ညွှန်းပါသည်။

## ဘဝဖြစ်မှုများ

သတ္တဝါတို့၏ သန္တာန် (စိတ်)၌ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူသော ကိလေသာတရားတို့သည် အစဉ်ကိန်းအောင်းနေ၏။

ဤတရားတို့ကို ကိလေသာဝဋ်ဟုခေါ်သည်။

မသိမှုအဝိဇ္ဇာသည် အာရုံ၏သဘောကို မှန်ကန်စွာမသိသည့်အပြင် လွဲမှားစွာလည်းသိမြင်၏။

- မျက်စိ၌ရူပါရုံထင်လာသောအခါ။
- နား၌သဒ္ဒါရုံထင်လာသောအခါ။
- နှာခေါင်း၌ ဂန္ဓာရုံထင်လာသောအခါ။
- လျှာ၌ ရသာရုံထင်လာသောအခါ။
- ကိုယ်၌ဖောဋ္ဌဗ္ဗာရုံထင်လာသောအခါ။
- စိတ်၌ ဓမ္မာရုံထင်လာသောအခါ။

ဆိုင်ရာအာရုံအသီးသီးတို့ထင်လာသောအခါ ထိုအာရုံကင်ခြင်းတို့နှင့် ယှဉ်တွဲနေသော ကောင်းသောခံစားမှုများကို အဝိဇ္ဇာက ကောင်းသည်ဟု ကင်မှတ်စေသည်။

www.dhammaransi.com



ထို့ကြောင့် တဏှာက ထိုအာရုံခံစားခြင်းကို နှစ်သက်တွယ်တာ၏။
အသစ်အသစ်ရရန် ဆာလောင်မွတ်သိပ်၏။
တဏှာရင့်လာသောအခါ စွဲလမ်းမှုဥပါဒါန်ဖြစ်လာ၏။
မီးစမှ မီးတောက်ဖြစ်လာသကဲ့သို့ပင် ဖြစ်ပါသည်။
ဤတဏှာ ဥပါဒါန်တို့ကြောင့် သတ္တဝါတို့သည် (ဝါ) စိတ်သည် -
ကာမဂုဏ်အာရုံများကို ထပ်ကာထပ်ကာ ခံစားနိုင်ရေးအတွက် ကောင်းမှုကံများ (ပုညာဘိသင်္ခါရ)ကို အားထုတ်ပြုလုပ်ကြ၏။
မသိမှုအဝိဇ္ဇာကြောင့် မကောင်းမှုကံများ (အပုညာဘိသင်္ခါရ)သို့ အားထုတ်ကာ ပြုလုပ်မိကြသည်။
သို့အတွက် သင်္ခါရနှင့် ကမ္မဘဝတည်းဟူသော ကမ္မဝဋ်ဖြစ်ပေါ်လာရပြန်သည်။

- ဤကမ္မဝဋ် (ကံ) သည်မျိုးစေ့နှင့်တူ၏။
- အဝိဇ္ဇာသည် မြေနှင့်တူ၏။
- တဏှာဥပါဒါန်သည် ရေနှင့်တူ၏။

မျိုးစေ့သည် မြေ၊ ရေ၊ နှင့်ထိတွေ့သည့်အခါ အပင်သစ်ပေါက်လာသကဲ့သို့ ကမ္မဝဋ်သည်လည်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ အထောက်အပံ့ရသည့်အခါ အပင်သစ်ဟူသော ဝိပါကဝဋ်ကို ပေါက်ပွားစေတော့၏။
ဝိပါကဝဋ်တွင် ဥပပတ္တိဘဝဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတနဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ ဟူသော အကျိုးတရားများ ပါဝင်ကြသည်။
သို့အတွက် ကိလေသာဝဋ် ကမ္မဝဋ် ဖြစ်သည်။
ကမ္မဝဋ်ရှိလျှင် ဝိပါကဝဋ်ဖြစ်သည်။
ဝိပါကဝဋ်ဖြစ်လျှင် ကိလေသာဝဋ် ဖြစ်ပေါ်လာပြန်၏။
သို့အတွက် ဝဋ်သုံးပါး ဘဝသံသရာစက်ကြီးသည် စက်ဘီးလည်သည့် ပဟာချာချာလည်သကဲ့သို့ အဆက်မပြတ် လည်နေပေတော့သည်။

- ကြက်မမှ ကြက်ဥ
- ကြက်ဥမှ ကြက်မ
- တစ်ဖန် ကြက်မမှ ကြက်ဥ

စသည်ဖြင့် တပြောင်း ပြန်ပြန်ဖြစ်နေသကဲ့သို့ လည်းကောင်း။

- အပင်မှ မျိုးစေ့
- မျိုးစေ့မှ အပင်
- တစ်ဖန်၊ အပင်မှမျိုးစေ့

စသည်ဖြင့် အဆက်မပြတ် သံသရာလည်နေသကဲ့သို့ လည်းကောင်း ဝဋ်သုံးပါး ဘဝသံသရာစက်ကြီးသည် အဆက်မပြတ်လည်ပတ်နေသည်။

ကြက်မနှင့် ကြက်ဥသံသရာမျိုးစေ့နှင့်အပင်သံသရာတို့တွင် ကြက်မက အစဖြစ်သည်။ ကြက်ဥကအစဖြစ်သည်။ အပင်တွင် မျိုးစေ့ကအစဖြစ်သည်။ အပင်ကအစ ဖြစ်သည်တို့ကို မဆုံးဖြတ်နိုင်သကဲ့သို့ ဝဋ်သုံးပါးသံသရာ၌ မည်သည့်ဝဋ်ကအစ မည်သည့်ဝဋ်ကအဆုံးဖြစ်သည်တို့ကို မဆုံးဖြတ်နိုင်ချေ။ သို့အတွက် ဘဝသံရာစက်ကြီးတွင် အစနှင့်အဆုံးမရှိပါချေ။

ထို့ကြောင့် အဝိဇ္ဇာနှင့် တဏှာဟူသော ဝဋ်မြစ်နှစ်ပါးရှင်သန်နေသမျှ ကာလပတ်လုံး ဘဝအိုးအိမ်အကြိမ်ကြိမ် တည်ဆောက်ရဦးမည်သာ ဖြစ်ပေသည်။

## မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒ

ဘဝသံသရာလည်ပတ်မှုနှင့်ပတ်သက်၍ မဟာစည်ဆရာတော် ဘုရားကြီး၏ဓမ္မစကြာတရားတော်ကြီး စာအုပ်၌–

"အာရုံဆာတဲ့တဏှာက (ပေါနောဘဝိက) တစ်ဖန်ဘဝအသစ်ကို ဖြစ်စေတတ်တယ်တဲ့၊ တဏှာမကင်းသမျှ ကာလပတ်လုံး ဘဝအသစ်အသစ်တွေ ထပ်ကာထပ်ကာဖြစ်နေရမယ်။

"ဒီတဏှာက နှစ်သက်တပ်မက်ခြင်း သဘောရှိတဲ့အတွက် ရောက်ရာ ဘဝမှာ ကိုယ့်ဘဝနှင့်ကိုယ်သာယာပြီး ပျော်မွေ့နေရတယ်။ ရရာအာရုံနှင့်လည်း နှစ်သက်သာယာပြီး ပျော်မွေ့နေရတယ်။ ဒီလိုနှစ်သက်သာယာပြီး ပျော်မွေ့နေတဲ့ အတွက် မိမိဘဝ မိမိကိုယ်ကို ရှိမြဲရှိနေစေချင်တယ်။ ကောင်းတယ်ထင်တဲ့အာရုံ များကိုလဲရှိမြဲရှိနေစေချင်တယ်။ ဒီလိုရှိမြဲရှိနေအောင် ကြောင့်ကြစိုက်ထုတ် ပြုလုပ်ရတယ်။ အဲဒီလိုပြုလုပ်တဲ့အတွက် ဘဝသစ်ကိုဖြစ်စေနိုင်တဲ့ အကုသိုလ်ကံ ကုသိုလ်ကံများသည် ထိုက်သည့်အားလျော်စွာ ဖြစ်တယ်။

"ဒါကြောင့်သေခါနီးမှာ အကျိုးပေးတော့မည့်ကံဖြစ်စေ၊ ထိုကံပြုလုပ် ခဲ့ကြုံတွေ့ခဲ့ရတဲ့ အာရုံကမ္မနိမိတ်ဖြစ်စေ၊ ထိုကံကြောင့် ဖြစ်ရတဲ့ ဘဝရဲ့ဂတိ

www.dhammaransi.com



နိမိတ်ဖြစ်စေ၊ အဲဒီထင်ပေါ်လာတဲ့အာရုံကို တဏှာရှိနေတဲ့အတွက် စိတ်ထဲကစွဲနေတယ်၊ ဖျောက်ဖျက်ပစ်လို့မရဘူး။

''ညနေချမ်းမှာ တောင်ရိပ်များက မြေပေါ်သို့ဖြန့်ပြီး လွှမ်းမိုးလာသလိုပဲ၊ အဲဒီနိမိတ်အာရုံဟာ စိတ်ထဲမှာလွှမ်းမိုးပြီး ထင်ပေါ်လာနေတယ်။ ဒီအာရုံအာရမဏာသန္တာစေစိတ်က ဆုပ်ကိုင်ထားသလို စွဲစွဲမြဲမြဲ အာရုံပြုနေတယ်၊ အဲဒီအခါမှာ နောက်ဆုံးဖြစ်တဲ့ စုတိရုပ်နာမ်ချုပ်တာနဲ့ တစ်ပြိုင်နက် ထိုနိမိတ်ကိုပင် စွဲမြဲအာရုံပြုလျက် ဌာနသစ် ဘဝသစ်မှာ တည်ရာ မှီရာ ရုပ်နဲ့တကွ ပဋိသန္ဓေစိတ်ဖြစ်ပေါ်လာတယ်။ စိတ်ဖြစ်ရင် ယှဉ်ဘက်စေတသိတ် နာမ်တွေလဲပါတော့တာပေါ့။ အဲဒီစိတ်နောက်မှာလဲ ကံစွမ်းရှိသလောက် ဘဝင်စိတ်တွေ တစ်ဘဝလုံး အဆက်မပြတ်ဖြစ်ပွားတယ်။

''အဲဒီလိုဘဝသစ်ဖြစ်သွားတာ ဘာကြောင့်လဲဆိုရင် ကံနဲ့ တဏှာဆိုတဲ့အကြောင်းနှစ်ပါးကြောင့် ဖြစ်တာပဲ၊ ဒါပေမယ့် တဏှာမရှိရင် ကံသက်သက်ကဘဝသစ်ကို မဖြစ်စေနိုင်ဘူး။ ဒါကြောင့် ဘဝအသစ်ဖြစ်ရာမှာ တဏှာကအရင်းခံအကြောင်းပဲ၊ အဲဒီလိုတဏှာက ဘဝသစ်ကို ဖြစ်စေတတ်တာကြောင့် (ပေါနောဘဝိကာ) တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်တယ်လို့ ဟောတာပဲ။

## နာမ်ရုပ်သံသရာ

နာမ်နှင့်ရုပ်တို့သည် သီးခြားသဘောကိုဆောင်လျက် တစ်ခုကိုတစ်ခု ကျေးဇူးပြုကာ အတူတကွ ယှဉ်တွဲနေကြသည်။ နှစ်ဦးစလုံးမတည်မြဲကြချေ။

နာမ်သည် တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားသကဲ့သို့ ရုပ်သည်လည်း တစ်စက္ကန့်လျှင် ကုဋေ (၅၀၀၀)ကျော် ဖြစ်ပျက်သွားတတ်သည်။ နာမ်သည် နာမ်နိယာမများနှင့်အညီ တစ်ရံပစဲ တရစပ်ဖြစ်ပျက်နေသည်။ ရုပ်ကလည်း ရုပ်နိယာမများနှင့်အညီ ခဏမစဲ ဖြစ်ပျက်ပြောင်းလဲနေပေသည်။

လူတစ်ယောက်၏ ကိုယ်နှင့်စိတ်သည် ရုပ်နှင့်နာမ်တို့၏ အပေါင်းအစုသာဖြစ်သည်။ ယင်းကိုခန္ဓာဖွဲ့သော် ခန္ဓာငါးပါးရသည်။

၁။ ရုပ်အစု (ရူပက္ခန္ဓာ)

၂။ ခံစားမှုအစု (ဝေဒနာက္ခန္ဓာ)

၃။ မှတ်သားမှုအစု (သညာက္ခန္ဓာ)

၄။ စေ့ဆော်ပြုပြင်မှုအစု (သင်္ခါရက္ခန္ဓာ)

၅။ သိမှုအစု (ဝိညာဏက္ခန္ဓာ)

ယင်းတို့ကို တစ်ဖန် စိတ်၊ စေတသိတ် (နာမ်တရား) တို့မှီတွယ်ရာ ဌာနအားဖြင့် ခွဲခြားကြည့်သော် အတွင်းမှီတွယ်ရာ (အတွင်းအာယတန) (၆)ပါးရသည်။

| | |
|---|---|
| ၁။ မျက်စိအကြည်ရုပ် | (စက္ခာယတန) |
| ၂။ နားအကြည်ရုပ် | (သောတာယတန) |
| ၃။ နှာအကြည်ရုပ် | (ဃာနာယတန) |
| ၄။ လျှာအကြည်ရုပ် | (ဇိဝှာယတန) |
| ၅။ ကိုယ်အကြည်ရုပ် | (ကာယာယတန) |
| ၆။ စိတ်အလုံးစုံ | (မနာယတန) |

အတွင်းမှီတွယ်ရာ (၆)ပါးဖြစ်သည်။

| | |
|---|---|
| ၇။ အဆင်း | (ရူပါယတန) |
| ၈။ အသံ | (သဒ္ဒါယတန) |
| ၉။ အနံ့ | (ဂန္ဓာယတန) |
| ၁၀။ အရသာ | (ရသာယတန) |
| ၁၁။ အတွေ့၊ အထိ | (ဖောဋ္ဌဗ္ဗာယတန) |
| ၁၂။ စေတသိတ် (၅၂)၊ သုခုမရုပ် | |
| ၁၃။ နိဗ္ဗာန် | (ဓမ္မာယတန) |

အပြင်မှီတွယ်ရာ (၆)ပါးဖြစ်သည်။

ယင်းခန္ဓာငါးပါးကို မိမိသဘော မိမိဆောင်သော ဓာတ်သဘောဖြင့် ခွဲခြားကြည့်သော် (၁၈)မျိုးရသည်။ ယင်းဓာတ်သည် အသက်ကောင်း၊ သတ္တဝါကောင် မဟုတ်ပါချေ။

| | |
|---|---|
| ၁။ စက္ခုဓာတ် | စက္ခုပသာဒ |
| ၂။ သောတဓာတ် | သောတပသာဒ |
| ၃။ ဃာနဓာတ် | ဃာနပသာဒ |
| ၄။ ဇိဝှာဓာတ် | ဇိဝှာပသာဒ |
| ၅။ ကာယဓာတ် | ကာယပသာဒ |

www.dhammaransi.com



| | | |
|---|---|---|
| ၆။ | ရူပဓာတ် | ရူပါရုံ |
| ၇။ | သဒ္ဒဓာတ် | သဒ္ဒါရုံ |
| ၈။ | ဂန္ဓဓာတ် | ဂန္ဓာရုံ |
| ၉။ | ရသဓာတ် | ရသာရုံ |
| ၁၀။ | ဖောဋ္ဌဗ္ဗဓာတ် | ဖောဋ္ဌဗ္ဗာရုံ |
| ၁၁။ | စက္ခုဝိညာဏဓာတ် | မြင်သိစိတ် (၂)ပါး |
| ၁၂။ | သောတဝိညာဏဓာတ် | ကြားသိစိတ် (၂)ပါး |
| ၁၃။ | ဃာနဝိညာဏဓာတ် | နံသိစိတ် (၂)ပါး |
| ၁၄။ | ဇိဝှာဝိညာဏဓာတ် | စားသိစိတ် (၂)ပါး |
| ၁၅။ | ကာယဝိညာဏစိတ် | ထိ-သိစိတ် (၂)ပါး |
| ၁၆။ | မနောဓာတ် | ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁)ပါး<br>သမ္ပဋိစ္ဆိုင်းစိတ် (၂)ပါး |
| ၁၇။ | မနောဝိညာဏဓာတ် | ကြွင်းသောစိတ် (၇၆) ပါး |
| ၁၈။ | ဓမ္မဓာတ် | စေတသိတ် ၅၂၊ သုခုမရုပ်၊<br>၁၆ နိဗ္ဗာန်။ |

ယင်းတွင် ပသာဒရုပ် (၅)ပါး၊ အာရုံ (၅)ပါးတို့ကို ရုပ်ဓာတ် (၁၀)ပါး၊ စိတ် (၈၉)ပါးကို နာမ်ဓာတ် (၇)ပါး၊ ဓမ္မာရုံကို ဓမ္မာဓာတ်ဟုပင် မှတ်သည်။

သို့အတွက် ပုဂ္ဂိုလ် သတ္တဝါတစ်ဦးစီ၌ ရုပ်နာမ် (၂)ပါး၊ သို့မဟုတ် ခန္ဓာ (၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါးတို့၏ အစုအဝေးဖြစ်သည်ဟု ဆိုသည်။

ယင်းတို့၏ အမြဲမပြတ် ထပ်ကာထပ်ကာ ဖြစ်ပျက်နေသော အစအဆုံး မထင်သော အစဉ်အတန်းကြီးကို (ပရမတ်အမြင်ဖြင့်) သံသရာဟုခေါ်သည်။

ပညတ်အမြင်ဖြင့်မူ ပဋိသန္ဓေဖြစ်သောအချိန်နှင့် စုတိစိတ် ကျသော အချိန်တို့၏ကြားက ဘဝကိုတစ်ဘဝစုခေါ်၏။ (ပဝတ္တိအခါဟူ၍လည်းခေါ်၏)။ ထိုပဝတ္တိအခါ၌ ဘဝင်စိတ်များ တရစပ်ဖြစ်နေ၏။

ဤသို့စုတိ၊ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ ပဋိသန္ဓေ၊ ဘဝင်ဟု တစ်ဘဝထပ် ကာဖြစ်ပေါ်နေခြင်းကို ဘဝသံသရာဟုခေါ်သည်။

www.dhammaransi.com



# အစအဆုံးမထင်နိုင်သော သတ္တဝါတို့၏စိတ်သံသရာ

''ရဟန်းတို့၊ ဤသံသရာအစကိုမသိနိုင်၊ အဝိဇ္ဇာဖုံးကွယ်အပ်ကုန်၏။ တဏှာနှောင်ကြိုးဖြင့် ဆွဲချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ရသော သတ္တဝါတို့၏။ ရှေ့အစွန်းသည် မထင်နိုင်ချေ။

''ရဟန်းတို့ ဥပမာသော်ကား ယောကျ်ား တစ်ယောက်သည် ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှသောထင်း၊ မြက်၊ သစ်ခက်၊ သစ်ရွက်များကို ဖြတ်၍ တစ်ပေါင်းတည်း စုပုံထားပြီးလျှင် လက်လေးသစ်မျှ ကျည်းသားလောက်သာပြု၍ ဤကား ငါ့အမိ၏အမိ စသည်ဖြင့် ချ၍ရေတွက်သော် ဤဇမ္ဗူကျွန်း၌ ရှိသမျှသော ထင်း၊ သစ်ခက်၊ သစ်ရွက်တို့သာကုန်ရာ၏။ ထိုယောကျ်ားတို့၏ အမိ အဘ အဆက်ဆက်တို့ကား မကုန်နိုင်သည်သာတည်း။

'' ထို့အတူ မဟာပထဝီမြေကြီးကို ဆီးစေ့လောက် ဆီးစေ့လောက် အလုံးငယ်များပြုကာ ဤကားငါ၏အဖ၊ ဤကားငါ့အဖ၏အဖ စသည်ဖြင့် ချ၍ရေတွက်သော် ဤပထဝီမြေကြီးသည်သာ ကုန်ရာ၏။ ထိုယောကျ်ားအဖ အဆက်ဆက်တို့ကား မကုန်နိုင်ရာတည်း။

''ရဟန်းတို့ကို အစမထင်အောင် ရှည်လျားလှသော သံသရာကြော၌ ကျင်လည်ခဲ့ရသော သတ္တဝါတစ်ဦးစီ၏ ငိုကြွေးခဲ့ရသော မျက်ရည်နှင့် သောက်စို့ခဲ့ရသောနို့ရည်တို့သည် သမုဒ္ဒရာလေးစင်းရှိ ရေမျှမက များပြားကုန်၏''

(အနမတဂ္ဂသံယုတ်၊ တိဏကဋ္ဌသုတ်၊ ပထဝီသုတ်)

သရက်ပင်တစ်ပင်၏ သံသရာကို လေ့လာလျှင် ယခုသရက်ပင်သည် ယခင်သရက်စေ့မှ ပေါက်သည်။ ထိုသရက်စေ့သည် ယခင်သရက်ပင်မှ ဖြစ်ပေါ်လာ၏။ ယခင်သရက်ပင်ကမှ တစ်ဖန် ယင်းထက်ပိုရှေးကျသော သရက်စေ့မှ ပေါက်လာ၏။ ထိုရှေးကျသော သရက်စေ့မှတစ်ဖန် ပို၍ရှေးကျသော သရက်ပင်မှ ဖြစ်တွန်းလာသည်။

ဤသို့လျှင်သရက်ပင်၏ ရှေ့အစွန်းသည် အစမထင်အောင် ရှည်လျားလှသည်။ သရက်ပင်မှ သရက်စေ့ဖြစ်တွန်းပြီး ထိုသရက်စေ့မှ သရက်ပင်အသစ်ပေါက်ပြန်၏၊ အသီးသီးပြီး အစေ့ဖြစ်ပေါ်လာပြန်၏။ ထိုအစေ့မှ အပင်ထပ်ပေါက်ပြီး အသီးသီးပြန်၏။ အစေ့ဖြစ်ပေါ်လာပြန်၏။ အပင်ထပ်ပေါက်ပြန်၏။

www.dhammaransi.com



ဤသို့ဆိုလျှင် သရက်ပင်၏ အနာဂတ်အစွန်းသည်လည်း မထင်ရှား ပါချေ။

သတ္တဝါတစ်ဦးစီ၏ သံသရာသည်လည်း ဤသို့ပင် အစအဆုံးမထင်ပါ ချေ။ ဤဘဝ၏ အတိတ်ဘဝရှိခဲ့သလို ထိုအတိတ်ဘဝ၏ အတိတ်ဘဝသည်လည်း ရှိရပေမည်။ ထိုအတူ ဒုတိယအတိတ်ဘဝ၏ အတိတ်ဘဝလည်းရှိရမည်။

သို့အတွက် ရှေးဘဝအစွန်းသည် မထင်ချေ။

ယခုဘဝ အနာဂတ်ဘဝ၌ သည့်နည်းတူ ထိုအနာဂတ် ဘဝ၏ ဒုတိယ အနာဂတ် အစသည်လည်း ရှိရပေဦးမည်။ တတိယ၊ စတုတ္ထ၊ အနာဂတ်ဘဝများ လည်း ရှိနေဦးမည်။

သို့အတွက် နောက်ဘဝအစွန်းသည် မထင်ချေ။

လူတစ်ဦးစီ၏ မိဘဘိုးဘွား အစဉ်အဆက်သည် အစမထင်အောင် ရှည်လျားသလို ထိုသူ၏ သားစဉ်မြေးဆက်တို့သည်လည်း အဆုံးမထင်နိုင်အောင် ရှည်လျားကြပါသည်။

ဤကမ္ဘာမှ ပြန်ရေသော် ကမ္ဘာပေါင်း လေးသင်္ချေနှင့် တစ်သိန်းထက် ၌ဒီပင်္ကရာဘုရားပွင့်ပြီး ဂေါတမဘုရားလောင်း သုမေဓာသည် ခန္ဓာကိုယ်ကို တံတားခင်း၍ ဘုရားရှင်ကိုပူဇော်ပြီး ဘုရားအဖြစ်သို့ဆုတောင်းခဲ့သည်။ ဒီပင်္ကရာ ဘုရားသည် သုမေဓာ ရှင်ရသေ့အား –

"နောင်လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဂေါတမဘုရားအဖြစ် သို့ရောက်လိမ့်မည်"

ဟုဗျာဒိတ်ပေးခံခဲ့ရသည်။

ဂေါတမဘုရားလောင်းသည် ကမ္ဘာပေါင်း လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းပတ်လုံး ပါရမီဆယ်ပါးတို့ကို အထပ်ထပ်အဖန်ဖန် ဖြည့်ကျင့်ခဲ့ရသည်။ ကျော်ဖြတ်ခဲ့ရသော ဘဝအရေအတွက်သည် မရေမတွက်နိုင်လောက် အောင်ပင် ရှိခဲ့သည်။

ထို့ကြောင့် သတ္တဝါတို့၏ ဘဝသံသရာ ရှည်လျားမှုသည် မရေတွက်နိုင် အောင်ရှိပြီး နိဗ္ဗာန်မရောက်မချင်း ဆက်လက်ရှည်နေမည်သာ ဖြစ်သည်။

www.dhammaransi.com



## ဘဝသစ်ပဋိသန္ဓေပြောင်းမှု

စိတ်တို့၏ အစွမ်းသတ္တိသည် ဥာနချင်း မည်မျှဝေးကွာနေစေကာမူ ကူးသန်းသွားလာရန် အချိန်ကြန့်ကြာမှုမရှိဘဲ ချက်ချင်းရောက်သွားနိုင်၏။

သို့အတွက် လူ့ဘဝမှ ကွယ်လွန်သွားပြီးနောက် နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ပြိတ္တာတစ္ဆေသရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ လူ့ဘဝပြန်ဖြစ်မှုတို့သည် ဤဘဝ၌စုတိစိတ် (သေစိတ်) ဖြစ်သည်နှင့် တစ်ပြိုင်နက် နောက်ဘဝ၌ ပဋိသန္ဓေအခြားမရှိဘဲ ဖြစ်ပျက်ခြင်း ဖြစ်ပေါ်လေသည်။ ဘဝနှစ်ခုကြား၌ လိပ်ပြာဝဲသည်။ လိပ်ပြာ ကူးသန်းနေမှု၊ အိပ်၌ ခုနစ်ရက်နေမှု စသည်တို့သည် လုံးဝမရှိပေ။

သေပြီးနောက် ပက္ကျတ်ခြင်းဟူသည့် ပြိတ္တာဘဝသို့ ရောက်သွားသောသူတို့ လူတို့ပတ်ဝန်းကျင် အစာရှာရန် သို့မဟုတ် အမျှရရန် လာရောက်ခြင်းမျှသာဖြစ်သည်။

စိတ်စေတသိတ်တို့၏ သက်တမ်းသည် စိတ္တက္ခဏတစ်ချက်စီသာရှိသည်။ ယင်းသို့အတူတူဖြစ်ပြီး အတူတူချုပ်ကြသည်သာ။ သို့သော် စိတ္တနိယာမ အရစိတ်တစ်လုံးဖြစ်-တည်-ပျက် (ဥပါဒ်၊ ဌီ၊ ဘင်) သွားသည်နှင့်တစ်ပြိုင်နက် နောက်တစ်လုံးသည် ဖြစ်ပေါ်လာရသည်။

ထိုအခါ ပထမတွင်ရှိသော ကံအစွမ်းသတ္တိ၊ အကျင့်စရိုက်၊ အလုံအလေ့ ရှိသော အစွမ်းသတ္တိတို့သည် နောက်စိတ်သို့ ပဋ္ဌာန်း (၂၄)ပစ္စည်းအရ ကူးပြောင်းသွားကြသည်။

သို့အတွက် ဤဘဝ၏နောက်ဆုံးစုတိစိတ်သည် နောက်ဘဝ၏ ပဋိသန္ဓေစိတ်မဟုတ်ပါ။ ထိုစိတ်နှစ်ခုသည် တစ်သီးတစ်ခြားစီ ဖြစ်ပါသည်။

သို့သော် ဤဘဝ၏ စုတိစိတ်၌ပါရှိသွားသော အစွမ်းသတ္တိများသည် နောက်ဘဝ၏ ပဋိသန္ဓေစိတ်သို့ ပဋ္ဌာန်းနည်းအရ ကူးပြောင်းသွားကြခြင်းဖြစ်သည်။

ဤဘဝမှ တွေ့ကြုံမှတ်သားခဲ့ရသော စိတ်အစွမ်းသတ္တိများ အားလုံးနှင့် ပြုလုပ်ခဲ့သမျှသော ကံအမျိုးမျိုးတို့၏ အစွမ်းသတ္တိများကိန်းအောင်းလျက်ရှိရာ ဤအစွမ်းသတ္တိများသည် နောက်ဘဝ၏ ပဋိသန္ဓေသို့ ကူပြောင်းသွားပေသည်။

သို့ဖြစ်၍ နောက်ဘဝ၌ ပဋိသန္ဓေနေသူသည် -

- ရှေးဘဝကသေဆုံးခဲ့သူလည်းမဟုတ်

www.dhammaransi.com



– တစ်သီးတခြားလည်းမဟုတ်။

ထိုသူနှစ်ဦးတို့သည် စိတ္တနိယာမနှင့် ကမ္မတို့၏ အစွမ်းသတ္တိဖြင့် ဆက်စပ်နေကြသူများပင် ဖြစ်ပါသည်။

ယင်းနှင့်ပတ်သက်၍ မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်တို့၏အမေးအဖြေသည်ပိုမိုရှင်းလင်းမည်ဖြစ်၍ ဖော်ပြလိုက်ပါသည်။

"အရှင်ဘုရား . . . . ပဋိသန္ဓေနေဆဲ သူသည် သေခဲ့သည့်လူဟောင်းလော၊ သို့မဟုတ် တစ်ပါးသော လူသစ်ဖြစ်ပါသလော"

"မင်းကြီး၊ ပဋိသန္ဓေနေဆဲလူသည် ရှေးလူဟောင်းလဲမဟုတ်၊ တစ်ပါးသောလူသစ်လည်းမဟုတ်ပါ"

"အရှင်ဘုရားထင်ရှားအောင် ရှင်းပြပါဦး"

"မင်းကြီး သင်သည် အိပ်ရာထက်၌ သူငယ်ဖြစ်ခဲ့ဖူး၏။ ယခုအခါ သင်သည် ထိုရှေးဟောင်းသူငယ်လော"

"အရှင်ဘုရား၊ ယခုတပည့်တော်သည် ထိုလူငယ်မဟုတ်ပါ၊ အိပ်ယာထက်၌ ပက်လက်အိပ်သော အခါကာလသည် တစ်ပါး၊ ယခုကြီးရင့်သော အခါကာလသည် တစ်ပါးဖြစ်ပါသည်ဘုရား၊ ကာလပြောင်းခဲ့ပါသည် ဘုရား"

"မင်းကြီး . . . ထိုသို့ဆိုလျှင် သူငယ်၏ မိခင်သည်တစ်ဦး၊ ယခုကြီးရင့်သော သင်မင်းကြီး၏ မိခင်သည် တစ်ဦးဖြစ်နေသည်၊ သင့်တွင်မိခင်နှစ်ဦး ရှိပါသလော"

"အရှင်ဘုရား၊ မိခင်တစ်ဦးသာ ရှိပါသည်"

"မင်းကြီး ဥပမာထပ်မေးမည်၊ သင်သည် ငယ်စဉ်ကပညာသင်ကြားခဲ့၏။ ထိုပညာသင်ကြားသူသည် တခြား၊ ယခုပညာတတ်နေသော သင်မင်းကြီးကတခြားလော"

"အရှင်ဘုရား မဟုတ်ပါ။ ပညာသင်သောသူသာလျှင် ပညာတတ်ရမည်ဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးသာ ဖြစ်နိုင်ပါသည်"

"မင်းကြီး. . . အိပ်ရာထက်၌ ပက်လက်အိပ်ခဲ့သော ကလေးသည် သင်မင်းကြီးမဟုတ်လျှင် ပညာသင်သော သူငယ်သည်လည်း သင်မင်းကြီးမဖြစ်တန်ရာ၊ ပညာသင်သော သူငယ်သည် သင်မင်းကြီးဖြစ်လျှင် ပက်လက်အိပ်သော ကလေးသည်လည်း သင်မင်းကြီး ဖြစ်တန်ရာ၏။ သင်၏ အဖြေသည် နှစ်မျိုးမဖြစ်သင့်ပါ။

www.dhammaransi.com



"အရှင်ဘုရား၊ ဤအရာကို မည်သို့မှတ်ရပါမည်နည်းဘုရား"

"မင်းကြီး... ပက်လက်အိပ်သော ကလေးသည် ယခုသင်မင်းကြီး မဟုတ်သလိုစာသင်သော သူငယ်သည်လည်း ယခုသင်မင်းကြီး မဟုတ်ပါ။ သို့သော် ကလေးငယ်သူငယ်တို့နှင့် ကင်း၍လည်းသင်မင်းကြီးမဖြစ်နိုင်ပါ၊ ထို့ကြောင့် သင်မင်းကြီးသည် ရှေးသူငယ်လဲမဟုတ်၊ တစ်ပါးလူသစ်လည်း မဟုတ်ပါ"

"အရှင်ဘုရားထိုစကားကို ဥပမာဖြင့် ရှင်းပြပါဦးဘုရား"

"မင်းကြီး... ယောကျ်ားတစ်ယောက်သည် ဆီမီးထွန်းညှိထား၏။ ညဦးယံ၌ တောက်သောဆီမီးသည် သန်းခေါင်ယံ၌ တောက်သောဆီမီးလော"

"အရှင်ဘုရား၊ မဟုတ်ပါ"

"မင်းကြီး... ဤသို့ဆိုလျှင် ထိုဆီမီးနှစ်ခုတို့သည် တစ်သီးတစ်ခြား ဖြစ်ကြကုန်သလော"

"အရှင်ဘုရား တစ်သီးတခြားဖြစ်သည်ဟူ၍ မဆိုသာပါ၊ ပထမဆီမီး ကိုအမှီပြု၍ ဆီမီးသည် တစ်ညဉ့်ပတ်လုံးလင်းနေပါသည်"

"မင်းကြီး... မှန်လေ၏။ ညဉ့်ဦးယံက မီးတောက်သည် တောက်လောင် ကုန်ဆုံးသွားပြီ ဖြစ်၍သန်းခေါင်ယံမီးတောက်အဖြစ်သို့ မရောက်နိုင်ပါ၊ ညဉ့်ဦးယံမီးတောက်နှင့်ထင်၍လည်း သန်းခေါင်ယံမီးတောက်သည် ဖြစ်မလာနိုင်ပါ။ မင်းကြီးထိုအတူပင် ပရမတ္ထတရား၏ အစဉ်သည် စွဲယှက်၍ဖြစ်၏။ တစ်ပါးသော တရားသည် ဖြစ်ဆဲဖြစ်၏။ တစ်ပါးသောတရားသည် ချုပ်ဆဲဖြစ်၏။ မရှေးမနှောင်းစပ်ကာ စပ်ကာ ဖြစ်၏။ ထို့ကြောင့်စုတေခဲ့သော ရှေးလူဟောင်း သည်လည်း ပဋိသန္ဓေမနေ၊ တစ်ပါးသော လူသစ်သည်လည်း ပဋိသန္ဓေမနေပါ၊ ရှေးဖြစ်သော ဝိညာဏ်ကို ထောက်ပံ့ခြင်း ဖြစ်၏။

"အရှင်ဘုရား၊ အဘယ်တရားသည် ပဋိသန္ဓေနေပါသနည်း"

"မင်းကြီး နာမ်ရုပ်တရားသည် ပဋိသန္ဓေနေ၏"

"အရှင်ဘုရား၊ ပစ္စုပ္ပန်တရားပင် ပဋိသန္ဓေနေပါသလော"

"မင်းကြီး ဤပစ္စုပ္ပန်နာမ်ရုပ်ဖြင့် ပဋိသန္ဓေမနေ၊ ဤပစ္စုပ္ပန်နာမ် ရုပ်ဖြင့် ကောင်းသော ကုသိုလ်ကံ၊ မကောင်းသော အကုသိုလ်ကံကို ပြု၏။ ထို့ကြောင့် တစ်ပါးသော နာမ်ရုပ်သည် ပဋိသန္ဓေနေ၏"

www.dhammaransi.com



''အရှင်ဘုရား၊ ဤပစ္စုပ္ပန်နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် မကောင်းမှုကံ၏ အကျိုးပေးခြင်းမှ လွတ်မြောက်လေရာ၏။

''မင်းကြီး ... ပစ္စုပ္ပန်ကံကို အကြောင်းခံပြု၍ ပဋိသန္ဓေသစ် ဖြစ်ရသောကြောင့် မကောင်းမှုကံ၏ အကျိုးပေးခြင်းမှ မလွတ်မြောက်နိုင်ပါ။''

''အရှင်ဘုရား၊ ထိုစကားကို ဥပမာဖြင့် ထင်ရှားစွာ ပြပါဦး ဘုရား''

''မင်းကြီး ဥပမာဆိုသော် ယောကျ်ားတစ်ယောက်သည် တခြား တစ်ယောက်၏ သရက်ပင်မှ သရက်သီးများခိုးယူ၏။ ပိုင်ရှင်က သူခိုးယောကျ်ား အားဖမ်းဆီးပြီးလျှင် သင်မင်းကြီးထံ ခေါ်ဆောင်လာငြားအံ့၊ သင်ကစစ်ဆေးမေး သောအခါ သူခိုးက –

''အရှင်မင်းကြီး၊ ဤသူ၏သရက်သီးများကို ကျွန်တော်မခိုးယူရပါ။ ထိုသူစိုက်ပျိုးသော သရက်သီးသည် တခြား၊ ကျွန်တော်မျိုး ဆွတ်ခူးလိုက်သော သရက်သီးတို့သည် တခြားသာတည်းဟု ဆိုငြားအံ့ ထိုယောကျ်ားအား မင်းဒဏ်မှ လွတ်နိုင်ပါမည်လော''

''အရှင်ဘုရား မလွတ်နိုင်ပါ။ မူလ စိုက်ပျိုးသော သရက်သီးကို အကြောင်းပြု၍ သရက်ပင်နှင့် သရက်သီးသစ်များ ဖြစ်လာကြရသည်၊ ဤသရက် သီးသစ်များကို ခြံပိုင်ရှင်က ပိုင်ဆိုင်သည်သာတည်း။ သို့အတွက်ခိုးသူသည် မင်းဒဏ်သင့်ပါသည်''

''မင်းကြီး... ထို့အတူပင် ပစ္စုပ္ပန်နာမ်ရုပ်ဖြင့် အကုသိုလ်ကံ ပြုလုပ်သူ သည် ထိုကံ၏ အစွမ်းဖြင့် ရုပ်နာမ်အသစ်ဖြစ်ရပြီး ထိုအကုသိုလ်ကံအကျိုးကို ခံစားရပါသည်''

''အရှင်ဘုရား၊ ဤပစ္စုပ္ပန်ဘဝမှ နာမ်ရုပ်တို့သည်ဘဝသစ်သို့ မကူး ပြောင်းဘဲပဋိသန္ဓေနေပါသလော''

''မင်းကြီး ... မှန်၏၊ ပစ္စုပ္ပန်ဘဝ၏ နာမ်ရုပ်တို့သည် ကူးသန်းခြင်းမရှိ ဘဲပဋိသန္ဓေနေရ၏''

''အရှင်ဘုရား အဘယ်ကြောင့် မကူးဘဲ ပဋိသန္ဓေ နေရပါသနည်း''

''မင်းကြီး... လုံမယ်တစ်ဦးသည် ဆီမီးခွက်တစ်ခုမှ မီးဖြင့် အခြား ဆီမီးခွက်တစ်ခုကို ထွန်းညှိ၏။ ပထမဆီမီးခွက်သည် ဒုတိယဆီမီးခွက်သို့ ကူးပြောင်းသွားသလော''

www.dhammaransi.com



"အရှင်ဘုရား၊ မကူးပြောင်းလာပါ"

"မင်းကြီး... ထို့အတူပင် ဘဝဟောင်းမှ မပြောင်းဘဲ ဘဝသစ်ဖြစ်၏"

"အရှင်ဘုရား ၊ ဥပမာဖြင့် ရှင်းပြပါဦး ဘုရား"

"မင်းကြီး သင်ငယ်စဉ်အခါက ဆရာသမားများထံ သင်ယူခဲ့သော အတတ်ပညာများ ရှိသလား"

"အရှင်ဘုရား ရှိခဲ့ပါ၏"

"မင်းကြီး ထိုအတတ်များသည် ဆရာများထံမှ သင့်ထံသို့ကူးပြောင်းလာပါသလား"

"အရှင်ဘုရား မကူးပြောင်းလာပါ"

"မင်းကြီး ထို့အတူပင် ဘဝဟောင်းမှ ဘဝသစ်သို့ မကူးပြောင်းဘဲ ပဋိသန္ဓေအသစ်ဖြစ်၏"

"အရှင်ဘုရား၊ ဥပမာထပ်ပြပါဦးဘုရား"

"မင်းကြီး တံဆိပ်ခတ်နှိပ်သဖြင့် တံဆိပ်ရာထင်သည့်အခါ တံဆိပ်တုံးမှ တစ်စုံတစ်ခုသောပစ္စည်းသည် တံဆိပ်ခတ်နှိပ်လိုက်သော ဝတ္ထုပေါ်သို့ ကူးပြောင်းသွားသလော"

"အရှင်ဘုရား မကူးပြောင်းပါ။ တံဆိပ်တုံး၏ မျက်နှာပြင်ကို အကြောင်းပြု၍ တံဆိပ်ရာထင်လာခြင်းသာ ဖြစ်ပါသည်ဘုရား"

"မင်းကြီးထို့အတူပင် ဘဝဟောင်းမှ ပြုလုပ်ခဲ့သော ကံကိုအကြောင်းပြု၍ဘဝသစ်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဘဝဟောင်းနာမ်ရုပ်များသည် ဘဝသစ်ကို ကူးပြောင်းခြင်းမရှိပါ"

"ဘဝကူးပြောင်းသည့်အခါ ဤဘဝမှစုတိစိတ်ဖြင့် နောက်ဘဝ၌ ပဋိသန္ဓေစိတ် ဖြစ်လာခြင်းသည် စိတ်အစဉ်အတန်းကြီး၌ စိတ်တစ်လုံးဖြစ်ပျက်ပြီး နောက် စိတ်သစ်တစ်လုံးဖြစ်လာသော သဘောပင်ဖြစ်သည်။

ဤသို့စိတ်အစဉ်မပြတ် ဖြစ်ပျက်သွားလာသောသဘော ဖြစ်သော ကြောင့်လည်း အချို့လူများသေဆုံး၍ နတ်အဖြစ်၊ တစ္ဆေအဖြစ်သို့ ဥပပါတ် ပဋိသန္ဓေဖြင့် ရောက်သွားကြသည့်အခါ အိမ်ထဲမှ အိမ်ပြင်ထွက်လာသူများကဲ့သို့ မိမိကိုယ်မသေသေးဘဲဟု တင်မှတ်မိကြသည်။

www.dhammaransi.com



``နောက်ဆုံးသေတယ်ဆိုတာဟာ ရှုမှတ်နေရင်း ပျောက်ပျက်သွားတဲ့ စိတ်ကလေးမျိုးပဲ၊ ဘဝသစ်ဖြစ်တယ်ဆိုတာလဲ မှတ်တိုင်းမှတ်တိုင်း အသစ်အသစ် ဖြစ်ပေါ်နေတဲ့ စိတ်ကလေးမျိုးပါပဲ။ ယခုမှတ်နေစဉ်မှာ ရှေးစိတ်ဆုံးသွားရင်း နောက်စိတ်တစ်ခုဆက်ဖြစ်သလိုပဲ၊ သေတဲ့အခါလည်း နောက်ဆုံးစိတ်ကလေး ဆုံးသွားတဲ့ နောက်ဘဝသစ်မှာ အစဦးဆုံးစိတ်ကလေး ဆက်ပြီးဖြစ်သွားမှာပဲ။ ဒါကြောင့်ဘဝသစ်ဖြစ်ရမှာ တဏှာက အရင်းခံအကြောင်းရင်းပဲ၊ အဲဒီလိုတဏှာက ဘဝသစ်ကို ဖြစ်စေတတ်တာကြောင့် (ပေါနောဘဝိကာ) တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်တယ်လို့ ဟောတာပါပဲ''

(မဟာစည်ဆရာတော်ဩဝါဒ)

## အသက်ဝိညာဉ်ရှာဖွေခဲ့သော ပါယာသိမြို့စား

ဘုရားရှင် သက်တော်ထင်ရှား ပွင့်တော်မူခိုက်ကာလတွင် ကောသလ တိုင်းသေတဗျမြို့ကို အပိုင်စားရသော ပါယာသိမင်းသည် တမလွန် လောကမရှိဟု ယုံကြည်နေသူတစ်ဦးဖြစ်သည်။

ထိုအချိန်တွင် ဆန်းဆန်းကြယ်ကြယ် အံ့ဖွယ်တရားတို့ကို ဟောပြောပြ သရာ၌ ဧတဒဂ်ရတော်မူသော အရှင်ကုမာရကဿပ မထေရ်သည် နောက်ပါ ရဟန်းငါးရာနှင့်အတူ သေတဗျမြို့ ရောက်ရှိလာခဲ့သည်။

ပါယာသိမင်းနှင့် အရှင်ကုမာရကဿတို့ ဆုံတွေ့မိကြသည်။ တရား စကား ဆွေးနွေးမိကြသည်။

ပါယာသိမင်းက လက်တွေ့သူ၏ ရှာဖွေသုတေသနပြုချက် တို့ကို တင်ပြလျှောက်ထားပြီး နောင်ဘဝကို မရှိကြောင်းကို ငြင်းဆိုခဲ့သည်။

``အရှင်ဘုရား၊ တပည့်တော်သည် တမလွန်လောကမရှိ။ ခန်ပျံကာ ရောက်လာသကဲ့သို့ ဘွားကနဲရောက်လာသော နတ်ပြဟ္မာများ၊ ငရဲသားများ၊ ပြိတ္တာများမရှိ။ ကုသိုလ်ကံ၊ အကုသိုလ်ကံ အကျိုးသည် မရှိ၊ ဤသို့သော အယူဝါဒကို ယုံကြည်ပါသည်ဘုရား''

``ဒကာတော် ပါယာသိမင်းကြီး၊ ငါသည် အရပ်တကာ လှည့်လည်ပြီး

www.dhammaransi.com



တရားဟောခဲ့၏။ သင်ကဲ့သို့ အယူဝါဒရှိသူကို တစ်ကြိမ်တစ်ခါမျှ မြင်လဲမမြင်ဖူး၊ ကြားလည်းမကြားဖူးပါ။ သင့်ကိုငါမေးမည်၊ လနှင့်နေတို့သည် ဤလောကထဲမှာ ရှိသလား၊ အခြားလောကထဲမှာ ရှိသလား၊ နေနှင့်လတို့သည် နတ်လောကလား၊ လူလောကလား၊ သင်နှစ်သက်သလိုဖြေပါ"

မာနထောင်လွှားနေသော ပါယာသိမင်းကြီး ဦးခေါင်း ညွတ်သွား၏။ နေနှင့်လတို့ စတုမဟာရာဇ် နတ်လောကတွင် ပါဝင်နေသည့်အကြောင်းကို သူကြားဖူး၏။

"အရှင်ဘုရား၊ လနှင့်နေတို့သည် ပရလောက၌ဖြစ်ကြ၏။ လူလောက၌မဖြစ်ပါ။ နေနတ်သားနှင့် လနတ်သားတို့သည် နက်တို့ဖြစ်ပါ၏။ လူသားတို့ မဟုတ်ကြပါ"

"ဒကာတော် ထိုသို့ဆိုလျှင် ပရလောက အထင်အရှားရှိ၏။ ကိုယ်ထင်ရှားဘွားကနဲဖြစ်သော နတ်ပြဟ္မာ ပြိတ္တာတို့ရှိ၏။ ကုသိုလ်ကံ–အကုသိုလ်ကံ အကျိုးလည်းရှိသည် မဟုတ်ပါလော"

"အရှင်ဘုရားစကားသည် သင့်တော်ပါ၏။ ဒါပေမယ့် တပည့်တော် အယူဝါဒမပြောင်းလဲပါဘုရား"

## ငရဲပြည်မှ ပြန်သတင်းပို့သူမရှိ

"အရှင်ဘုရား၊ မေးခွန်းတစ်ခုထပ်မေးပါရစေ၊ တပည့်တော် သိကျွမ်းခင်မင်သူများထဲတွင် အချို့သည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုဒုစရိုက်များကို ပြုလုပ်နေကြသူများလည်း ရှိကြပါသည်။ ထိုသူတို့ သေခါနီးသောအခါ တပည့်တော်က ထိုသူတို့ကို–

"အမောင်.. အမောင် သေလွန်ပြီးနောက် အကယ်၍ ငရဲပြည်သို့ ရောက်အောင်သွားလျှင် ငရဲအိုးသို့ မဆင်းမီ ငါ့ထံလာရောက်ပြီး ငရဲရှိကြောင်း လာပြောပါဦး" ဟုမှာလိုက်ပါသည်။

"ထိုသူတို့သည် ကောင်းပါပြီဟု ဝန်ခံသွားပါသည်။ သို့သော် တစ်ဦးကမ်ပေါ်ကမျှ တပည့်တော်ထံပြန်လာပြီး ငရဲရှိကြောင်း ပြောပြသူမရှိပါ။ သို့ အတွက် နောက်ဘဝမရှိ၊ ငရဲမရှိ၊ ကုသိုလ်ကံ– အကုသိုလ်ကံအကျိုးမရှိဟု

တပည့်တော်ယုံကြည်နေပါသည်ဘုရား''

''ပါယာသိမင်းပြတ်၊ သင့်အား ပြန်မေးပါရစေ၊ မင်းချင်း ယောက်ျား သည် လူဆိုးတစ်ဦးကို ဖမ်းဆီးပြီး သင်ထံ ယူဆောင်လာခဲ့သည်။ ထိုသူပြစ်မှု ထင်ရှားသဖြင့် သင်ကသတ်မိန့်ပေးလိုက်သည်ဆိုပါစို့၊ အာဏာသားတို့သည် ထိုရာဇဝတ်သားကို သုသာန်သို့ခေါ်ထုတ်သွားပြီး သတ်ရန်ပြင်ဆင်ကြသည်။ ရာဇဝတ်သားက ခေတ္တဆိုင်းငံ့ပါဦး။ ကျွန်ုပ်ဆွေမျိုးများထံသွား၍ နှုတ်ဆက်ပြောပါရစေဦးဟု ခွင့်တောင်းလျှင် ခွင့်ရနိုင်ပါအံ့လော''

''အရှင်ဘုရား၊ ခွင့်မရနိုင်ပါ၊ ထိုသူငိုကြွေးမြည်တမ်းနေဆဲမှာပဲ ဦးခေါင်းကို ဖြတ်ပြီးသတ်လိုက်ကြမည် ဖြစ်ပါသည်''

''မင်းကြီး... လူသားအချင်းချင်းကပင် ခွင့်မပြုနိုင်ကြသေလျှင် ငရဲထိန်းတို့က ဒုစရိုက်သားကောင်အား သင်မင်းကြီးထံ အဘယ်မှာ ပြန်ခွင့်ပြုလိမ့် အံ့နည်း။ ထိုသူအား ငရဲအိုးထဲသို့ ချက်ခြင်းပစ်ချလိုက်မည်သာ ဖြစ်ပါသည်။ သို့အတွက် သင့်အယူကိုစွန့်လွှတ်ပါလော့''

## နတ်ပြည်မှ သတင်းပြန်ပို့သူလဲမရှိပါ

''အရှင်ဘုရား၊ တပည့်တော်မှာ ကုသိုလ်ပြုသူ မိတ်ဆွေများစွာ ရှိပါ သည်။ ထိုသူတို့သေလွှန်ခါနီးတွင် –

''အမောင်... သေလွန်ပြီး နတ်ပြည်ရောက်လျှင် နတ်ပြည်ရှိကြောင်း ကိုကျွန်ုပ်ကို လာပြောပါ'' ဟုမှာကြားခဲ့ပါသည်။

''ထိုသူတို့ဝန်ခံဂတိပေးခဲ့သော်လည်း တစ်ယောက်မျှ ပြန်လာ၍ နတ်ပြည်ရှိကြောင်း မပြောပါဘုရား၊ ထို့ကြောင့် နောင်ဘဝမရှိ၊ နတ်လောကမရှိ၊ ကုသိုလ်–အကုသိုလ်ကံမရှိဟု တပည့်တော် ယုံကြည်ပါသည်ဘုရား''

''ဒကာတော် ပါယာသိမင်း၊ သင့်ကို ဥပမာတစ်ခု ဆောင်ပြမည်။ ဉာဏ်ရှိသောအမျိုးကောင်းသား မှန်သမျှသည် ဥပမာဆောင်ပြပြီးလျှင် ဆိုလိုရင်း အနက်သဘောကို သိနားလည်ကြသည်။ မင်းကြီး၏ မင်းချင်းတစ်ယောက်သည် မစင်ပြည့်သော တွင်းထဲသို့တစ်ကိုယ်လုံးမြုပ်သွားသည် ဆိုကြပါစို့၊ သင်မင်းကြီး သိလျှင် မည်သို့လုပ်ဆောင်မည်နည်း''

''ထိုသူအား မင်းယောက်ျားတို့ကို မစင်တွင်းမှ ဆယ်ထုတ်ယူစေပါ

www.dhammaransi.com



မည်ဘုရား''

''ကောင်းပြီ ဆယ်ထုတ်လိုက်သောအခါ ထိုသူတို့၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် မစင်နှင့်ပိုးလောက်များ ကပ်ပေကျံနေမည်၊ ထိုသူကို မင်းချင်းတို့က ရေဖြင့် သွန်းလောင်း၍ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပြီး အမွှေးနံ့သာတို့ဖြင့် လိမ်းကြံစေမည်၊ အဝတ်ပုဆိုးသစ်တို့ကို ဝတ်ဆင်စေပြီး ပြာသာဒ်ထက်၌ ထားမည် ဆိုကြပါစို့ တစ်ဖန်ထိုသူ့ကို မင်းကေရာဇ်စည်းစိမ် ကာမဂုဏ်ဟူသမျှ ခံစားစေမည် ဆိုပါစို့၊ ထိုသူသည် မစင်တွင်းသို့ ပြန်ဆင်းလိုသော ဆန္ဒရှိပါဦးမည်လော''

''မရှိနိုင်ပါဘုရား''

''မင်းကြီး... လူစည်းစိမ်နှင့် နတ်စည်းစိမ်ဟူသည်မှာ မင်းစည်းစိမ်နှင့်မစင်တွင်းတမျှ ကွာခြားလှပါသည်။ နတ်တို့အဖို့ လူခန္ဓာကိုယ်သည် ရွံ့ရှာစက်ဆုပ်ဖွယ်ကြီး ဖြစ်ပါသည်၊ လူတို့အနံ့သက်သည် ယူဇနာတစ်ရာ၊ မိုင် (၁၂၀၀) အကွာအဝေးမှပင် နတ်တို့အား နှိပ်စက်နိုင်ပါ၏။ ထို့ကြောင့်နတ်တစ်ပါးက လူ့ရပ်ထံ လာရောက်ရခြင်းသည်ပင် ကေရာဇ်က မစင်တွင်းသို့ သက်ဆင်းရသလောက် ဝန်လေးလှပါသည်။ သို့တွက် သင့်မိတ်ဆွေများသည် နတ်ပြည်သို့ သွားရောက်ပြီးနောက် သင့်ထံသို့လာချင်ပါဦးမည်လော''

''မလာချင်ပါဘုရား၊ သို့သော် နတ်ပြည်ရှိကြောင်း အထောက်အထားကိုတပည့်တော် မသိရဖြင့် နတ်ပြည်ရှိခြင်းကို တပည့်တော် မယုံကြည်နိုင်ပါဘုရား''

''ဒကာတော်မင်းကြီး၊ တာဝတိံသာနတ်တို့၏ တစ်ရက်တာသည် လူတို့၏ နှစ်တစ်ရာနှင့်ညီမျှ၏။ တာဝတိံသာသို့ ရောက်သွားသော သင်၏မိတ်ဆွေကနတ်စည်းစိမ်တစ်ရက်ခံစားပြီးမှ သင့်ထံသို့လာလျှင် သင်ရှိပါဦးမည်လော''

''မရှိနိုင်တော့ပါဘုရား''

''သို့အတွက် နတ်ပြည်ရှိသည်ကို ယုံကြည်ပါ''

''အရှင်ဘုရား၊ တာဝတိံသာ နတ်ပြည်ရှိသည်ကို အရှင်အားမည်သူ ပြောထားပါသလဲ ဘုရား၊ တပည့်တော် မမြင်ဖူး၊ မကြားဖူးပါ၊ သို့အတွက်မယုံကြည်ပါ''

''မင်းမြတ်၊ သင့်စကားသည်မျက်စိကန်းနေသူနှင့်တူနေ၏''

'' သူကန်းက မည်သို့ပြောပါသလဲဘုရား''

www.dhammaransi.com



"ပင်းမြတ်၊ မိခင်ဝမ်း၌ မျက်စိကန်းလာသောသူသည် အဖြူအမည်းဝသော အဆင်းခြောက်ပါးကို မမြင်ဖူးချေ။ ပင်လယ်၊ သမုဒ္ဒရာ၊ ရေမြေ၊ တောတောင်၊ လ၊ နေ၊ ကြယ်တို့ကိုလဲ မမြင်ဖူးချေ။ သို့တွက် သူကန်းသည် အမည်း၊ အဖြူစသည်အဆင်းအရောင်များ မရှိကုန်။ ရေမြေ၊ တော၊ တောင်၊ လနေတို့ မရှိကုန်ဟု ပြောဆိုလေသည်။ ထိုသို့ပြောဆိုခြင်းသည် ကောင်းမွန်မှန်ကန်သောတရားနည်းလမ်းကျသော ပြောဆိုခြင်းဖြစ်ပါသလော"

"အရှင်ဘုရား... မဖြစ်နိုင်ပါ"

"ပင်းမြတ်... သင်သည် ပရလောကဖြစ်သည် နောက်ဘဝ၊ နတ်လောက၊ ပြဟ္မလောက၊ ငရဲလောကတို့ကို ပကတိမျက်စိဖြင့်မြင်မှ ယုံမည်ဟု ပြောဆိုနေ၏။ ဤလောကတို့ကို ပကတိမျက်စိဖြင့် မမြင်နိုင်ပါ။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်သာ မြင်တွေ့နိုင်ပါသည်။ သို့အတွက် ပရလောကကို သင်မြင်တွေ့လိုလျှင် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရအောင် အားထုတ်ပါလေ"

ပါယာသိမင်းသည် ငြိမ်သက်စွာ ငုံနေလေသည်။

"မင်းမြတ်... သင်သည် ဒိဗ္ဗစက္ခုကိုမရသဖြင့် နတ်လောက ငရဲလောကကိုမမြင်နိုင်၊ ထိုမမြင်ရသည့်အတွက် ထိုလောကမရှိ။ ထိုလောကကို မြင်သိသူမရှိဟု သင်ပြော၏။ ပရလောကကို မြင်ဖူးတွေ့ဖူးကြသော အဘိညာဉ်ရသူတော်ကောင်းများနှင့် ဘုရားရဟန္တာမြတ်တို့ကို ပယ်ဖြတ်ရာ ရောက်နေ၏။ သင့်စကားသည် ဝန်လေးလှ၏။ သို့တွက် နောက်ဘဝမှမရှိ၊ ပရလောကမရှိ၊ ကံနှင့်ကံအကျိုးမရှိဟူသော သင်၏အယူများကို စွန့်လွှတ်ပါလော့"

•

## နတ်ပြည်ရောက်မယ်ဆို စောစောသေကြပါလား

"အရှင်ဘုရား၊ တပည့်တော်သည် သီလနှင့်ပြည့်စုံသော သူတော်ကောင်းတို့ကို တွေ့ဖူးပါ၏။ သီလနှင့်ပြည့်စုံသော သူတို့သည် သေလျှင်နတ်ပြည်သို့ရောက်ရမည်ဟု အရှင်ဘုရားတို့ ဟောကြားထားသော်လည်း ထိုသူတော်ကောင်းတို့သည် သေရမည်ကိုကြောက်နေပါသည်ဘုရား။ အနာကင်းရန်၊ အသက်ရှည်ရန် သူတို့ဆုတောင်းနေကြပါသည်ဘုရား၊ သူတို့သည် မစင်တွင်းနှင့်တူသော လူ့ပြည်မှပယ်ခွာပြီး ကာမဂုဏ်ချမ်းသာကြီးကြယ်သည့် နတ်ပြည်သို့ မြန်မြန်ရောက်အောင် မိမိကိုယ်ကိုသတ်သေကြဖို့ သင့်ပါသည်ဘုရား"

---

www.dhammaransi.com



''ပါယာသိမင်းကြီး... သင့်အား ဥပမာတစ်ခုဆောင်ပြမည်၊ ရှေးအခါ ပုဏ္ဏားတစ်ဦး၌ မယားနှစ်ယောက်ရှိသည်၊ မယားတစ်ယောက်တွင် (၁၂)အရွယ်သားငယ်တစ်ယောက်ရှိသည်။ ကျန်မယားတွင် ကိုယ်ဝန်အရင့်အမာရှိပေ၏။ ပုဏ္ဏားကြီး ရုတ်တရက် သေဆုံးသွားသဖြင့် ပုဏ္ဏား၏ သားသည် ဥစ္စာပစ္စည်းအားလုံးကို မိမိပိုင်သည်၊ မိမိအားပေးလော' ဟုမိထွေးထံတောင်းသည်၊ မိထွေးက 'ငါသားဖွားသည့်အထိ စောင့်ပါဦး၊ သားကလေးဖွားလျှင် ငါသားလဲပစ္စည်းဥစ္စာများကိုအချို့တစ်ဝက်ပိုင်ဆိုင်ပါလိမ့်မည်၊ သမီးကလေးဖွားလျှင် ထိုသမီးကို သင့်အား အလုပ်အကျွေးအဖြစ် ပေးအပ်ပါမည်' ဟုဆိုသည်။

''ပုဏ္ဏားသားက မစောင့်နိုင်ဘူး၊ ပစ္စည်းဥစ္စာများကို ယခုပင်ပေးလော့'' ဟုသုံးကြိမ်တိုင်တိုင် တောင်းဆို၏။ ထိုအခါ ပုဏ္ဏားမသည် ဓားကိုဆွဲကိုင်၍ ငါ့ဝမ်းထဲက ကလေးသည်သားလော၊ သမီးလော၊ ယခုမျက်မြင်သိရန် ငါပြမည်ဟု ကြွေးကြော်ကာ မိမိဝမ်းဗိုက်ကို ခွဲချလိုက်သည်။

''ထိုအခါ ပုဏ္ဏားမသည် မိမိကိုယ်လည်းဖျက်ဆီး၏။ အမွေခံသားကိုလည်းဖျက်ဆီး၏၊ ပညာရှိသူတော်ကောင်းတို့သည် မကုန်ဆုံးသေးသော အသက်ကိုကုန်အောင်မလုပ်ကြပါ။ သူတစ်ပါးအကျိုး ပျက်စီးခြင်းကို မပြုလုပ်ကြပါ၊ သက်တမ်းကုန်မည့်အချိန်အထိ စောင့်ဆိုင်းလျက် မိမိနှင့်သူတစ်ပါးအကျိုးရှိအောင် သူတော်ကောင်းတရားကို အားထုတ်ကြပါသည်။ ဤအကြောင်းကြောင့် သင်၏ အယူများကို စွန့်လွှတ်ပါ''

## လိပ်ပြာကောင်ထွက်တာ မတွေ့ပါ

''အရှင်ဘုရား၊ တပည့်တော် အယူဝါဒ ပစ္စန့်နိုင်သည့်အကြောင်းရှိပါသေးသည်၊ တပည့်တော်သည် သေဒဏ်ကျသည့် ရာဇဝတ်သားတစ်ယောက်ကိုစဉ့်အိုးတစ်လုံးတွင် ထည့်စေပြီးသော် အိုးအဖုံးကိုဖုံးအုပ်၍ သားရေကြိုးပြီး လျှင်လေလုံအောင်ပြေစေးနှင်မံစေပါသည်။ ထိုအိုးကို မီးတိုက်စေပါသည်။ ထို့နောက်ထိုအိုး၏ အဖုံးကို ဖြည်းဖြည်းချင်း အနည်းငယ်ဖွင့်စေ၍ ရာဇဝတ်သား အသက်လိပ်ပြာ ထွက်လာမည်ကို ချောင်းမြောင်းကြည့်ပါသည်။ အသက်လိပ်ပြာ ထွက်လာသည်ကို မတွေ့ရပါ။ ထို့ကြောင့် နောက်ဘဝမျိုးကို တပည့်တော် ယုံကြည် ထားပါသည်ဘုရား''

www.dhammaransi.com



''ပါယာသိမင်းမြတ်... သင်သည် နေ့ခင်းအခါ ပြာသာဒ်ထက်၌ အပန်းဖြေအိပ်စက်နေစဉ် ပန်းမန်များ ဖူးပွင့်နေသော ဥယျာဉ်ပန်းခြံအတွင်း လှည့်လည်ခြင်း၊ စိမ်လန်းစိုပြေသော ရေကန်ပတ်ဝန်းကျင်၌ မွေ့လျော်ခြင်းစသည် တို့ကို အိမ်မက်မြင်မက်ဖူးပါသလော''

''အရှင်ဘုရား၊ မြင်မက်ဖူးပါ၏''

''ထိုသို့မြင်မက်နေသည့်အခါ အသင်မင်းကြီး၏ အသက်လိပ်ပြာသည် ဥယျာဉ်ပန်းခြံ ရေကန်ရှိရာသို့ ထွက်ခွာသွားသည်ကို အစောင့်မောင်းမများ မြင်တွေ့လိုက်ကြပါသလား''

''မမြင်တွေ့ကြပါဘုရား''

''မင်းမြတ်... အသက်ရှင်ဆဲဖြစ်သော သင်မင်းကြီး၏ အသက် လိပ်ပြာက အိပ်မက်အတွင်း ဝင်ချည်ထွက်ချည် ပြုနေသည်ကို သင်မင်းကြီးအား စောင့်နေသော မောင်းမများက မမြင်မတွေ့ကြလျှင် သေသွားသောသူ၏ အသက်ဝိညာဉ်ကို အသင်မင်းကြီးရှာဖွေ၍ ရမည်လော''

## လူသေသည်ကိုယ်အလေးချိန်တိုးသည်

''အရှင်ဘုရား၊ သေဒဏ်သင့်သော ရာဇဝတ်သားတစ်ဦးကို တပည့်တော်၏ မင်းချင်းများသည် အချိန်ခွင်ကတ္တားမှာ သေသေချာချာချိန်တွယ် ထားလိုက်ကြပြီး ထိုသူ၏ အသက်လိပ်ပြာ၊ ပါးစပ်၊ နှာခေါင်းတို့နှင့် ငယ်ထိပ်တို့မှ မထွက်အောင်လည်ပင်းကို လေးညှို့ကြိုးနှင့်ပတ်၍ တင်းနေအောင် ဇက်သီးဖြင့် ဆွဲထားခဲ့ပါ၏။ ထိုရာဇဝတ်သား သေဆုံးသောအခါ ခန္ဓာကိုယ်ကို တစ်ဖန်ချိန်ကြည့် ပါ၏။ အသက်ရှင်ဆဲကာလ၌ ထိုရာဇဝတ်သား၏ ခန္ဓာကိုယ်သည် ပေါ့ပါး၏။ နူးညံ့ပျော့ပျောင်းပြီး အမှုကိစ္စ၌ ခံ့ညားညား ရှိပါ၏။ သေဆုံးသောအခါ၌မူ ကိုယ်ခန္ဓာသည်လေး၏။ တောင့်တင်းခက်မာပြီး ကြမ်းတမ်းခက်တရော်မှုရှိ၏။ အကယ်၍ အသက်ထွက်သွားပြီးလျှင် ကိုယ်ခန္ဓာပေါ့သွားရန် သင့်ပါ၏။ ယခုမပေါ့ သည့်အပြင်ပို၍ပင် လေးလာသည့်အတွက်ကြောင့် အသက်ထွက်သွားခြင်း၊ နောင်ဘဝသို့ကူးသွားခြင်းကို တပည့်တော် မယုံကြည်နိုင်ပါဘုရား၊ သို့အတွက် ကြောင့် နောင်ဘဝမရှိဟု တပည့်တော် ယုံကြည်ပါသည် ဘုရား''

''မင်းမြတ်... သင်ပြောသည်ကို ငါမငြင်းပါ၊ ဥပမာတစ်ခုဆောင်ပြ

www.dhammaransi.com



ပါမည်၊ မီးထဲတွင် တစ်နေ့လုံး ဖုတ်ထားသဖြင့် ရဲရဲတောက်နေသော သံခဲကြီးကို ချိန်လိုက်စမ်းပါ၊ သံခဲကြီး အအေးခံပြီးတော့လဲ တစ်ဖန်ချိန်ကြည့်ပါ၊ မည်သို့ ထူးခြားသည်ဟု သင်ထင်ပါသနည်း''

''အရှင်ဘုရား၊ သံခဲကြီးပူနေသည့်အခါ ပေါ့လဲပေါ့၏၊ ပျော့ပျော့ ပျောင်းပျောင်းလည်းရှိပါ၏။ အလိုရှိသော ပုံစံကို ထုလုပ်၍ရပါသည်။ အေးသော အခါမူလေးလံလာ၏ မာကျောတောင့်တင်းခက်မာပြီး ကြမ်းတမ်းခက်တရော် ရှိပါ၏''

''မှန်ပေသည် မင်းမြတ်၊ သံခဲကြီး ရဲရဲတောက်ပူနေသောအခါ အပေါ့ ဓာတ်ဖြစ်ကြသည့် တေဇောနှင့်ဝါယောတို့ လွှမ်းကဲနေ၏။ သို့အတွက် သံခဲကြီး ပေါ့ပါးပျော့ပျောင်းနေ၏။ အေးသွားသောအခါ အလေးဓာတ်ဖြစ်သော ပထဝီနှင့် အာပေါဓာတ်တို့လွှမ်းကဲနေ၏။ သို့တွက် သံခဲကြီး လေးလံပျင်းတွဲလာ၍ မာကျော နေပါ၏။

''လူ၏ခန္ဓာကိုယ်၌လည်း အသက်ရှင်ဆဲအခါတွင် အာယုဟူသည့် ရုပ်ဇီဝိတ (ရုပ်သက်) လည်းရှိ၏။ ဥသ္မာခေါ်သော ကမ္မဇတေဇောလည်းရှိ၏၊ ဝိညာဏ်ဟူသည့် ဝိညာဏက္ခန္ဓာလည်းရှိ၏။ ဝိညာဏ်နှင့်တွဲဖက်ကာ ဝေဒနာသညာ သင်္ခါရဟူသော အခြားနာမ်ခန္ဓာသုံးပါးလဲ ရှိ၏။ ဤအကြောင်းများကြောင့် ခန္ဓာ ကိုယ်ပေါ့ပါးသွက်လက်စွာ ပျော့ပြောင်းနေပါ၏''

''သေလွန်သွားသည့်အခါ ခန္ဓာကိုယ်၌ အာယုဥသ္မာနှင့် ဝိညာဉ်မရှိကြ တော့၊ ထို့ကြောင့် ခန္ဓာကိုယ်သည် လေးလံမာကျော ကြမ်းတမ်းခက်တရော် ဖြစ်လာရသည်။ သို့အတွက် သင်၏ကဲ - ကဲ၏အကျိုးမရှိ တပလွန်ဘဝမရှိ ဟူသော အယူအဆများကို စွန့်လွှတ်ပါလော့''

## ခရသင်း၏အသံ ဘယ်ကလာ

''အရှင်ဘုရား၊ တပည့်တော်အယူကို ပစွန့်နိုင်သေးသော အကြောင်း ရှိပါသေးသည်။ မင်းပြစ်ဒဏ်သင့် ရာဇဝတ်သားတစ်ဦးကို အရေထူအရေပါးဟိုကို လည်းကောင်း၊ အကြောအမျှင်တို့ကိုလည်းကောင်း ခန္ဓာကိုယ်တစ်ခုလုံးရှာ မပျက်စီး စေဘဲသတ်လိုက်ကြပါဟု မင်းချင်းတို့ကို အမိန့်ပေးခဲ့ပါသည်။ ထိုရာဇဝတ်သား သေလုလု ပေ့ပြောနေသောအခါ သူ၏ခန္ဓာကိုယ်ကို ပေါက်ခွဲထား၍

www.dhammaransi.com



လည်းကောင်း၊ တစောင်းထား၍ လည်းကောင်း၊ ပက်လက်လှန်ထား၍ လည်းကောင်း၊ မည်သည့်အပေါက်က အသက်ထွက်သွားမည်ကို တပည့်တော်တို့ စောင့်ကြည့်ကြပါသည်။ သို့သော်အသက်ထွက်သွားသည်ကို မမြင်တွေ့ရပါ၊ သို့အတွက် လက်ရှိခန္ဓာကိုယ်ထဲမှ အသက်ထွက်ပြီး နောက်ဘဝကူးသွားသည်မှာ မဖြစ်နိုင်ပါ၊ သို့အတွက် နောင်ဘဝမရှိနိုင်ပါဘုရား''

``မင်းမြတ်... သင့်ယုံမှားမှုကို ပယ်ပျောက်ရန် ဥပမာတစ်ခု ထပ်ပြပါမည်၊ ရှေးကခရုသင်းမှုတ်၍ အသက်မွေးဝမ်းကျောင်း ပြုသူတစ်ဦးသည် တိုင်းပြည်အစွန်အဖျား ဗဟုသုတခေါင်းပါးသော ပစ္စန္တရာဇ်၏အရပ်သို့ ရောက်သွားသည်၊ ခရုသင်းသုံးကြိမ်မှုတ်ပြီး ထိုင်နေလိုက်၏။ ထိုခရုသင်းအသံကို တစ်ရွာလုံးက လူများကြားနေကြရ၏။ ထိုထူးဆန်းသော အသံသည် ဘာသံလဲဟု သိလိုကြ၍ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ထွက်လာခဲ့ကြသည်။

ခရုသင်းကြီးကိုချပြီး ထိုင်နေသောသူကို ရွာသားများက ဝိုင်းဝန်းမေးကြသည်။

``အို... အဆွေအလွန်ကြည်နူးစရာ သာယာ တပ်မက်မောစရာ ကောင်းသောအသံကို ငါတို့ကြားရပါ၏။ ထိုအသံသည် ဘာအသံပါနည်း''

``ထိုသာယာကြည်နူးဖွယ်ကောင်းသော အသံသည် ခရုသင်းသံဖြစ်ပေသည်''

ထိုအခါ ရွာသားများသည် ခရုသင်းကို ဝိုင်းအုံ၍ သာယာဖွယ်ကောင်းတဲ့ အသံတစ်သံမြည်လိုက်စမ်းပါ ဆိုကြသည်။ ထိုသူတို့သည် ခရုသင်းထံမှ ဘာမှထွက်မလာ၍ ခရုသင်းကို ပက်လက်လှန်လိုက်ကြ၏။ တစောင်း၊ မှောက်ခုံ စသည်ထားလိုက်ကြ၏။ ခရုသင်းအသံ ထွက်မလာသဖြင့် ခရုသင်းကို လက်သီးနှင့် ထိုးကြသည်။ ကျောက်ခဲနှင့်တုကြ၏။ တုတ်နှင့်ရိုက်၊ ဓားနှင့်ခုတ်ကြည့်ကြ၏။ ခရုသင်းအသံကို အမျိုးမျိုးရှာဖွေကြသည်။

ထိုအခါ ခရုသင်းမှုတ်သူက စဉ်းစား၏။ ပစ္စန္တရာဇ်၏ ဇနပုဒ်သားတို့သည်အလွန်ဉာဏ်နည်း၏။ အလွန်မိုက်ကြ၏။ မလျှောက်ပတ်သောအကြောင်းဖြင့် ခရုသင်းအသံကို ရှာနေကြ၏။

ဤသို့စဉ်းစားပြီး ခရုသင်းကို ကောက်ကူကာမှုတ်လိုက်သည်။ ထိုခဏမှာပင် သာယာတပ်မက်ဖွယ်ကောင်းသော ခရုသင်းအသံသည် ထွက်လာသည်။

www.dhammaransi.com



ထိုသူသည် သုံးကြိမ်မှတ်ပြီး ရွာမှထွက်ခွာသွားသည်။

ထိုအခါ ရွာသားတို့က ဤသို့သဘောပေါက်ကြ၏။ ခရုသင်းသည် မှုတ်သူ၊ မှုတ်သူ လုံ့လပယောဂနှင့် ထိုသူ၏လေ ခရုသင်းထဲဝင်ပြီး ပေါင်းဆုံမိမှ အသံမြည်သည်။ အကြောင်းသုံးပါး မပြည့်စုံလျှင် မပြည့်နိုင်ဟု သိကြ၏။

"မင်းမြတ်၊ ဤကာယသည် အာယု၊ ဥသ္မာ၊ ဝိညာဏ်တို့ရှိမှ သွားလာလှုပ်ရှားနိုင်၊ မြင်နိုင်၊ ကြားနိုင်၊ နံနိုင်၊ စားနိုင်၊ ထိနိုင်၊ သိနိုင်၏။ ထိုအကြောင်းသုံးပါးမပြည့်စုံလျှင် မလှုပ်ရှားနိုင်၊ မမြင်နိုင်၊ မကြားနိုင်ပါ၊ အသက်ကို သင်ရှာနေခြင်းသည်ပစ္စန္တရာဇ်၏ ဇနပုဒ်သားတို့ ခရုသင်းသံရှာနေသကဲ့သို့ သဘောရှိလေသည်။ သို့အတွက် သင်၏မိစ္ဆာအယူကို စွန့်လွှတ်ပါလော့"

## အသား၏အကြောကြားမှာအသက်ရှာ

"အရှင်ဘုရား၊ တပည့်တော် အယူမစွန့်နိုင်သေးပါ၊ တပည့်တော်သည်မင်းချင်းတို့အား သေဒဏ်ပေးခံရသော လူတစ်ယောက်၏ အရေပါးကို အလွှာလိုက်ခွာစေပြီး အသက်ကိုရှာစေပါသည်။ မတွေ့ရသည့်အခါ အသားများကို အထပ်လိုက် အထပ်လိုက် လှီးဖြတ်ပြီး ရှာဖွေစေပြန်ပါသည်ဘုရား။ မတွေ့၍ အကြောတစ်ချောင်းစီ ဖြတ်စေ၍ အရိုးများကို တစ်ကြိမ်စီဖြတ်စေရာ ဝိုးတွင်းခြင်ဆီနှင့်ရှိသမျှသော ကောဋ္ဌာသတို့၌ အသက်ကိုရှာစေပါသည်ဘုရား။ အသက်ကို ဘယ်မှရှာမရပါ။ သို့အတွက် နောင်ဘဝမရှိဟု တပည့်တော် ယုံကြည်ပါသည်ဘုရား"

"မင်းမြတ်၊ ဉာဏ်ရှိသော ပုဂ္ဂိုလ်များသည် ဥပမာတစ်ခုဆောင်ပြလျှင် သိနားလည်ကြသည်။ ဥပမာတစ်ခုဆောင်ပြပါမည်။ တောတဲ၌ ရသေ့ကြီးတစ်ပါးသည်မီးများကို မပြမပြတ် ပူဇော်နေလေ့ရှိသည်။ မီးဖိုသို့ ထောပတ်များလောင်းထည့်ပြီးတော့လဲ ဖြဟ္မာကြီးကို ပူဇော်လေ့ရှိသည်၊ တစ်နေ့သ၌ လူညီးတပ်ကြီးတစ်တပ်သည် ရသေ့၏ ကျောင်းသင်္ခမ်းအနီး၌ စခန်းချနေ၏။ တစ်ညအိပ်စက်ကြပြီးနောက် မိုးသောက်သောအခါ ပြန်ထွက်သွားကြ၏။ ရသေ့ကြီးသည် အသုံးဝင်သော ပစ္စည်းတစ်စုံတစ်ခုကို ရလိုရငြား ယိုစခန်းနေရာသို့ သွားခဲ့၏။

မွေးဖွားကာစ ကလေးတစ်ယောက်ကို တွေ့သဖြင့် ကောက်ယူလာပြီး ကျွေးမွေးစောင့်ရှောက်ထား၏။ ကလေး (၁၂)အရွယ်သို့ ရောက်သောအခါ

www.dhammaransi.com



ရသေ့သည် မြို့ရွာသို့ ချဉ်းကပ်ရန် ကိစ္စတစ်ခုပေါ်လာ၏။ ထို့ကြောင့်မွေးစားသားကိုခေါ်ကာ ပူဇော်ထားသော မီးမငြိမ်းသွားစေရန် နေ့ညဉ့်ဂရုစိုက်ရန် မှာကြားပြီးထွက်ခဲ့သည်။

သူငယ်သည် တောတွင်း၌ ကစားနေရာ အချိန်လွန်မှ ပူဇော်ထားသော မီးကိုသတိရပြီး လာကြည့်၏။ ထိုအခါ မီးငြိမ်းနေသည်ကို တွေ့ရသည်။ သို့အတွက် ပဲခွပ်ကို ကိုင်ကာမီးကို ရှာလေသည်။ ရသေ့ကြီးသည် မီးလိုလျှင် ပွတ်ခံနှင့် ပွတ်ကျည်ကို ပွတ်တိုက်ပြီး မီးရအောင်လုပ်ပါဟု မှာကြားထားခဲ့သော်လည်း ထိုသို့ပွတ်တိုက်ရသည်ကို သူမမှတ်မိချေ။ မီးသည် ပွတ်ခုံ(သို့မဟုတ်) ပွတ်ကျည်ထဲ၌ရှိမည်ဟု ယူဆပြီးလျှင် ပွတ်ခံနှင့်ပွတ်ကျည်ကို ပဲခွပ်နှင့်ခွဲစိတ်လေသည်။။ အစိတ်စိတ် အမွှာမွှာ ဖြစ်သွားသော်လည်း မီးကိုမတွေ့ရချေ။ သို့အတွက် ပွတ်ခုံ ပွတ်ကျည်စသည်တို့ကို ဆုံထဲထည့်ထောင်းကြပြန်၏။ အမှုန့်ဖြစ်သည့်တိုင်အောင် မီးစ မတွေ့ရချေ။

ရသေ့ကြီးပြန်လာသောအခါ သူငယ်မှိုင်နေသည်ကိုလည်းကောင်း၊ မီးငြိမ်းနေသည်ကိုလည်းကောင်း တွေ့ရ၏။ သူငယ်အား မေးမြန်း၍ အကြောင်းစုံ သိရလျှင် ဤသူငယ်သည် မိုက်မဲလှဘိ၏။ ပွတ်ခံနှင့်ပွတ်ကျည်ကို ထောင်းထု၍ မီးရှာသော် အဘယ်မှာရမည်နည်းဟု မှတ်ချက်ချ၏။

''မင်းမြတ်၊ သင်သည်လဲ တစ်ကိုယ်လုံးကို အစိတ်စိတ် အမွှာမွှာ ခွဲခြမ်းစိတ်ဖြာပြီး အသက်ကိုရှာဖွေခဲ့သည်မှာ ဟိုတောသားသူငယ်မီးရှာဖွေနေသကဲ့သို့တူနေသေးသည်။ သင်မင်းကြီး အယူများကို စွန့်လွှတ်ပါလော့''

## သူများကဲ့ရဲ့မှာ ကြောက်လုပါသည်

''အရှင်ဘုရား ... အရှင်ဘုရား ဟောကြားထားသော ဥပမာ အကြောင်းဆိုလျော်လှပါ၏။ သို့သော် တပည့်တော်အယူမစွန့်နိုင်သေးပါ''

''မည်သို့သော အကြောင်းထူးများ ရှိပါလေသနည်းမင်းကြီး''

''တပည့်တော်၌ နောင်ဘဝမရှိ၊ တမလွန်ဘဝမရှိ၊ ကံ-ကံ၏အကျိုးမရှိ ဟူသောအယူဝါဒ ရှိသည်ကို ပသေနဒီကောသလမင်းကြီးလဲသိ၏။ အခြားမင်းမှူးထမ်းများလည်းသိ၏။ အကယ်၍ တပည့်တော် အယူဝါဒကိုစွန့်လွှတ်လိုက်လျှင် ထိုမင်းသည်တပည့်တော်ကို ကဲ့ရဲ့ပေလိမ့်မည်။ ရဲစွမ်းသတ္တိမရှိသူ ဂုဏ်သိက္ခာမရှိသူ

www.dhammaransi.com



ဟူ၍လည်း စွပ်စွဲကြပေလိမ့်မည်။ ထိုအဖြစ်ကို တပည့်တော်လက်မခံနိုင်ပါ။ အရှင်ဘုရားနှင့် စကားပြိုင်ရန်အတွက်လည်း တပည့်တော်. ထိုအယူကို ဆက်လက် ဆောင်ထားလိုပါသည်ဘုရား''

''မင်းမြတ်... ငါဥပမာဆောင်ပြဦးမည်။ ရှေးအခါက လှည်းကုန်သည် နှစ်ဦးတို့သည် လှည်းတစ်ထောင်ကို ဦးဆောင်၍ ကုန်ကူးသန်းရောင်းဝယ်ရန် အလို့ငှာ သဲကန္တာရခရီးကို ဖြတ်သန်းခဲ့ကြသည်။ ရက်အနည်းငယ်သွားပြီးနောက် ရိက္ခာများ သိသိသာသာ လျော့နည်းလာသဖြင့် ညှိနှိုင်းဆွေးနွေးကြသည်။

ဤမျှရှည်လျားသော ခရီးကို လူတစ်ထောင် နွားနှစ်ထောင်တို့ တစ်စုတစ်ရုံတည်း သွားကြသော် လမ်းခုလတ်တွင် ရိက္ခာပြတ်လိမ့်မည်။ သို့တွက် အုပ်စုနှစ်ခုခွဲ၍ သွားကြကုန်အံ့ဟု သဘောတူညီကြသည်။

ကုန်သည်မှူးတစ်ဦးသည် လှည်းငါးရာကို ဦးဆောင်၍ ရှေ့မှသွားနှင့်၏။ ခရီးသုံးချိုးတစ်ချိုးသို့ ရောက်သောအခါ လူတစ်အုပ်နှင့်တွေ့ဆုံကြသည်။ ထိုသူတို့ သည်ကြာရိုးကြာစွယ် ကြာပန်းများစွာကို ကိုင်ဆောင်လျက် ရေစိုရွှဲနေသော အင်္ကျီ ပုဆိုး ဆံပင်များရှိလျက် မျက်နှာချင်းဆိုင် အရပ်မှ လာနေကြ၏။

အနားသို့ရောက်သော် ''အဆွေတို့ ရှေ့နား၌ မိုးသည်းထန်စွာ ရွာနေ သဖြင့် ရေကန်၌ ရေအပြည့်ရှိနေပါ၏။ ကြာရိုး ကြာနွယ်များ ပြည့်နှက်နေပါ၏။ နွားများသက်သာအောင် သင်တို့ရေများကို သွန်ထားခဲ့ကြပါ''ဟုတိုက်တွန်း၏။

ကုန်သည်မှူးနှင့် လှည်းသားတို့သည် ထိုလူအုပ်၏ စကားကို ယုံကြည် ကာပါလာသမျှသော ရေတို့ကို သွန်ပစ်ခဲ့ကြ၏။ ဝန်ပေါ့သဖြင့် ခရီးဆက်လက် လာခဲ့ရာ ကန္တာရခရီးတစ်ဝက်သာ ကျိုးသွားသည်။ ရေကို မတွေ့ရချေ။ ခရီးသည် ခြောက်သထက် ခြောက်သွေ့လာ၏။ သဲပြင် အတိသာတွေ့ရ၏။ ရေမသောက်ရ သဖြင့်နွားရော လူပါပင်ပန်းနွမ်းနယ်ပြီး အားပြတ်လာကြသည်။ ထိုလူတို့နောက်မှ နောင်တရခဲ့ပြီး ဘီလူး၏ အစားအစာများ ဖြစ်ကြရသည်။

ပထမအုပ်စု ကန္တာရခရီး လွန်မြောက်လေပြီဟု ယူဆနေသောအခါ ဒုတိယကုန်သည် လှည်းအုပ်စုသည် ဆက်လက်ထွက်ခဲ့သည်။ ထိုလူအုပ်များကို တွေ့ပြန်၏။ လှည်းကုန်သည်မှူးသည် ပညာရှိ၏။ ဤသူတို့သည် ဖနောင့်တိုကြ၏။ မျက်လုံးနီ၏။ မျက်တောင်မခတ်ကြ။ ထို့အတွက် ဘီလူးများ လူယောင် ဆောင်ပြကားခြင်းဖြစ်သည်ဟု ဆိုသည်။

www.dhammaransi.com



သို့အတွက် ရေမျှားကိုမသွန်ဘဲ ဆက်လက်ခရီးထွက်ခဲ့၏။ ခရီးတစ်ဝက်ကျိုးသောအရပ်၌ ပထပလှည်းငါးရာ အုပ်စုမှ လှည်းများနှင့် နွား လူတို့၏ အရိုးစုများကို ပြင်တွေ့ကြရ၏။ ထိုလှည်းငါးရာမှ အဖိုးတန်ပစ္စည်းတို့ကို ယူပြီး ခရီးဆက်လက် ထွက်ခွာလာရာ ခရီးအဆုံးသို့ချောမောစွာ ရောက်ခဲ့ကြ၏။

''မင်းမြတ်... ဉာဏ်မရှိသော လှည်းကုန်သည်မှူးသည် ဘီလူးနှင့် လူမခွဲခြားနိုင်ရာ။ ဆင်ခြင်ဉာဏ်ကင်းမဲ့ရာ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ခဲ့ရာသည်။ ထိုကုန်သည်နောက် လိုက်ကြသော လှည်းသားတို့သည်လည်း သေကြေပျက်စီးကြရသည်။ မင်းမြတ် သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိတို့ကို ခွဲခြားနိုင်စွမ်းမရှိဘဲ ဆက်လက်မိုက်မဲနေလျှင် မကြာမီ အကျိုးမဲ့ ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ ယင်းမင်းကြီးစကား သက်ဝင်ယုံကြည်နေသူများလဲ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ပေလိမ့်မည်။ သို့အတွက် သင့်အယူများကို စွန့်လွှတ်ပါလော''

## မစင်ထုပ်ကို မစွန့်ရက်သူ

''အရှင်ဘုရား... ဆန်းကြယ်သော ဥပမာစကားတို့ဖြင့် ဟောကြားသောအရှင်ဘုရား၏ တရားတော်သည် နားဆင်လို့ကောင်းပါ၏။ သို့သော် နောင်ဘဝ မရှိသောအယူကို တပည့်တော် မစွန့်သေးပါ။ တပည့်တော် ဤအယူဝါဒရှိသည်ကို ကောသလမင်းနှင့် အခြားမင်းများ သိနေပါ၏။ ထိုအယူဝါဒ စွန့်လွှတ်လိုက်လျှင် တပည့်တော်အား လူညံ့၊ လူဖျင်း၊ ဖွဲသတ္တိ မရှိသူဟု ထိုမင်းတို့ ထင်မှတ်ကြပါလိမ့်မည်။ သို့အတွက် ဥပမာဆောင်၍ ဟောကြားပါဦးလော''

''မင်းမြတ်နားဆင်ပါလော။ ရှေး၌ဖြစ်ဖူးသည်မှာ ဝက်မွေးသမား တစ်ယောက်သည် မိမိရွာမှ အခြားရွာသို့သွား၏။ ထိုရွာအပြင်ဘက်၌ တစ်ရွာလုံးက စွန့်ပစ်ထားသော မစင်ခြောက်များကို မြင်ရသဖြင့် ဝက်မွေးသမားက ဤသို့ စဉ်းစားသည်။

'' ဤမစင်ခြောက်များသည် အချည်းနှီး မဖြစ်စကောင်း၊ ဤရွာသားများသည် နားမလည်၍ ဤမစင်ခြောက်များကို စွန့်ထား၏။ ငါ့အတွက်မူကား ဝက်စာအဖြစ် အသုံးချပေသည်''

တို့နောက် အပေါ်ရုံဝတ် ဆာရီကြီးကို ဖြန့်ခင်း၍ များစွာသော မစင်

www.dhammaransi.com



ခြောက်တို့ကို ကောက်ထည့်ပြီး အထုပ်ကြီးထုပ်ပြန်လေသည်။ ထိုအထုပ်ကြီးကို ဦးခေါင်းပေါ်၌ ရွက်လျက် မိမိရွာသို့ ပြန်လာ၏။ ရွာမရောက်မီ မိုးကြီးသည်းထန်စွာ ရွာ၏။ မစင်ရေတို့သည် ဝက်မွေးသမား၏ တစ်ကိုယ်လုံး ယိုစီးပေကျံ၏။

ထိုဝက်မွေးသမားကို အခြားလူတို့က မြင်၍ . . .

''အသင်ယောက်ျား ရူးနေသလား၊ ဖောက်ပြန်နေသလား၊ မစင်ထုပ်ကြီးကို အဘယ်ကြောင့် သယ်ဆောင်လာပါသနည်း''ဟုဝိုင်းပြော၏။

''ခင်ဗျားတို့ကသာ ရူးနေတာ၊ ကျုပ်မရူးဘူး၊ ဒီအထုပ်ကြီးက ငါ့ရဲ့ ဝက်စာတွေ'' ဟုပြန်လည်ချေပပြောဆိုပြီး မစင်ထုပ်ကြီးကို အိမ်အရောက်သယ်သွား၏။ အိမ်ရောက်သည့်အခါ မိဘ ဆွေမျိုး ဇနီးတို့က လက်မခံ၊ အိမ်ကနှင်ထုတ်၏။ ရွာကလည်း နှင်ထုတ်၏။ ထိုဝက်မွေးသမား အရှက်တကွဲ အကျိုးနည်းခံစားရ၏။ မင်းမြတ် သင်သည် မစင်ထုပ်ကြီးနှင့် တူသောမိစ္ဆာဒိဋ္ဌိ အယူများကြီးကို ဦးခေါင်းထက်၌ နှစ်ပေါင်းများစွာ သယ်ဆောင်ခဲ့လေပြီ။ ယခုအခါ မိုးကြီးသည်းတန်စွာရွာသကဲ့သို့ သင်၏မစင်ထုပ်ကြီးကို အများပြည်သူတို့ သိမြင်ကြလေပြီ။ သင်၏မိစ္ဆာအယူကို စွန့်လွှတ်ပါလော့။

## အဆိပ်လူးသည့်ကြွေအန်ကိုမျိုချနေသူ

''အရှင်ဘုရား. . . အရှင်မိန့်ကြားသော ဥပမာများသည် အလွန်ယုတ္တိရှိပြီး ထိမိပါ၏။ သို့သော်လည်းတပည့်တော်၏ အယူကိုမစွန့်နိုင်သေးပါ''

''မင်းမြတ်၊ အဘယ်ကြောင့်မစွန့်နိုင်ပါသနည်း''

'' တပည့်တော်၏ နောက်ဘဝမရှိ၊ ငရဲ၊ နတ်၊ ဗြဟ္မာမရှိဟူသော အယူကို ကောသလမင်းနှင့် အခြားမင်းများ သိထားကြပါသည်။ တပည့်တော် အယူပြောင်းလိုက်ပါက ပါယာသိမင်းသည် အလွန်ညာဏ်နည်းသူ ဖြစ်သည်။ ခုတစ်မျိုး ခဏတစ်မျိုး စိတ်ပြောင်းလဲတတ်သူ ဖြစ်သည်ဟု ရှုတ်ချပါလိမ့်မည်''

''မင်းမြတ်၊ သင့်ကို ဥပမာတစ်ခု ထပ်ဆောင်ပြပါမည်။ ရှေးက ကြွေအန်လောင်းကစားသူ နှစ်ဦးရှိသည်။ ကြွေအန်ကစားတိုင်း တစ်ယောက်သည် အမြဲရှုံးနေ၏။ ထိုရှုံးသူသည် စိတ်ဆိုး၍ ပင်လာမရှိသော အရှုံးကြွေသီးများကို ပါးစပ်ထဲထည့်ပြီး ငုံထားလိုက်၏။ တစ်ခါတစ်ရံ မျိုချလိုက်၏။ ဤအပြုအမူကို

www.dhammaransi.com



အခြားကြွေအန်ကစားသူက မြင်၍ ဤသို့ဆို၏။

"အဆွေ၊ အသင် အနိုင်ရချင်သလား၊ သင်နိုင်လိုလျှင် သင်၏ ကြွေသီးများကို ငါ့အားပေးပါ။ သင် ကြွေအန်များကို ဗလိနတ်စာတင်ပြီး သင်နိုင်အောင် ငါကြံဆောင်ပေးမည်"

ဉာဏ်နည်းသော ကြွေအန်ရှုံးသူသည် မိမိကြွေအန် အသီးများကို ယှဉ်ဖက်ကစားသမားလက်သို့ ပေးအပ်လိုက်၏။ ထိုသူသည် ကြွေအံစာတုံးများကို ယူဆောင်သွားပြီး အဆိပ်ရည်လိမ်းကျံကာ ပိုင်ရှင်အား ပြန်ပေးလိုက်သည်။

ထိုကြွေအန်ရှင်သည် ထိုကြွေအန်များနှင့် ယှဉ်ပြိုင်ကစား၏။ ကစားတိုင်းရှုံးပြန်သဖြင့် အရှုံးပြသည့် ကြွေအန်ကလေးများကို ပါးစပ်ထဲထည့်၍ ငုံပြီးလျှင် မျိုချလေ၏။ ကြွေအန်ကို အဆိပ်လူးထားသည်ကို မသိချေ။ အဆိပ်ရည်လူးထားသောအန်စာသီးများကို မျို၍မျို၍ ချခြင်းဖြင့် မကြာခင် ပြင်းထန်သော ဆင်းရဲဒုက္ခကိုခံစားရမည်ကို မသိရှာပေ။

နိုင်သူယှဉ်ဖက်က စေတနာကောင်းရှိလေဟန်နှင့် တိုက်တွန်းစကားပြောလေသေး၏။

"အဆွေ အသင်နိုင်ချင်သလား၊ နိုင်ချင်လျှင် အန်စာသီးတွေကို မမျိုချပါနှင့်၊ မိုက်စွာသော အန်စာသမား ငါဘယ်လိုပင်ပြောပြော သင်သည် မျိုချင်တိုင်း မျိုနေခဲ့၏။ နောင်အခါ ပြင်းထန်သော ဆင်းရဲဒုက္ခကို ခံစားလိုလျှင် ဆက်ပြီးသာ မျိုပါလော့"

မိုက်မဲသော အန်စာသမားသည် ဥစ္စာကိုသာမက အသက်ကိုပါ ဆုံးရှုံးရပါတော့သည်။

"မင်းမြတ်၊ သင်သည် အဆိပ်လူးထားသည့် မိစ္ဆာအယူကြီးကို တစ်ခုပြီးတစ်ခု မျိုချနေ၏။ မကြာမီ ကြီးစွာသောဆင်းရဲဒုက္ခကို ကြုံရတော့သည်။ အဆိပ်လူးသည့် မိစ္ဆာအယူကို စွန့်လွှတ်လိုက်ပါတော့"

## ရွှေထုပ်နှင့်မလဲနိုင်ပါ

"အရှင်ဘုရား၊ တပည့်တော်အယူဝါဒကို မင်းအပေါင်းတို့ သိကြပါ၏။ ထိုမင်းအပေါင်းတို့ ကဲ့ရဲ့ရှုတ်ချသည့် အရေးကို တပည့်တော်ခွင့်မပေးနိုင်ပါ၊ အရှင်ဘုရားဖြစ်စေ၊ အခြားသူဖြစ်စေ၊ စိတ်ဆိုးလျှင် ဆိုးပါစေ၊ တပည့်တော်၏

www.dhammaransi.com

အယူကို ဆက်လက် ခံယူသွားပါမည်။ အရှင်ဘုရား၏ နောင်ဘဝရှိသည်ဟူသော အယူဝါဒကို ဆက်လက်ခံယူသွားပါမည်။ အရှင်ဘုရား၏ နောက်ဘဝရှိသည် ဟူသောအယူဝါဒကို ချေဖျက်ရန်အတွက်လည်း တပည့်တော်အယူဝါဒကို ဆောင်ထားပါဦးမည်။ အရှင်ဘုရားတို့နှင့် ဝါဒပြိုင်ရေးအတွက်ကိုလည်း တပည့်တော်၏ အယူကို ဆောင်ထားပါဦးမည်''

''မင်းမြတ်၊ သင့်ကို ဥပမာတစ်ခု ထပ်မံဆောင်ပြပါမည်။ ရှေးအခါက အလွန်စည်ကားသော ရွာကြီးတစ်ရွာ ပျက်စီးခဲ့ဖူး၏။ ထိုရွာနေ လူအပေါင်းတို့ အကုန်ပြောင်းရွှေ့သွားသည့် သတင်းကိုကြားရသော အခြားရွာသားနှစ်ဦးတို့သည် ထိုရွာပျက်သို့ သွားကြရာ ရွာပျက်မှ ဂုန်လျှော်ထုပ်များကို တွေ့သောအခါ တစ်ယောက်တစ်ထုပ်စီ နိုင်သလောက် ထမ်းပိုးလာကြသည်။

အနည်းငယ် ဆက်သွားသောအခါ ရက်ပြီးသော ဂုန်နီဖျင်များကို တွေ့ကြ၏။ တစ်ယောက်သောသူက ဂုန်လျှော်ထုပ်ကို ပစ်ချပြီး ဂုန်နီဖျင်စများကို ထုပ်ပိုးထမ်းယူလာ၏။ တစ်ယောက်ကမူ ငါသည် ဤဂုန်လျှော်ထုပ်ကို အပင်ပန်း ခံပြီးထမ်းခဲ့ရ၏။ ဤဂုန်လျှော်ထုပ်ကို မစွန့်လွှတ်နိုင်ဟုဆိုကာ ဆက်လက်ထမ်းယူ လာ၏။

ထိုသို့နီးလာခဲ့ရာ တစ်နေရာ၌ ဝါဂွမ်းပုံကိုတွေ့ရ၏။ ဂုန်နီဖျင်ထမ်း လာသူက ဂုန်နီဖျင်ကိုစွန့်၍ အဖိုးတန်သော ဝါဂွမ်းကိုကျစ်လျစ်အောင် ထုပ်ပြီး ထမ်းယူလာ၏။ အခြားတစ်ယောက်ကမူ အပင်ပန်းခံထမ်းရတာဆိုပြီး ဂုန်လျှော်ကို ပင်ဆက်လက်ထမ်းလာ၏။

ရှေ့ခရီးဆက်ကြရာ ချည်ထည်ချောများကို တွေ့ရ၏။ ဝါဂွမ်းထမ်းလာ သူက ချက်ခြင်းပင် ဝါဂွမ်းတို့ကိုပစ်၍ ချည်ချောထည်တို့ကို သယ်ယူ၏။ တစ်ယောက်ကမူ ဂုန်လျှော်ကိုပင် ဆက်လက်ထမ်းလာ၏။

ရှေ့နားအရောက်တွင် သတ္တုများကို တွေ့ပြန်၏။ ချည်ချောထမ်းသူ ကအကောင်းစွန့်၍ အ..င်းကိုထမ်းယူ၏။ တစ်ယောက်သောသူက မပြောင်းလဲ ဆက်လက်ထမ်းယူမြဲ ထမ်းယူ၏။

ဆက်လက်သွားရာ ရွှေကြီးတွေ့ပြန်၏။ သတ္တုထမ်းသူက သတ္တုကို

www.dhammaransi.com



ပစ်ချ၍ရွှေပုံကို ကောက်ယူထမ်းလာ၏။ တစ်ယောက်ကမူ ဂုန်လျှော်ကိုပင် ဆက်လက်ထမ်းလာ၏။

ထိုသူနှစ်ဦး မိမိတို့ရွာသို့ရောက်သောအခါ ရွှေထမ်းလာသူကို ဇနီးမယားတို့က ဝမ်းပန်းတသာ ဆီးကြိုကြ၏။ ဂုန်လျှော်ထမ်းလာသူကိုမူ ဇနီးမယားတို့က မူဝိုင်းဝန်းအပြစ်တင်ကြ၏။

"မင်းကြီး... သင်သည် ဂုန်လျှော်ထမ်းသူနှင့်တူနေ၏။ တန်ဖိုးနည်းလှသော မိစ္ဆာအယူကို အပင်ပန်းခံကာ ဆက်လက်ထမ်းဆောင် လာသည့်အတွက် ဇနီးမယားဆွေမျိုးအပေါင်းတို့ ဝမ်းမသာနိုင်ကြပါ၊ ဝိုင်း၍ပင် အပြစ်တင်နေကြ၏။ ထို့ကြောင့် အကျိုးမရှိသော ဥစ္ဆေဒဒိဋ္ဌိအယူကိုစွန့်ပါ၊ ရွှေကဲ့သို့ အဖိုးထိုက်တန်သော သမ္မာဒိဋ္ဌိကို ပြောင်းလဲခံယူပါ"

"အရှင်ဘုရား... ကောင်းမြတ်လှပါ၏။ အရှင်ဘုရား ဆောင်ပြခဲ့သော ပထမဆုံး ဥပမာဖြင့်ပင်လျှင် တပည့်တော်သည် အရှင်ဘုရား၏ အဖြေစကားများကိုနှစ်သက်ရှင်လန်းစွာ လက်ခံခဲ့ပြီးပါပြီ၊ တပည့်တော်၏ မိစ္ဆာအယူကိုစွန့်လွှတ်ခဲ့ပြီးပါပြီဘုရား၊ အရှင်ဘုရား၏ ထူးခြားဆန်းကြယ်သော ဥပမာစကားများကို ဆက်လက်ကြားနာလိုသဖြင့်သာ တပည့်တော်၏ အယူဝါဒကို မစွန့်လွှတ်နိုင်သေးဟုဆိုခဲ့ခြင်းဖြစ်ပါသည်ဘုရား၊ အရှင်ဘုရား၏ အဖြေစကားတို့သည် အလွန်တစ်ရာ နှစ်သက်ဖွယ် ကောင်းလှပါသည်ဘုရား၊ မှောက်ထားသည်တို့ကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးအုပ်ထားသော အရာတို့ကို ဖွင့်လှစ်ပြသကဲ့သို့လည်းကောင်း၊ မျက်စိလည်သာသူအား လမ်းညွှန်ပြသကဲ့သို့လည်းကောင်း၊ အမှောင်ထုကြီးထဲ၌ မီးကိုမြင်ထွန်းပြသကဲ့သို့လည်းကောင်း အသိအမြင် ရှင်းလင်းသွားရပါသည်။ တပည့်တော်သည် ယနေ့မှစ၍ အသက်ရှင်သမျှ ကာလပတ်လုံး ရတနာသုံးပါးကို ကြည်ညိုလေးမြတ်စွာ ဆည်းကပ်ကိုးကွယ်ပါတော့မည်ဘုရား"

## စိတ်ဓာတ်ချုပ်ငြိမ်းသော ဘုရားရှင်၏နည်းလမ်း

စိတ်ကလေးသည် နိဗ္ဗာန်မရောက်မချင်း သံသရာခရီးတစ်လျှောက် မရပ်မနား၊ မောပန်းသည်မသိ ပြေးသွားနေသည်။

ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်တော်မူသောအခါ ထိုစိတ်၏ချုပ်ရာကို သိရ၍ 'ဟယ်... တဏှာယောက်ျား အို... လက်သမား၊ သင့်ကို ငါသည်

www.dhammaransi.com



ဘဝများစွာ သံသရာရှည်ကြာစွာ ဖွေရှာခဲ့သည်။ ယခုတော့တွေ့ပြီ၊ သင်သည် ငါ၏ ကိုယ်ခန္ဓာတည်းဟူသော အကျင်ရနယ်တို့ကို မတည်ဆောက်နိုင်တော့ပြီ ဟုကြွေးကြော်မိန့်ကြားခဲ့သည်။

မိမိသည် သံသရာတစ်လျှောက် ပြေးလာရသည်ကို ရပ်တန့်သွားအောင်နည်းလမ်းရခဲ့သလို အားလုံးသော သတ္တဝါများရစေရန် မိမိရရှိခဲ့ ရှာဖွေတွေ့ရှိခဲ့သော သံသရာဇာတ်သိမ်း ဘဝချုပ်ငြိမ်း နည်းလမ်းကို ဟောကြားနည်းပေးခဲ့သည်။

– ကိလေသာဝဋ်ကို ပယ်သတ်နိုင်လျှင် ကမ္မဝဋ်မဖြစ်တော့၊

– ကမ္မဝဋ် မဖြစ်လျှင် ဝိပါကဝဋ်ဖြတ်ပြီး ဘဝသစ်မဖြစ်တော့။

သို့တွက် ကိလေသာဝဋ်ကို ပယ်သတ်ရန် လက်နက်ကောင်း နည်းကောင်းအဖြစ်

– မှန်သောအယူ　　　သမ္မာဒိဋ္ဌိ
– မှန်သောအကြံ　　　သမ္မာသင်္ကပ္ပ
– မှန်သောစကား　　　သမ္မာဝါစာ
– မှန်သောအလုပ်　　　သမ္မာကမ္မန္တ
– မှန်သောအသက်မွေးမှု　　　သမ္မာအာဇီဝ
– မှန်သောအားထုတ်မှု　　　သမ္မာဝါယမ
– မှန်သောသတိ　　　သမ္မာသတိ
– မှန်သောတည်ကြည်မှု　　　သမ္မာသမာဓိ

ဟူသော အရိယာမဂ္ဂင် (၈)ပါး လမ်းစဉ်တရားကို ကျင့်ကြံကြိုးစားအားထုတ်ကြရန် နည်းလမ်းပေးခဲ့ပါသည်။

ထိုနည်းလမ်းကို ကျင့်ကြံအားထုတ်၍ မင်္ဂလာတန် မိုလေးတန် နိဗ္ဗာန်ချမ်းသာကို ရောက်လျှင် သံသရာပြေးလွှား စိတ်ဓာတ်ကလေးသည် ရပ်တန့်ပြီးဆုံးရပေတော့သည်။

www.dhammaransi.com

# အခန်း(၄)
# စိတ်အပြောင်းဘဝကြောင်းသက်သေ

## ဘဝဟောင်းကို ပြန်ပြောင်းသိမှု

ဤသတ္တလောကတွင် လူဖြစ်စေ၊ နတ်ဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အတိတ်ဘဝမှ သေလွန်ပြီးနောက် ယခုပစ္စုပ္ပန်ဘဝ၌ လူပြန်ဖြစ်ပြီးနောက် ရှေးဘဝအကြောင်းကို ပြန်ပြောင်းပြောဆိုတတ်သူများ ရှိကြပါသည်။

ဤသည်ကို ဗုဒ္ဓဘာသာစာပေ ဘုရားဟော၌ ဇာတိဿရ ဉာဏ်ရ ပုဂ္ဂိုလ်၊ ဘဝဟောင်းကို ပြန်လည်သတိရသော ဉာဏ်ရှိသူ (လူဝင်စား) ဟုခေါ်ဆိုကြသည်။

အတိတ်ဘဝကို ဇာတိဿရဉာဏ်ဖြင့် တစ်ဘဝထက်သိသူ၊ တစ်ဘဝထက်ပိုသိသူ များစွာရှိကြောင်း ကျမ်းဂန်တို့၌ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ထိုဇာတိဿရဉာဏ်ဖြင့် အဆင့်မြင့်သော ပုဗ္ဗေနိဝါသဉာဏ်ဖြင့် လွန်လေပြီးသော အတိတ်ဘဝပေါင်းများစွာကို မြင်သိနိုင်သည်ဟု ကျမ်းဂန်များ၌ ဆိုထားပါသည်။ ထိုပုဂ္ဂိုလ်များမှာ –

- သာသနာပ ရသေ့များ၊
- ပကတိသာဝကများ၊
- မဟာသာဝကများ၊
- အဂ္ဂသာဝကများ၊

www.dhammaransi.com



– ပစ္စေကဗုဒ္ဓါများ၊
– သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊

သာသနာပရသေ့များသည် လွန်လေပြီးသော ကမ္ဘာ (၄၀)တိုင်အောင် မိမိတို့၏ ရှေးဘဝများကို အောက်မေ့နိုင်သည်။ ထိုသူတို့သည် နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ် ကင်းကြသည့်အတွက် ပညာအားနည်းကြသည်။

ထို့ကြောင့် ကမ္ဘာ(၄၀)ထက်ကျော်လွန်၍ မိမိတို့၏ အတိတ်ဘဝများကို မမြင်မသိနိုင်ကြပေ။

ဘုရားရှင်၏ ပကတိသာဝကများသည် ပညာအား ကောင်းကြသောကြောင့်လွန်လေပြီးသော ကမ္ဘာတစ်ရာ(သို့မဟုတ်) ကမ္ဘာတစ်ထောင်တိုင်အောင် မိမိတို့၏ အတိတ်ဘဝများကို အောက်မေ့နိုင်ပါသည်။

မဟာသာဝကများသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းတိုင်အောင် မိမိတို့၏ဘဝဟောင်းများကို သိမြင်နိုင်ကြပါသည်။

အဂ္ဂသာဝကနှစ်ပါးသည် ကမ္ဘာပေါင်း တစ်သင်္ချေနှင့်တစ်သိန်းတိုင်အောင်မိမိတို့၏ ဘဝဟောင်းများကို အောက်မေ့နိုင်ကြပါသည်။

ပစ္စေကဗုဒ္ဓါတို့သည် ကမ္ဘာပေါင်း နှစ်သင်္ချေနှင့်တစ်သိန်းတိုင်အောင် မိမိတို့၏ ဘဝဟောင်းများကို အောက်မေ့နိုင်သည်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ကမူ ကမ္ဘာအပိုင်းအခြားမရှိ မိမိအလိုရှိသလောက် မိမိ၏အတိတ်ဘဝကိုလည်းကောင်း၊ အခြားသတ္တဝါတို့၏ အတိတ်ဘဝကိုလည်းကောင်း အောက်မေ့နိုင်ပါသည်။

## ဇာတိဿရဉာဏ်

ဇာတိဿရဉာဏ် ဆိုသည်မှာ ပါရမီတတ်အခံ အနုအရင့်လိုက်၍ ဖြစ်စေ၊ နောက်ဖြစ်စေ၊ ကိုရေွှ့နှံ့ဖြတ်စေ အတိတ်ဘဝမှ သေလွန်၍ ယခုဘဝသို့ လူပြန်ဖြစ်ပြီးနောက် ရှေးဘဝကို သိမြင်သူများကို ဇာတိဿရဉာဏ်ရသူ (ဝါ) ဇာတိဿရပုဂ္ဂိုလ် (လူဝင်စား) ဟုခေါ်ဆိုကြသည်။

ယင်းဇာတိဿရဉာဏ်ကို [illegible] ငှက်များ၊ တိရစ္ဆာန်များပင် [illegible] [illegible]

www.dhammaransi.com



မဂ်လသုတ်အဖွင့်၌ တွေ့ရပါသည်။

ကျီးများ၊ မြွေများလည်း ဇာတိဿရဉာဏ်ရကြောင်း သုတ်မဟာဝါ၌ ဖော်ပြထားသည်ကို တွေ့ရပါသည်။

သို့ရာတွင် ယင်းဇာတိဿရဉာဏ်ကို ရသူများသည် အောက်ပါအချိန်ကာလများ၌သာ ဇာတိဿရဉာဏ်ကို ရနိုင်သည်ဟု ဆိုထားပါသည်။

- ဘုရားရှင်သည် အမိဝမ်းတွင်းသို့ ဝင်ချိန်၊ ပဋိသန္ဓေဖြစ်ချိန်၊ မွေးဖွားချိန်မှစ၍ မည်သည့်အချိန်၌ မဆို ဇာတိဿရဉာဏ်ကိုရသည်။
- ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝကများသည် အမိဝမ်းတွင်းသို့ဝင်ချိန်၊ ပဋိသန္ဓေနေချိန်နှင့် ကြီးပြင်းလာသော အချိန်တိုင်း၌သာ ဇာတိဿရဉာဏ်ကို ရနိုင်သည်။ ကျန်မွေးဖွားချိန်၌ မရပေ။
- သာဝကများသည် အမိဝမ်းသို့ဝင်ချိန် ကြီးပြင်းချိန်များ၌ ဇာတိဿရဉာဏ်ကိုရသည်။ ကျန်သော ပဋိသန္ဓေယူချိန် မွေးဖွားချိန်၌ မရပေ။
- သာမန်သတ္တဝါများကမူ အရွယ်ရောက်၍ မြင်တတ် တွေ့တတ် သိတတ် ပြောတတ်သော အရွယ်သို့ရောက်မှ နောက်ကြောင်းကို တစိမ့်စိမ့်တွေးပြီး ပြန်လည်ပြောတတ်သည်။

ဘုရားရှင်လက်ထက်က ဘိက္ခုနီမတစ်ဦးသည် မြတ်စွာဘုရားတရားတော်ကို ကြားနာရစဉ် ဘုရားရှင်၏ တင့်တယ် သပ္ပါယ်သော ရူပကာယကို ဖူးမြင်ရ၍ "ဘဝပေါင်းများစွာ သံသရာ၌ ကျင်လည်ခဲ့ရသော ငါသည် ဤယောက်ျားမြတ်၏ ဇနီးမယားဖြစ်ခဲ့ဖူးပါသလော" ကြံစည်စဉ်းစားမိလေသည်။

ထိုခဏ၌ပင် ဘိက္ခုနီမအား ဇာတိဿရဉာဏ်ဖြစ်ပေါ်ကာ အတိတ်ဘဝတစ်ခု၌ စူဠသုဘဒ္ဒါအမည်ဖြင့် ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်း၏ ဇနီးသည်ဆင်မဖြစ် ခဲ့ရသည်ကိုလည်းကောင်း၊ ဆင်မဘဝမှ စုတေ၍ ဗာရာဏသီပြည်၌ သုဘဒ္ဒါ အမည်ဖြင့် ဗာရာဏသီပြည်မင်း၏ အဂ္ဂမဟေသီမိဖုရား ဖြစ်ခဲ့ရသည်ကိုလည်းကောင်း သိမြင်လာသည်။

(ဇာ-၄-၅၊ ၃၇-မှ-၄၀)

သူငယ်တစ်ယောက်သည် မမွေးဖွားမီ အမိဝမ်းတွင်းကပင် ဇာတိဿရဉာဏ်ဖြစ်ပေါ်ကာ အစဉ်အတိုင်း မိမိဖြစ်ခဲ့ရသော ခွေးဘဝ၊ နွားဘဝ၊ လင်းမြွေဘဝ၊ ညီငယ်နှင့် ချစ်ကြိုက်နေသည့် မိမိမယား၏ တိုက်တွန်းမှုကြောင့် ညီငယ်၏

www.dhammaransi.com



သတ်ဖြတ်မှုကိုခံခဲ့ရသော လူ့ဘဝကိုအောက်မေ့သိမြင် နိုင်ခဲ့သည်။

(အ-၄-၂၊ ၁၈၉၊ ၁၉၀)

ရှင်အာနန္ဒာလောင်းသည် သူတစ်ပါး သားမယားကို သူဌေးသား ဘဝတွင် ပြစ်မှားမိ၍ မိန်းမဘဝရောက်ခဲ့ရာတွင် ပဌမအကြိမ် သိကြားမင်း၏ မိဖုရားဖြစ်ခဲ့စဉ်က ဇာတိဿရဉာဏ်ဖြင့် ရှေး(၇)ဘဝ၊ နောက် (၇)ဘဝကို သိမြင် အောက်မေနိုင်ခဲ့သည်

## အတိတ် (၇)ဘဝ

၁။ ရာဇဂြိုဟ်ပြည် ရွှေပန်းထိမ်သည်သား
၂။ ကောသမ္ဗီသူဌေးသား
၃။ ရောရုဝရဲသား
၄။ ဆိတ်ဖို
၅။ မျောက်ထီး
၆။ နွားထီး
၇။ လူနပုံးဘဝ

## အနာဂတ် (၇)ဘဝ

၁။ သိကြားမင်းမိဖုရား
၂။ သိကြားမင်းမိဖုရား
၃။ သိကြားမင်းမိဖုရား
၄။ သိကြားမင်းမိဖုရား } ၄-ဘဝ
၅။ ဇဝနနတ်သား၏ မိဖုရား
၆။ အင်္ဂတိတ်ကြီး၏သမီးတော်
၇။ တာဝတိံသာနတ်သားဘဝ } ၃-ဘဝ

## ပုဗ္ဗေနိဝါသ အဘိညာဉ်

ဘုရားရှင်သည် သမထကျင့်စဉ်တွင် ရူပါဝစရဈာန်လေးပါ၊ အရူပါဝစ စဉ်လေးပါးဟူသော သမာပတ်ရှစ်ပါးတို့ကိုလည်း ရနိုင်သော နည်းလမ်းများကို လည်းကောင်း လောကီအဘိညာဏ်ငါးပါးတို့ကိုရနိုင်သော နည်းလမ်းများကို လည်းကောင်း ဟောကြားထားခဲ့ပါသည်။

www.dhammaransi.com



ပုဗ္ဗေနိဝါသအဘိညာဉ်ကို အလိုရှိသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ ကသိုဏ်းဝန်း နိမိတ်တစ်ခုခုကို အထပ်ထပ်ရှုပွားခြင်းဖြင့် ရူပါဝစရစျာန်လေးပါးကိုရအောင်အားထုတ်ရသည်။

ထို့နောက် ထိုစျာန်လေးပါးအနက် စတုတ္ထစျာန်ကို တည်ကြည်အောင် ထက်ဝန်းကျင်စင်ကြယ်အောင်၊ နူးညံ့၍အမှုဒ္ဓခံအောင်၊ တည်တံ့၍ မလှုပ်နိုင်အောင် ကောင်းစွာလေ့ကျင့်ထားရပါသည်။

ထိုစတုတ္ထစျာန်သည် အဘိညာဉ်၏ အခြေခံဖြစ်သော (ပါဒက)စျာန်ဖြစ်ပါသည်။ ပုဗ္ဗေနိဝါသ အဘိညာဉ်ကိုအလိုရှိ၍ ဝင်စားလိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်၍ ရူပါဝစရစျာန် လေးပါးတို့ကို အစဉ်အတိုင်း ဝင်စားရပါသည်။

ထို့နောက် စတုတ္ထစျာန်မှထ၍ စျာန်မဝင်စားမီ ထိုင်နေခြင်းကို ဆင်ခြင်အပ်၏။ ထိုမှ နောက်ဘက်ကာလသို့ အဆင့်ဆင့်ဆုတ်၍–

- ထိုင်နေရာခင်းခြင်း
- ထိုင်နေရာခင်းရန် ဖျာ(သားရေနွယ်) ကိုယူငင်ခြင်း။
- ထိုသို့မယူမီ အခန်းကိုတံမြက်လှည်းခြင်း။
- ထိုသို့မလှည်းကျင်းမီ အခန်းတွင်းသို့ဝင်ခြင်း။
- တိုသို့အခန်းတွင်းသို့ မဝင်မီ ရေအိမ်သို့သွား၍ ကိုယ်လက်သုတ်သင်ခြင်း။
- ထိုသို့ ရေအိမ်သို့မသွားမီ ဆွမ်းသုံးဆောင်ခြင်း။
- ထိုသို့ဆွမ်းမဘုဉ်းပေးမီ ရွာမှ ဆွမ်းခံ၍ ပြန်လာခြင်း။

သို့မဟုတ်လျှင် လူဖြစ်လျှင် ချက်ပြုတ်ခြင်း၊ ဈေးဝယ်ခြင်း၊ မျက်နှာသစ်ခြင်း၊ အိပ်ရာထခြင်း စသည်တစ်နေ့လုံး ပြုခဲ့သောကိစ္စများကို နောက်ပြန်အစဉ်ဖြင့် နှလုံးသွင်းဆင်ခြင်အပ်၏။ ထိုသို့ဆင်ခြင်ရာတွင် တစ်စုံတစ်ခုသည် မထင်မရှားဘဲရှိလျှင် စတုတ္ထစျာန်ကို ဝင်စားပြီး ထိုစျာန်မှထ၍ နှလုံးသွင်းဆင်ခြင်အပ်၏။

ထိုအခါ အမှောင်ထဲ၌ မီးထွန်းလိုက်သကဲ့သို့ အတိတ်အားသည် ထင်ရှားလာပါသည်။

ဤသို့သော နည်းဖြင့်ပင် လွန်ခဲ့သော ၂–နှစ်၊ ၃–နှစ်၊ ၁၀–နှစ်၊

www.dhammaransi.com



အနှစ်–၂၀ စသည်ဖြင့် ဤဘဝ၌ ပဋိသန္ဓေနေခဲ့သည့် ကာလတိုင်အောင် နှလုံးသွင်း ဆင်ခြင်ရသည်။

ထို့နောက်တစ်ဖန် ဤဘဝမတိုင်မီ ရှေးဘဝ၏ သေဆဲခဏ (စုတိခဏ)၌ ဖြစ်သော ရုပ်နာမ် (ကိုယ်စိတ်)ကို နှလုံးသွင်းဆင်ခြင်အပ်၏။

ပညာထက်သော ပုဂ္ဂိုလ်သည် ပထမအကြိမ်ဖြင့်ပင်လျှင် ယခုဘဝ ပဋိသန္ဓေကို ဆင်ခြင်နေရာမှ အတိတ်ဘဝ၏ သေဆဲခဏရှိ ရုပ်နာမ်ကို လှမ်း ဆင်ခြင်နိုင်သည်။

သို့သော် ယခုဘဝနှင့် နောက်ဘဝသည် ခန္ဓာကိုယ်ချင်း ခြားနားခဲ့ပြီး ဖြစ်၍ အတိတ်ဘဝ၏ သေဆဲခဏ ရှိသော နာမ်၊ ရုပ်ကို အာရုံပြုရခြင်းသည် မှောင်အတိလွှမ်းနေသော အလုံခန်းထဲ၌ နှမ်းစေ့တစ်စေ့ကို ရှာဖွေရသည်ထက် လွန်စွာပို၍ခက်သည်။

သို့အတွက် ပညာအားနည်းသူသည် ပထမတစ်ကြိမ်တည်းဖြင့် မမြင်နိုင် ပါ။ သို့သော် လက်မလျှော့ဘဲ စတုတ္ထစျာန်ကို အဖန်တလဲလဲ ဝင်စား၍ ထိုစျာန်မှ ထကာထကာ ထိုစုတိဌာနကို နှလုံးသွင်းဆင်ခြင်အပ်ပါသည်။

ဥပမာအားဖြင့် သစ်ပင်ကြီးတစ်ပင်ကို ပုဆိန်ဖြင့် ခုတ်လှဲနေသော သူသည် တစ်မနက်လုံး ခုတ်လှဲပါသော်လည်း အပင်ကြီးသည် မပြိုလဲသေး။ ထိုအခါ ပုဆိန်သွားသည် ပွန်းပဲ့တုံးယွင်းသွားရ၏။ ထိုသူသည် လက်မြှောက်အရှုံး မပေးဘဲ ပန်းဘဲရုံသို့သွား၍ ပုဆိန်ကိုထက်အောင် ပြုပြင်ပြီးမှ သစ်ပင်ကို ပြန်ခုတ် ပြန်သည်။ ဤသို့အကြိမ်ကြိမ်ကြိုးပမ်းသော် သစ်ပင်ကြီးသည် မကြာမီပင် ပြိုလဲသွားမည်။

ထိုနည်းတူပင် အလွန်ထက်မြက်စူးရှလှသော အခြေခံစျာန်ဖြစ်သော စတုတ္ထစျာန်ဖြင့် ဘဝနှစ်ခုကို ခြားနားထားသော ကန့်လန့်ကာ အမှောင်ထုကြီး က အကြိမ်ကြိမ် တွင်းဖောက်သည့်အခါ မကြာခင်ပင် ထိုအမှောင်ကြီးကို ဖောက်ထွင်းကာ ရှေးဘဝ၏ သေဆဲ ရုပ်နာမ်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

အကြင်အခါ အတိတ်ဘဝ သေဆဲနာမ်ရုပ်ကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းခေါ် နှလုံးသွင်းဆင်ခြင်သော စိတ်သည် ဖြစ်ပေါ်လာ၏။ ထိုအခါ ရူပါဝစရ [illegible] အပ္ပနာဇောကသည်ဖြစ်၏။ ထိုအပ္ပနာဇောဝီထိတွင် အပ္ပနာဇောစိတ်၌ [illegible] ဖြစ်၏။ ထိုဉာဏ်ဖြင့်

www.dhammaransi.com



ယုဉ်သောသတိဖြင့် ရှေ့၌နေခဲ့ဖူးသော မြောက်များစွာသော ခန္ဓာအစဉ်ကိုကို အောက်မေ့နိုင်လေတော့သည်။ သမ္ဗာသမ္ဗုဒ္ဓ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကနှင့် များစွာသော ပကတိ သာဝကတို့သည် ရှေးရှေးဘဝတို့၌ ဈာန်အဘိညာဉ် ရသည့်တိုင်အောင် အားထုတ်ခဲ့ဖူးသော ပါရမီအရှိန်အဟုန်ကြောင့် ဤနောက်ဆုံးဘဝ၌ အရဟတ္တမဂ်ဉာဏ်ကို ရရှိအောင်အားထုတ်နိုင်သည်နှင့် တစ်ပြိုင်နက် အဘိညာဉ်တန်ခိုးများ ပိုင်ဆိုင်လေတော့သည်။

## အတိတ်ဘဝကို သိနိုင်သူများ

ပုဗ္ဗေနိဝါသနုဿတိ အဘိညာဉ်အပြင် အောက်ပါပုဂ္ဂိုလ်များသည် လည်းအတိတ်ဘဝကို မြင်သိနိုင်ကြသည်ဟု ဆိုပါသည်။

၁။ အတိတ်ဘဝမှသေလွန်၍ ဥပပတ်ပဋိသန္ဓေဖြင့် နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝသို့ရောက်သူများ။

၂။ အတိတ်ဘဝ၌ ခွန်အားရှိတုန်းအခါ၌ လက်နက်ဘေးရန်စသည်တို့ ကြောင့်ရုတ်တရက် သေဆုံးပြီး လူဘဝပြန်ဖြစ်သွားကြသူများ။

၃။ ရှေးဘဝ၌ ကုသိုလ်ကောင်းမှုပြု၍ အတိတ်ဘဝကို သိရပါလို၏ ဟုဆုတောင်းခဲ့သူ။

လူဝင်စားများသည် ဤအကြောင်းသုံးပါးတွင် နံပါတ်(၂)၊ နံပါတ် (၃) အကြောင်းတစ်ခုခုကြောင့် အတိတ်ဘဝကို ပြန်သိနိုင်ကြခြင်း ဖြစ်ကြပါသည်။ ကြုံတွေ့ရသော အတိတ်ဘဝ ဇာတ်လမ်းပြောပြသူများကို ကြည့်လျှင်လည်း ထိုကဲ့သို့ ရုတ်တရက်သေသူများ လက်နက်ဘေးစသည့် သေသူများက ပြန်လည် သတိရသည်က များသည်ကိုတွေ့ရပါသည်။

## အတိတ်ဘဝမေ့ရခြင်းအကြောင်း

သတ္တဝါတိုင်း သံသရာလည်ရာတွင် အတိတ်ဘဝများစွာ ရှိကြပါသည်။ သို့သော် ထိုအတိတ်ဘဝကို မသိသူများပြားလှပါသည်။ အဘယ်ကြောင့်သတ္တဝါ တို့အတိတ်ဘဝကိုမေ့ကြပါသနည်း။ သို့သော် အောက်ပါအကြောင်း ငါးရပ်ကြောင့် အတိတ်ဘဝကို မေ့ကြသည်ဟုဆိုပါသည်။

၁။ သေဆုံးခြင်း(သို့မဟုတ်)သေသောက်ကြူးသူအဖြစ်မှ သေဆုံးခြင်း။

www.dhammaransi.com



၂။ ယခုဘဝ၌ မိခင်သည် ငှရောဂါသည်ဖြစ်ခြင်း။

၃။ ယခုဘဝ၌ မိခင်သည် အလုပ်ကြမ်းကို လုပ်ရသူဖြစ်ခြင်း။

၄။ ယခုဘဝ၌ မိခင်သည် ကိုယ်ဝန်ဆောင်မှု၌ မလိမ္မာသူဖြစ်ခြင်း။

၅။ ယခုဘဝ၌ မိခင်သည် ကိုယ်ဝန်ကို ကောင်းစွာစောင့်စည်းမှု မရှိခြင်း။

ဤအကြောင်းတို့ကြောင့် ကလေးသည် အလွန်ထိတ်လန့်ချောက်ခြား၍အတိတ်ဘဝကို မေ့လျော့သွားရ၏။

ယင်းနှင့်ပတ်သက်၍ လယ်တီပုဏ္ဏာပေါင်းချုပ်၌ ပြင်သစ်ပြည် ပါရီမြို့တော်မှ ပုဂ္ဂိုလ်များက လယ်တီဆရာတော်ထံ မေးလျှောက်သည်ကို ဆရာတော်ကအောက်ပါအတိုင်းဖြေကြားပေးခဲ့သည်။

၁။ အတိတ်ဘဝ၌ နေ့ရက်ရှည်ကြာစွာ အနာရောဂါဖိစီး၍ ကိုယ်အားစိတ်အား နွမ်းနယ်ကုန်ခန်းပြီးမှ သေဆုံးခြင်းတစ်ပါး။

၂။ ယခုဘဝ၌ အမိဝမ်းတွင်း အလွန်တရာ သေးငယ်လွန်းသောကာလရေကြည်အဖြစ်မှ နေ့ရက်ရှည်ကြာစွာ ကြီးထွားလာရသဖြင့် စိတ်အားသေးနုန့် မှေးမှိန်မိန်းမော၍ နေရခြင်းတစ်ပါး။

ဤအကြောင်းနှစ်ပါးကြောင့် လူအများစုသည် ရှေးဘဝကို မေ့လျော့ကြသည်ဟု ဖြေဆိုပေးခဲ့ပါသည်။

## လောက၌သတ္တဝါဆက်လက်ဖြစ် မဖြစ်

ပုဂ္ဂိုလ်၏ရုပ်သည် မမြဲ နာမ်သည်မမြဲ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသောအကြောင်းတရားလေးပါးကြောင့် ဖြစ်ပေါ်လာသော ရုပ်နာမ်အစုဟူသမျှတို့သည်ပျက်စီးခြင်းသာလျှင် အဆုံးရှိကြ၏။

ဗုဒ္ဓသည် နေ့စဉ်နေ့တိုင်း ဤတရားတော်ကို ဟောကြားခဲ့ပါသည်။

အမှန်မှာ လူတို့ပေါ်ပေါ် သမုတ်နေသော လောက၊ သတ္တဝါ၊ သေခြင်း၊ဘဝဟူသော ဝေါဟာရများသည် ပညတ်တရားများသာ ဖြစ်ကြပါသည်။ တကယ်ရှိသောပရမတ်တရားများ မဟုတ်ကြပါ။

ပုဂ္ဂိုလ်ဟူသည် ရုပ်နှင့် [illegible]ငါးပါးမှာ နာမ်ခန္ဓာလေးပါးတို့၏ အပေါင်း

www.dhammaransi.com



အစုကို ခေါ်ဝေါ်ထားခြင်းဖြစ်ပြီး ထိုခန္ဓာငါးပါးတို့သည် စက္ကန့်မလပ် အစဉ်ဖြစ်ပျက် နေကြရာ သတ္တဝါ မှန်သမျှ မသေခင်ကတည်းက ဖြစ်ပျက်နေသည်။ ထိုသို့ ဖြစ်ပျက်နေသည်ကို မသိနိုင်သော လူတို့သည် သေပြီးနောက် ဖြစ်ပျက်နေကြ သည်ကိုမသိနိုင်ကြတော့ပေ။

## ပုဒ္ဒနှင့်ဝစ္ဆ

ဗုဒ္ဓမြတ်စွာ သာဝတ္ထိ၌ သီတင်းသုံးနေစဉ်ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ အယူ ရှိသောဝစ္ဆအမည်ရှိ ပရိဗိုဇ်သည် ဘုရားရှင်ထံသို့လာကာ –

''အရှင်ဂေါတမ၊ လောကသည်မြဲ၏ ဟူသောအယူသည် မှန်သည်၊ အခြားအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမ အယူရှိပါသလား''

''ဝစ္ဆ၊ ငါသည် ဤသို့အယူမရှိပါ''

''အရှင်ဂေါတမ၊ လောကသည် မမြဲဟူသော အယူသည်မှန်သည်၊ ကျန်အယူသည် အချည်းနှီးသာတည်းဟု အယူရှိပါသလား''

''ဝစ္ဆ၊ ငါသည် ဤသို့အယူမရှိပါ''

''အရှင်ဂေါတမ၊ သတ္တဝါသည် သေသည်မှ နောက်ဘဝဖြစ်သည် ဟူသော အယူသည်မှန်၏။ ကျန်အယူသည် အချည်းနှီးသာတည်းဟု အယူရှိပါ သလား''

''ဝစ္ဆ၊ ငါသည် ဤသို့အယူမရှိပါ''

''အရှင်ဂေါတမ၊ သတ္တဝါသည် သေသည်မှ နောက်ဘဝသစ် မဖြစ် ဟူသောအယူသည်မှန်၏။ ကျန်အယူသည် အချည်းနှီးသာတည်းဟု အယူရှိပါ သလော''

''ဝစ္ဆ၊ ငါသည် ဤသို့အယူမရှိပါ''

''အရှင်ဂေါတမ၊ အဘယ်သို့သော အပြစ်ကို မြင်၍ ဤအယူများကို အခါခပ်သိမ်း ပကပ်ရောက်ပါသနည်း''

''ဝစ္ဆ၊ လောကသည်မြဲ၏ ဟူသောအယူသည် မိစ္ဆာအယူတည်း၊ ဆင်းရဲနှင့်တကွ ဖြစ်၏၊ ငြီးငွေ့ခြင်းငှာ မဖြစ်၊ ချုပ်ငြိမ်းခြင်းငှာ မဖြစ်၊ အထူးသိ ခြင်းငှာမဖြစ်၊ ထိုတွင်းသိခြင်းငှာ မဖြစ်၊ ဤအပြစ်တို့ကို မြင်၍ငါသည် ထိုအယူများ ကိုအခါခပ်သိမ်း ပကပ်ရောက်ပါ''

---

ဆုပြည့်စုံထွန်းစာပေ

''အရှင်ဂေါတမအား တစ်စုံတစ်ခုသော အယူသည် ရှိပါသလော''

''ဝစ္ဆ၊ အယူဟူသော စကားကိုငါပယ်ထားပြီးပြီ၊ ငါသည် ဤကား ရုပ်၊ ဤကားရုပ်ဖြစ်ကြောင်း၊ ဤကားရုပ်၏ ချုပ်ရာ၊ ဤကား ဝေဒနာ၊ ဤကား ဝေဒနာဖြစ်ကြောင်း၊ ဤကား ဝေဒနာချုပ်ရာ၊ ဤကား သညာ၊ ဤကား သညာ ဖြစ်ကြောင်း၊ ဤကား သညာချုပ်ရာ၊ ဤကား သင်္ခါရ၊ ဤကား သင်္ခါရ ဖြစ်ကြောင်း၊ ဤကား သင်္ခါရချုပ်ရာ၊ ဤကား ဝိညာဉ်၊ ဤကား ဝိညာဉ် ဖြစ်ကြောင်း၊ ဤကား ဝိညာဉ်ချုပ်ရာ ဟူသောသဘောတို့ကို သိမြင်ထားပြီးပြီ၊ ထို့ကြောင့် ငါဟူသော ထောင်လွှားခြင်းမာန လွတ်ကင်း၏။ ငါ့ဥစ္စာဟူသော တပ်မက်ခြင်းတဏှာမှ လွတ်မြောက်၏။ ငါအယူဝါဒ ဟူသော စွဲလမ်းမှု ဥပါဒါန်မှ လွတ်မြောက်၏။''

(မဇ္ဈိမပဏ္ဏာသ၊ အဂ္ဂိဝစ္ဆသုတ်)

ဤအမေးအဖြေအရ ဗုဒ္ဓသည် နောက်ဘဝမရှိဟူသော အချက်လုံးဝ မပါ။ ရုပ်နာမ်ဖြစ်ပျက်မှု အစဉ်အတန်းကြီး ဖြစ်ကြောင်းကံ၏အာနိသင်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် မပတ်သက်နိုင်သေးသမျှ ကာလပတ်လုံး မဆုံးတမ်းဆက် သွားမည်ဖြစ်ရာကို အစဉ်အတန်းကို ပညတ်သဘောဖြင့် တစ်ဘဝ တစ်ဘဝဟု ပိုင်းခြားသတ်မှတ်လျှင် ဘဝသံသရာသည် မဆုံးနိုင်အောင် လည်ပတ်နေမည်သာ ဖြစ်သည်။

## ဗုဒ္ဓနှင့်ဟာလုကျုပ္ပတ္တမထေရ်

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားရှင် သီတင်းသုံးနေစဉ် တစ်နေ့၌ အရှင်ဟာလုကျုပ္ပတ္တမထေရ်သည် ဘုရားရှင်ကို ချဉ်းကပ်ကာ ဤသို့ မေးလျှောက်သည်။

''အရှင်ဘုရား၊ အိမ်ကြီးရှင်များသို့ ချဉ်းကပ်သော တပည့်တော်အား ဤသို့သောအကြံ ဖြစ်ပါသည်''

''လောကသည် မြဲသည်ဟူ၍ လည်းကောင်း၊ မမြဲသည်ဟူ၍ လည်းကောင်း၊ လောကသည် အဆုံး ရှိသည်ဟူ၍ လည်းကောင်း၊ အဆုံးမရှိသည်ဟူ၍ လည်းကောင်း၊ အသက် သည် ကိုယ်ပင်တည်း ဟူ၍ လည်းကောင်း၊

တထာဂတ်သည် သေပြီးနောက် ဖြစ်၏ မဖြစ်ဟူ၍ လည်းကောင်း၊

သတ္တဝါသည် သေသည့်မှ နောက်၌ဖြစ်သည်ဟူ၍ လည်းကောင်း၊ မဖြစ်ဟူ၍လည်းကောင်း၊

သတ္တဝါသည် သေသည့်မှ နောက်၌ဖြစ်လည်းဖြစ်၊ မဖြစ်လည်းမဖြစ် ဟူ၍လည်းကောင်း၊

သတ္တဝါသည် သေသည့်မှနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည် လည်းမဟုတ်ဟူ၍ လည်းကောင်း။

''မြတ်စွာဘုရား ဟောကြားကုန်သော ပစ်ပယ်ထားသော အယူတို့သည် ရှိကုန်၏။ ထိုအယူတို့ကို မြတ်စွာဘုရားသည် ငါ့အားဟောကြားတော်မမူ။ ထိုသို့ မဟောကြားခြင်းကို ငါသည် မနှစ်သက်၊ ငါသည် မြတ်စွာဘုရားထံချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်အံ့ အကယ်၍ မြတ်စွာဘုရားသည် ငါ့ကိုဟောကြား အံ့၊ငါသည် မြတ်စွာဘုရားထံ၌ မြတ်သောရဟန်းအကျင့်ကို ကျင့်ပါအံ့ အကယ်၍ မြတ်စွာဘုရားသည် ငါ့အားမဟောကြားအံ့၊ ငါသည် ရဟန်းသိက္ခာကို စွန့်ပယ်၍ လူထွက်တော့အံ့ တပည့်တော်အား ဤအကြံသည် ဖြစ်ခဲ့ပါသည်ဘုရား၊ မြတ်စွာ ဘုရားသည် အကယ်၍သိမြင်တော်မူလျှင် တပည့်တော်အား ဟောကြားတော်မူပါ၊ မသိမြင်လျှင် မသိမြင်ဟု ဝန်ခံခြင်းသည်သာ ဖြောင့်မတ်သော သဘောပင် ဖြစ်ပါသည်ဘုရား''

''မာလုကျပုတ္တ၊ ငါသည် သင့်အား ချစ်သားလာလော့၊ ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်လော၊ ငါသည် သင့်အားလောကသည် မြဲ၏၊ မမြဲ၏ စသည့် အကြောင်းများကို ဟောကြားပေးပါအံ့ဟု ဖိတ်ကြားပြီး ဝန်ခံကတိပြုခဲ့ ဖူးပါသလော''

''အရှင်ဘုရား၊ ထိုသို့ ဝန်ခံကတိမရှိခဲ့ပါ''

''သင်ကလဲ မြတ်စွာဘုရားသည် ငါ့အားလောကသည် မြဲ၏စသည် ဟောကြားပါမှ ငါသည် ဘုရားထံ၌ မြတ်သောရဟန်းအကျင့်ကို ကျင့်မည်ဟု ဆိုခဲ့ဖူးပါသလော''

''အရှင်ဘုရား၊ မဆိုခဲ့ဖူးပါ''

''မာလုကျပုတ္တ ဤသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် လောကသည် မြဲ၏ စသည်ဖြင့် မဟောကြားလျှင် ရဟန်းသိက္ခာကို ငါစွန့်လွှတ်တော့အံ့ဟု သင်ဆိုသင့်ပါသလော၊ ထိုအကြောင်းကို နာကြားပြီးမှ မြတ်သောရဟန်းအကျင့်

ကိုကျင့်အပ်၏ဟု သင်ယူဆလျှင် မြတ်သည့်အကျင့်ကို မကျင့်မီသင်ကြားလေ့လာရာ၏။ ထိုအကြောင်းကို မြတ်စွာဘုရားတို့ မဟောကြားသည်သာတည်း။

"မာလုကျပုတ္တ၊ သင့်အား သနားကြင်နာသဖြင့် ငါ ဥပမာတစ်ခု ပြပါအံ့၊ ယောက်ျားတစ်ယောက်သည် အဆိပ်လူးမြားဖြင့် ပစ်ခံရသည် ဖြစ်ငြားအံ့၊ ထိုသူတို့၏ ဆွေမျိုးတို့က မြားနုတ်တတ်သော ဆေးသမားကို ပင့်ဆောင်လာကြ၏။ ထိုအခါ မြားမှန်ခံရသော ယောက်ျားက –

- ကျွန်ုပ်အား မြားဖြင့်ပစ်သောသူသည် မင်းလော၊ ပုဏ္ဏားလော၊ ကုန်သည်လော၊ ဆင်းရဲသားလော၊ သူ၏အမည်သည် မည်သို့ခေါ်ပါသနည်း။
- ကျွန်ုပ်အား မြားဖြင့်ပစ်သောသူသည် အရပ်မြင့်သလော၊ နိမ့်သလော၊ ဖြူသလော၊ မည်းသလော၊ ဘယ်ရွာမှာ၊ နေသူဖြစ်ပါသနည်း။
- ကျွန်ုပ်အား ပစ်သောလေးသည် လင့်လေးလော၊ ဒူးလေးလား၊ သစ်တောညှို့သည် မှရိုးလျှော်ညှို့လား၊ ဝါးကျော်ညှို့လား၊ အကြောညှို့လား။
- မြားတံကို မည်သည့်ဝါးဖြင့် ပြုလုပ်ထားသနည်း၊ မြားရွက်သည် မည်သည့် ငှက်၏အတောင်နည်း၊ မြားကို ရစ်ပတ်ထားသော ကြိုးသည် နွားကြောလား၊ ကျွဲကြောလား၊ ဝံကြောလား။

ဤအကြောင်းအရာတို့ကို အပြည့်အစုံ မသိရသေးလျှင် မြားကိုမနုတ်ပါနှင့်ဦး ဆိုငြားအံ့၊ ထိုယောက်ျားသည် မြားကိုမနုတ်ရသေးမီပင် သေဆုံးရမည် ဖြစ်၏။ ထိုအကြောင်းအရာများကို ထိုယောက်ျား မသိနိုင်သည်သာတည်း။

ထိုအတူ အကြင်သူသည် မြတ်စွာဘုရားက ငါ့အား လောကသည်မြဲ၏ စသည်ဖြင့် မဟောကြားသေးသမျှ ကာလပတ်လုံး မြတ်သောရဟန်းအကျင့်ကို ငါမကျင့်ဟု ဆို[illegible]းအံ့၊ ထိုသူသည် မြတ်သောရဟန်းအကျင့်ကို မကျင့်ရသေးမီပင် သေလွန်ရလိမ့်၏။ ထိုအကြောင်းတို့ကို မြတ်စွာဘုရား မဟောကြားသည်သာတည်း။

[illegible] ၊ လောကသည် မြဲ၏ဟူ၍လည်းကောင်း၊ မမြဲဟူ၍ [illegible] ကိုယ်သည်တခြားဖြစ်၏ ဟူ၍လည်းကောင်း၊ မဖြစ်ဟူ၍လည်းကောင်း [illegible] အမြင်မှားများကို [illegible] ခြင်းကြောင့်မြတ်သောအကျင့် [illegible] ယောက်ျား [illegible] ဟုမဆိုရပါ။

သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်သည်ဟူ၍ လည်းကောင်း၊ မဖြစ်ဟူ၍လည်းကောင်း၊

သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်လည်းဖြစ်၊ မဖြစ်လည်းမဖြစ် ဟူ၍လည်းကောင်း၊

သတ္တဝါသည် သေသည်မှနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည် လည်းမဟုတ်ဟူ၍ လည်းကောင်း။

"မြတ်စွာဘုရား ဟောကြားကုန်သော ပယ်ထားသော အယူတို့သည် ရှိကုန်၏။ ထိုအယူတို့ကို မြတ်စွာဘုရားသည် ငါ့အားဟောကြားတော်မမူ။ ထိုသို့ မဟောကြားခြင်းကို ငါသည် မနှစ်သက်၊ ငါသည် မြတ်စွာဘုရားထံချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်အံ့ အကယ်၍ မြတ်စွာဘုရားသည် ငါ့ကိုဟောကြားအံ့၊ ငါသည် မြတ်စွာဘုရားထံ၌ မြတ်သောရဟန်းအကျင့်ကို ကျင့်ပါအံ့၊ အကယ်၍ မြတ်စွာဘုရားသည် ငါ့အားမဟောကြားအံ့၊ ငါသည် ရဟန်းသိက္ခာကို စွန့်ပယ်၍ လူထွက်တော့အံ့ တပည့်တော်အား ဤအကြံသည် ဖြစ်ခဲ့ပါသည်ဘုရား၊ မြတ်စွာဘုရားသည် အကယ်၍သိမြင်တော်မူလျှင် တပည့်တော်အား ဟောကြားတော်မူပါ၊ မသိမြင်လျှင် မသိမြင်ဟု ဝန်ခံခြင်းသည်သာ ဖြောင့်မတ်သော သဘောပင် ဖြစ်ပါသည်ဘုရား"

"မာလုကျပုတ္တ၊ ငါသည် သင့်အား ချစ်သားလာလော့၊ ငါထံ၌ မြတ်သောအကျင့်ကို ကျင့်လော၊ ငါသည် သင့်အားလောကသည် မြဲ၏၊ မမြဲ၏ စသည့် အကြောင်းများကို ဟောကြားပေးပါအံ့ဟု ဖိတ်ကြားပြီး ဝန်ခံကတိပြုခဲ့ ဖူးပါသလော"

"အရှင်ဘုရား၊ ထိုသို့ ဝန်ခံကတိပမရှိခဲ့ပါ"

"သင်ကလဲ မြတ်စွာဘုရားသည် ငါ့အားလောကသည် မြဲ၏စသည် ဟောကြားပါမှ ငါသည် ဘုရားထံ၌ မြတ်သောရဟန်းအကျင့်ကို ကျင့်မည်ဟု ဆိုခဲ့ဖူးပါသလော"

"အရှင်ဘုရား၊ မဆိုခဲ့ဖူးပါ"

"မာလုကျပုတ္တ ဤသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် လောကသည် မြဲ၏ စသည်ဖြင့် မဟောကြားလျှင် ရဟန်းသိက္ခာကို ငါစွန့်လွှတ်တော့အံ့ဟု သင်ဆိုသင့်ပါသလော၊ ထိုအကြောင်းကို နာကြားပြီးမှ မြတ်သောရဟန်းအကျင့်

www.dhammaransi.com



ကိုကျင့်အပ်၏ဟု သင်ယူဆလျှင် မြတ်သည့်အကျင့်ကို မကျင့်မိသင်ကြားလေ့လာရာ၏။ ထိုအကြောင်းကို မြတ်စွာဘုရားတို့ မဟောကြားသည်သာတည်း'

''မာလုကျပုတ္တ၊ သင့်အား သနားကြင်နာသဖြင့် ငါ ဥပမာတစ်ခုပြပါအံ့၊ ယောကျ်ားတစ်ယောက်သည် အဆိပ်လူးမြားဖြင့် ပစ်ခံရသည် ဖြစ်ငြားအံ့၊ ထိုသူတို့၏ ဆွေမျိုးတို့က မြားနုတ်တတ်သော ဆေးသမားကို ပင့်ဆောင်လာကြ၏။ ထိုအခါ မြားမှန်ခံရသော ယောကျ်ားက –

- ကျွန်ုပ်အား မြားဖြင့်ပစ်သောသူသည် မင်းလော၊ ပုဏ္ဏားလော၊ ကုန်သည်လော၊ ဆင်းရဲသားလော၊ သူ၏အမည်သည် မည်သို့ခေါ်ပါသနည်း။
- ကျွန်ုပ်အား မြားဖြင့်ပစ်သောသူသည် အရပ်မြင့်သလော၊ နိမ့်သလော၊ ဖြူသလော၊ မည်းသလော၊ ဘယ်ရွာမှာ၊ နေသူဖြစ်ပါသနည်း။
- ကျွန်ုပ်အား ပစ်သောလေးသည် လင့်လေးလော၊ ဒူးလေးလား၊ သစ်တောညို့သည် မုရိုးလျှော်ညို့လား၊ ဝါးကျော်ညို့လား၊ အကြောညို့လား။
- မြားတံကို မည်သည့်ဝါးဖြင့် ပြုလုပ်ထားသနည်း၊ မြားရွက်သည် မည်သည့် ငှက်၏အတောင်နည်း၊ မြားကို ရစ်ပတ်ထားသော ကြိုးသည် နွားကြောလား၊ ကျွဲကြောလား၊ ဝံကြောလား။

ဤအကြောင်းအရာတို့ကို အပြည့်အစုံ မသိရသေးလျှင် မြားကိုမနုတ်ပါနှင့်ဦး ဆိုငြားအံ့၊ ထိုယောကျ်ားသည် မြားကိုမနုတ်ရသေးမီပင် သေဆုံးရမည်ဖြစ်၏။ ထိုအကြောင်းအရာများကို ထိုယောကျ်ား မသိနိုင်သည်သာတည်း။

ထိုအတူ အကြင်သူသည် မြတ်စွာဘုရားက ငါ့အား လောကသည်မြဲ၏စသည်ဖြင့် မဟောကြားသေးသမျှ ကာလပတ်လုံး မြတ်သောရဟန်းအကျင့်ကို ငါမကျင့်ဟု ဆိုငြားအံ့၊ ထိုသူသည် မြတ်သောရဟန်းအကျင့်ကို မကျင့်ရသေးမီပင် သေပွယ်ရာရှိ၏။ ထိုအကြောင်းတို့ကို မြတ်စွာဘုရား မဟောကြားသည်သာတည်း။

မာလုကျပုတ္တ၊ လောကသည် မြဲ၏ဟူ၍လည်းကောင်း၊ မမြဲဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက်၌ဖြစ်၏ ဟူ၍လည်းကောင်း၊ မဖြစ်ဟူ၍လည်းကောင်း ဤပြဿနာ၏ အဖြေများကို သိခြင်းကြောင့်မြတ်သောအကျင့်ကိုကျင့်သုံးရာ၌ ကောင်းကောင်းကျင့်နိုင်သော အထောက်အပံ့ မဖြစ်၊ အကျိုးကျေးဇူးမရှိပါ။

www.dhammaransi.com



မာလုကျပုတ္တ ၊ လောကသည် မြဲသည်ဖြစ်စေ၊ မမြဲသည်ဖြစ်စေ၊ သတ္တဝါသည် သေပြီးနောက်ဖြစ်သည် ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း၊ ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ စိတ်ဆင်းရဲရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် အထင်အရှား ရှိနေသည်သာတည်း။ ထိုဆင်းရဲ အပေါင်းမှ လွတ်မြောက်ရေးသည်သာ ပဓာနဖြစ်သည်။

ငါဟောကြားခဲ့သည်မှာ အဘယ်နည်း။

လောကသည်မြဲ၏ စသည်တို့ကို ငါမဟောကြား၊ အဘယ်ကြောင့် ငါမဟောကြားသနည်း။ ထိုအကြောင်းတို့သည် အကျိုးစီးပွားနှင့်မစပ်၊ ဝဋ်ဆင်းရဲကို ငြီးငွေ့စေခြင်းငှာမဖြစ်၊ ကိလေသာငြိမ်းအေးခြင်းငှာမဖြစ်၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာမဖြစ်၊ သစ္စာလေးပါးကို သိခြင်းငှာမဖြစ်။

မာလုကျပုတ္တ၊ အဘယ်တရားတို့ကို ငါဟောကြားသနည်း။

- ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရား။
- ဆင်းရဲချုပ်ငြိမ်ခြင်း အမှန်တရား။
- ဘဝရဲ့ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်တရားတို့ကို ငါဟောကြား၏။

ချစ်သား၊ ထိုသစ္စာတရားတို့ကို အဘယ်ကြောင့် ငါဟောကြားသနည်း။ ထိုတရားတို့သည် -

အကျိုးစီးပွားနှင့်စပ်၏။ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ၊ ရာဂချုပ်ငြိမ်းခြင်းငှာ၊ ကိလေသာမီး အေးငြိမ်းခြင်းငှာ၊ ထူးသော ဉာဏ်ဖြင့်သိခြင်းငှာ၊ သစ္စာလေးပါးကို သိမြင်ခြင်းငှာ ဖြစ်၏။

ထို့ကြောင့် မာလုကျပုတ္တ သင်တို့သည် ငါဟောကြားသည်တို့ကို မဟောကြားသည့်အတိုင်း မှတ်ကြကုန်လော့။ ငါဟောကြားသည်တို့ကိုလည်း ဟောကြားသည့်အတိုင်း မှတ်သားကြကုန်လော့။

ထိုအခါ မာလုကျပုတ္တသည် ဘုရားရှင် တရားတော်ကို နှစ်သက်ဝမ်းမြောက်ရွှင်လန်း ကျေနပ်အားရလေသည်။

(စူဠမာလုကျသုတ္တန်)

www.dhammaransi.com



## မသေခင်နတ်ရထား အခေါ်လွှတ်ခံရသူ

သာဝတ္ထိပြည်သား မဟာဓမ္မိက ဥပါသကာကြီးသည် ဥပါသကာ ၂၅၀ တို့၏ အကြီးအမှူးဖြစ်သည်။ ဥပါသကာကြီးသည် ထိုဥပါသကာတို့နှင့်အတူတကွ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃာဝေယျာဝစ္စတို့ကို ဦးစီးခေါင်းဆောင် ပြုလုပ်နေသူဖြစ်သလို မိသားစုနှင့်လည်း ဒါနပြုကာ အေးချမ်းသာယာချမ်းမြေ့စွာ နေလေ့ရှိသူဖြစ်သည်။

ထိုဓမ္မိကဥပါသကာကြီး အနာရောဂါကပ်ရောက်၍ သေရာညောင်စောင်းထက်၌ လဲလျောင်းနေရသော အချိန်တွင် ဥပါသကာကြီးသည် အိမ်သားတစ်ဦးကို ဘုရားရှင်ထံသို့ သွားစေပြီး သံဃာတော် (၈)ပါး သို့မဟုတ် (၁၆)ပါး စေလွှတ်ပေးရန် လျှောက်ထားစေသည်။

ဘုရားရှင်သည် ဓမ္မိကဥပါသကာကြီး အလိုတော်ဆန္ဒအတိုင်း သံဃာတော်များကို စေလွှတ်ပေးတော်မူသည်။

ရဟန်းတော်များသည် အိမ်သို့ ရောက်သောအခါ ဥပါသကာကြီး၏ ဘေး၌ ဝိုင်းရံ၍ ခင်းထားအပ်သော နေရာတို့၌ ဝိုင်း၍ထိုင်ကာ သီတင်းသုံးကြသည်။

"အရှင်ဘုရားမြတ်တို့၊ အရှင်မြတ်တို့အား တပည့်တော်သည် နောက်နောင် ဖူးမြင်ရခဲပါတော့မည်ဘုရား၊ တပည့်တော်သည် အားနည်းနေပါပြီ၊ တပည့်တော် အကျိုးငှာ သုတ္တန်တစ်ခုကို ချီးမြှောက်သရဇ္ဈာယ်ပေးတော်မူပါ ဘုရား"

"ဥပါသကာကြီး၊ အဘယ်သုတ္တန်ကို နာလိုပါသနည်း"

"အလုံးစုံသော ဘုရားရှင်တို့သည် မစွန့်လွှတ်သည့် သတိပဋ္ဌာန် သုတ္တန်ကို နာလိုပါသည်ဘုရား"

"ကောင်းပါပြီ၊ ဥပါသကာကြီး ကောင်းစွာနာယူပါလော"

ရဟန်းတော်များသည် ထိုသို့မိန့်ကြားပြီးလျှင် သတိပဋ္ဌာန် သုတ္တန် တရားတော်ကို သံပြိုင်ညီညာ သရဇ္ဈာယ်တော်မူကြလေသည်။

ထိုအခါ နတ်ပြည်ခြောက်ထပ်တို့မှ ရတနာပန်းဆိုင်းစသည်တို့မှ ပြည့်စုံစွာ တပ်ဆင်ထားသော နတ်ရထားခြောက်စင်းတို့သည် ဥပါသကာကြီးအား ခေါ်ဆောင်ရန် ရောက်လာကြသည်။

www.dhammaransi.com



ရထားအသီးသီးတွင် ပါလာကြသော နတ်သားတို့က ဥပါသကာကြီးကို ဤသို့ပြောဆို ပန်ကြားကြသည်။

"အချင်း ဥပါသကာကြီး... မြေအိုးကိုခွဲ၍ ရွှေအိုးကိုယူဘိသကဲ့သို့ ကျွန်ုပ်တို့နတ်ပြည်၌ မွေ့လျော်သောငှာ ဤရထားသို့ တက်ရောက်ပါလော့"

နတ်သားတို့သည် အပြိုင်အဆိုင် တောင်းပန်ပြောဆို ခယကြသောအခါ ဓမ္မိကဥပါသကာကြီးသည် တရားနာခြင်း၏ အနှောင့်အယှက်ကို အလိုမရှိသဖြင့် လက်ဖြင့်ဆီးကာတား၍ -

"ဆိုင်းငံ့ကြပါဦးလော... ဆိုင်းငံ့ကြပါဦးလော" ဟုဆိုလိုက်လေသည်။

ရဟန်းတော်တို့သည် မိမိတို့ကို တားမြစ်သည်ထင်၍ ရွတ်လက်စ သုတ္တန်သရဇ္ဈာယ်မှုကို ရပ်တန့်လိုက်ကြသည်။

ဥပသကာကြီး၏ သားသမီးတို့သည် -

"ငါတို့ဖခင်သည် ရှေးအခါက တရားနာခြင်းကို မရောင့်ရဲနိုင်ပါ။ ယခုရွတ်ဆို သရဇ္ဈာယ်ကြသော သံဃာတော်များကို တားမြစ်နေ၏။ သေဘေး နီးလာ၍ ကယောင်ကတမ်း ပြောဆိုခြင်းဖြစ်မည်။ သေဘေးကို မကြောက်သော သူမည်သည် မရှိပြီ" ဟုဆိုကာ ငိုယိုကြလေသည်။

ရဟန်းတော်တို့ကလည်း တရားတော်ကို ဆက်လက်၍ သရဇ္ဈာယ် ရန်မလိုတော့ပြီဟု အောက်မေ့ကြကာ နေရာအသီးသီးမှ ထပြီးပြန်ကြွတော်မူကြလေသည်။

ဥပါသကာကြီးသည် သတိရလာ၍ ရဟန်းသံဃာတို့၏ တရားသရဇ္ဈာယ်သံကို မကြားရ၊ သားသမီးတို့ ငိုသံသာကြားရ၍ -

"ချစ်သား... ချစ်သမီးတို့ အဘယ်ကြောင့်ငိုနေကြသနည်း။ သုတ္တန် သရဇ္ဈာယ်ကြသော သံဃာတော်များတို့ကော ဘယ်ရောက်သွားပါသနည်း" ဟုမေးလေသည်။

"ဖေဖေကြီး ဆိုင်းငံ့ပါဦးဟု တားမြစ်သောကြောင့် သံဃာတော်တို့ ပြန်ကြွသွားကြပါပြီ။ သားတို့သမီးတို့သည် ဖေဖေကိုသေဘေးမှကြောက်၍ ကယောင်ကတမ်း ပြောသည်ဟုထင်ပြီး ငိုနေကြပါသည်။

"ချစ်သား၊ ချစ်သမီးတို့.... ငါသည် သံဃာတော်တို့ကို တားမြစ်

www.dhammaransi.com



သည်မဟုတ်၊ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားတို့ပါ နတ်သားတို့က ငါ့ကို ခေါ်ဆောင်နေရာ နတ်သားတို့ကို ဆိုင်းငံ့ပါဦးဟု ငါပြောနေခြင်းဖြစ်သည်''

''ဖေဖေနတ်ရထားတို့က အဘယ်မှာနည်း။ ကျွန်ုပ်တို့မမြင်ကြရပါ''

''ငါ့အတွက် သီကုံးထားသော ပန်းကုံးရှိပါသလား''

''ရှိပါတယ်ဖေဖေ''

''ချစ်သား၊ ချစ်သမီးတို့ . . . နတ်ပြည်ခြောက်ထပ်တွင် အဘယ် နတ်ပြည်သည် မွေ့လျော်ဖွယ်အရှိဆုံးဟု ကြားဖူးပါသနည်း''

''ဖေဖေ . . . တုသိတာ နတ်ပြည်သည် ခပ်သိမ်းသော ဘုရားလောင်း တို့မွေ့လျော်ရာဘုံဖြစ်သည်ဟု ကြားဖူးပါသည်''

''ဤသို့ဆိုလျှင် တုသိတာနတ်ပြည်မှ ရထားဦး၌ ပန်းကုံးစွပ်ပါစေ တည်းဟု အဓိဋ္ဌာန်၍ ပန်းကုံးကိုပစ်တင်လိုက်ကြပါ''

သားသမီးတို့သည် ဖခင်ကြီးဆိုသည့်အတိုင်း အဓိဋ္ဌာန်ပြီး ပန်းကုံးကို ပစ်တင်လိုက်ရာ ပန်းကုံးသည် တုသိတာနတ်ရထား၌ တွဲရရွဲချိတ်ဆွဲနေလေသည်။ အခန်းတွင်း၌ စုဝေးမိကြသော သားသမီးဆွေမျိုးအားလုံး ပန်းကုံကိုသာမြင်ရ သည်။ နတ်ရထားကို မမြင်တွေ့ရချေ။

''ငါသည် တုသိတာနတ်ပြည်သို့ လိုက်သွားတော့မည်၊ သင်တို့ စိုးရိမ်ပူပန်မငိုကြွေး မပင်ပန်းကြလင့်၊ ငါ့လိုဖြစ်လိုလျှင် ငါပြုလုပ်သောနည်းဖြင့် ကုသိုလ်ကောင်းမှုကို ပြုကြကုန်လော့''

ထိုသို့မှာကြားပြီးနောက် ဥပါသကာကြီးသည် မကြာခင်ကွယ်လွန်၍ တုသိတာ နတ်ရထားထက်၌ နတ်ဝတ်တန်ဆာနှင့် တကွ တက်သစ်စနေလုလင် ကဲ့သို့ တင့်တယ်လှပ ဘုန်းတန်ခိုးတေဇာ ဝေဖြာသော နတ်သားဖြစ်လျက် ပါသွားသည်။

တုသိတာနတ်ပြည်သို့ ရောက်သောအခါ နတ်သမီးတစ်ထောင်ခြံရံ လာပြီး ၂၅ယူဇနာ ကျယ်သော ရွှေဗိမာန်ကြီး ပေါ်ထွန်းလာလေသည်။

ဇေတဝန်ကျောင်းတော်သို့ သံဃာတော်များ ပြန်ရောက်သောအခါ ဘုရားရှင်က . . .

''ချစ်သားတို့၊ ဥပါသကာကြီးအား တရားပေးခဲ့ပြီးလော'' ဟုမေးတော်မူသည်။

www.dhammaransi.com



"မြတ်စွာဘုရား ဟောကြားခဲ့ပါပြီ၊ သို့သော် တရားမပြီးဆုံးခင် ဆိုင်းငံ့ကြပါကုန်လေဟု တားမြစ်ပါသည်။ ဥပါသကာကြီး၏ သားသမီးတို့သည် ပိုကြကုန်ရှိတပည့်တော်တို့လည်း ပြန်လာခဲ့ပါသည် ဘုရား"

"ချစ်သားတို့ ဓမ္မိကဥပါသကာကြီးသည် သင်တို့ကိုတားမြစ်စကားဆိုသည်မဟုတ်၊ နတ်ပြည်မှနတ်ရထားခြောက်စင်းဆိုက်လာပြီး နတ်သားအသီးသီးကသူ့ရထားတက်ပါ၊ ငါ့ရထားတက်ပါဟု ခေါ်နေ၍ ဆိုင်းငံ့ပါဦးဟု ဆိုခြင်းဖြစ်သည်။"

"မြတ်စွာဘုရား၊ ဥပါသကာကြီးသည် ယခုဘယ်ဘုံ၌ ဖြစ်ပါသနည်းဘုရား"

"ချစ်သားတို့ တုသိတာဘုံ၌ဖြစ်၏"

" မြတ်စွာဘုရား ဓမ္မိကဥပါသကာကြီးသည် မကြာမီကပင် သားသမီးဆွေမျိုးများအလယ်၌ ပျော်ရွှင်စွာနေခဲ့ရ၏။ ယခုတဖန် ဘဝပြောင်း၍ မွေ့လျော်ဖွယ်ကောင်းသော တုသိတာအရပ်၌ဖြစ်ရပါသည်"

"ချစ်သားတို့ . . . ဟုတ်မှန်ပေ၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကြသောသူတို့သည် ဤပစ္စုပ္ပန်ဘဝ၌လည်း မွေ့လျော်ရ၏။ တမလွန်ဘဝ၌လည်း မွေ့လျော်ကြ၏၊ ကောင်းမှုကံ၏ စင်ကြယ်ခြင်းကိုမြင်၍ ထိုသူသည် ပစ္စုပ္ပန်တမလွန်နှစ်တန်သော ဘဝတို့၌ အလွန်မွေ့လျော်ရပေ၏။

## အရှင်လတ်လတ်ငရဲပို့ခံရသူ

ဗာရာဏသီပြည်၌ ချမ်းသာကြွယ်ဝသော ဥပါသကာသူကြွယ်တစ်ဦး၏သားဖြစ်သူ နန္ဒိယဥပါသကာ ဆိုသူတစ်ဦးရှိသည်။ နန္ဒိယဥပါသကာသည် သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်သည်။ သံဃာတော်တို့များ မပြတ်ပေးလှူနေသူဖြစ်သည်။

နန္ဒိယသတို့သား အရွယ်ရောက်သော် မိဘတို့သည် မိမိတို့နှင့်သားချင်းတော်စပ်ပြီး အိမ်ရှေ့မျက်နှာစာတွင် နေသော နန္ဒိယ၏ ဦးလေးတော်သူ၏ သမီးဖြစ်သူ ရေဝတီနှင့် ပေးစားလိုက်ကြသည်။

ရေဝတီသည် သဒ္ဓါတရားမရှိ၊ ရတနာသုံးပါးလည်းမကြည်ညို၊ လှူဒါန်းပေးကမ်းမှု၌ ဝါသနာမပါ။ တွန့်တိုသောစိတ်ရှိသည်။

www.dhammaransi.com



သို့အတွက် သူမကို နန္ဒိယက မကြိုက်ချေ။

ရေဝတီကမူ ဘာသာတရား သဒ္ဓါတရား မလေးစားသော်လည်း နန္ဒိယကိုကြိုက်နှစ်သက်သည်။ ချစ်မြတ်နိုးသည်။ လက်ထပ်လိုသော ဆန္ဒရှိသည်။

သို့အတွက် နန္ဒိယ၏မိခင်သည် ရေဝတီကို တိတ်တဆိတ်ခေါ်ကာ–

''ချစ်သမီး... သင်သည် ငါတို့အိမ်သို့လာ၍ ရဟန်းသံဃာတော်တို့၏နေထိုင်စရာ အရပ်တို့၌ အဝတ်ပုဆိုးစသည်တို့ကို ခင်းကျင်းပေးပါ။ သပိတ်ခြေစုံတို့ကိုထားပေးပါ၊ ရဟန်းသံဃာတော်တို့ ကြွလာသည့်အခါ ရိုသေစွာရှိခိုးကြပါ။ သပိတ်တို့ကိုယူ၍ ဆွမ်းကိုကောင်းစွာထည့်ပြီး လုပ်ကျွေးပါ။ ရေစစ်နှင့်ရေကိုစစ်၍ သောက်ရေကိုကပ်ပါ၊ ဆွမ်းဘုဉ်းပေးပြီးသောအခါ ရဟန်းသံဃာတို့၏ သပိတ်ကို ဆေးပေးပါ။ သင်ဤသို့ပြုလုပ်ပြလျှင် ငါ့သားသည် သင့်ကိုချစ်မြတ်နိုးပြီး လက်ထပ်ယူပါလိမ့်မည်'' ဟုသင်ကြားပြသ ပြောဆိုလေသည်။

ရေဝတီသည် နန္ဒိယမိခင် ပြောကြား သင်ကြားပြသည်ကို သဘောတူနှစ်ခြိုက်ကာ နေ့စဉ်လာ၍ သံဃာဝေယျာဝစ္စကို ဆောင်ရွက်သည်။

ဤသို့ပြုလုပ်လာ၍ ရက် အတော်အတန် ရလာသောအခါ နန္ဒိယ၏မိခင်သည် နန္ဒိယသတို့သားကို ဤသို့ခေါ်ပြောပြလေသည်။

''သား... ရေဝတီသည် ဆိုဆုံးမလွယ်သော မိန်းကလေးဖြစ်သည်။ ရတနာသုံးပါးကို ကြည်ညိုနေပေပြီ၊ သံဃာတော်များကို သူမကိုယ်တိုင် ပြုစုလုပ်ကျွေးနေသည်ကို သားအမြင်ပင်ဖြစ်သည်။ သို့အတွက် သားရေဝတီကို လက်ထပ်ယူပါ''

''မိခင်၊ ဤသို့ဆိုလျှင်တော့ မိခင်သဘောကျစီစဉ်ပါတော့''

နန္ဒိယသတို့သားထံမှ ဆန္ဒရပြီးသောအခါ နန္ဒိယမိဘတို့သည် နှစ်ဖက်မိဘ ညှိနှိုင်းတိုင်ပင်ကြပြီးလျှင် နန္ဒိယနှင့် ရေဝတီတို့ကို လက်ထပ်ထိမ်းမြားပေးခဲ့ကြသည်။

နန္ဒိယသည် မိမိမယား ဖြစ်လာသော ရေဝတီကို မပြတ်ဆုံးမသည်။ ရတနာသုံးပါးကို ပြုစု လုပ်ကျွေးရန် မိဘတို့ကို ပြုစုလုပ်ကျွေးပါ။ သို့မှသာ သင့်ဘဝ ချမ်းသာမည့် စသည်ဖြင့် အမြဲဆုံးမသည်။

ရေဝတီသည် နန္ဒိယကဆုံးမတိုင်း ကောင်းပါပြီဟု ဝန်ခံပြီး နန္ဒိယသတို့သားနှင့်စကား ပင်အလိုမကျ စိတ်မပါသော်လည်း ပါသကဲ့သို့ ဟန်ဆောင်ကာ

www.dhammaransi.com



ရဟန်းသံဃာများကို ပြုစုလုပ်ကျွေးသည်။

ဤသို့နေရင်းပင် သားတစ်ယောက်မွေးဖွားသည့်အထိ ရှည်ကြာခဲ့သည်။

များမကြာမီ နန္ဒိယမိဘတို့ ကွယ်လွန်ခဲ့ကြလေသည်။ ရေဝတီသည် တစ်အိမ်လုံးကို စိုးမိုးအုပ်ချုပ်ခွင့် ရလာသည်။

နန္ဒိယသည် မိဘတို့ကွယ်လွန်သောအခါ ဘုရားရှင် သီတင်းသုံးတော်မူသော ဣသိပတန ကျောင်းတိုက်ကြီးအတွင်း၌ သံဃာတော်များအတွက် ဇရပ်ကြီးလေးဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဘုရားရှင်ကို ရေစက်သွန်းချ၍ လှူခဲ့သည်။

ထိုဇရပ်လေးဆောင် ဆောက်လုပ်လှူဒါန်းပြီးသည်နှင့် တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်ဝယ် ဘုံဗိမာန်ပေါ်ပေါက်လေသည်။

ထိုဘုံဗိမာန်ကို အရှင်မောဂ္ဂလာန်မထေရ်မြတ် တာဝတိံသာကြွရောက်ခဲ့စဉ်မြင်တွေ့ခဲ့ရ၍ ဘုရားရှင်အားလျှောက်ထားပြခဲ့သည်။ ထိုအချိန်မှစ၍ လူ့ပြည်ဝယ် နန္ဒိယဥပါသကာ တာဝတိံသာနတ်ပြည်၌ ဘုံဗိမာန်ပေါ်ကြောင်း သတင်းသည် ကျော်စောခဲ့လေသည်။

နန္ဒိယဥပါသကာသည် ထိုသတင်းကို ကြားသည့်အချိန်မှ စ၍အလှူကို အတိုင်းထက်အလွန် ပြုလေသည်။

ရေဝတီသည် နန္ဒိယနှင့်ဆန့်ကျင်ဘက်ဖြစ်လာသည်။ အလှူဝတ်ပြုလုပ်ခြင်းတို့ကို မကျေနပ်၊ နန္ဒိယကျောင်းဇရပ် ဆောက်သည်ကိုမကျေမနပ်ဖြစ်လာသည်၊ မပြောရဲ၍သာ မျိုသိပ်ထားရသည်၊ စိတ်ထဲက လုံးဝမကျေနပ်သော စိတ်တဖွားဖွား ပေါ်နေလေသည်။

တစ်နေ့ နန္ဒိယသူဌေး အဝေးသို့ ကုန်သွယ်သွားရန် ကိစ္စပေါ်လာသည်။ သူဌေးသည် ရေဝတီကိုခေါ်ကာ–

"ရှင်မ ငါခရီးသွားစဉ်မှာ ပင့်ဖိတ်တည်ထားသော သံဃာအလှူတော်ကိုလည်းကောင်း၊ ကိုးကွယ်ရာမဲ့သော သူတို့အားလှူသော အလှူဝတ်ကိုလည်းကောင်း သင်သည် မမေ့မလျော့ပြုလုပ်ပါလေ"ဟုမှာကြားသည်။

ရေဝတီသည် 'ကောင်းပါပြီ'ဟုဝန်ခံကာ နန္ဒိယသူဌေး ထွက်သွား၍ နောက်နေ့မှစ၍ နှစ်ရက်သုံးရက်သာ အလှူဝတ်ကိုလုပ်ပြီး နောက်တွင် ကိုးကွယ်ရာ

www.dhammaransi.com



မရှိကုန်သော သူတို့၏ အလှူဝတ်ကိုဖြတ်တောက်ပစ်သည်။ ရဟန်းသံဃာတို့ကို မူဆန်ကွဲထမင်း ပုန်းရည်ဟင်းကိုသာ ပေးလှူလေသည်။

ရဟန်းတို့ဆွမ်းဘုဉ်းပေးသော နေရာ၌ မိမိစားကြွင်းဖြစ်ကုန်သော ထမင်းတို့ကိုလည်းကောင်း၊ ငါးအမဲနှင့်ရောသော စားမြိန်တို့ကိုလည်းကောင်း၊ ဖြန့်ကျဲချထားပြီး

"ရဟန်းတွေလုပ်ပုံ ကြည့်ကြပါဦး၊ သဒ္ဓါတရားနဲ့ လှူထားတဲ့ဆွမ်းတွေကို ပစ်စလက်ခတ် စွန့်ပစ်ကြတယ်၊ ဒီလို ရဟန်းတွေကို ဆက်လှူနေလဲ အလကားပဲ" ဟုလူတကာကို ခေါ်ပြောပြီး စွပ်စွဲပြောဆိုလေသည်။

ထို့နောက် ရဟန်းများကို အိမ်တွင်လက်မခံတော့ဘဲ ဆွမ်းဝတ်ကို ဖြတ်ပြန်လေသည်။ ကုန်သွယ်ရာမှ ပြန်လာသော နန္ဒိယဥပါသကာသည် ထိုသတင်းစုံကို ကြားသောအခါ လွန်စွာစိတ်ဆိုးပြီး ရေဝတီကို နှင်ချလိုက်လေသည်။ မိမိဘာသာ ပြုလုပ်မြဲ ကုသိုလ်ဝတ်ကိုဆက်လက်ပြုလုပ်လေသည်။

မကြာခင် နန္ဒိယ၏ မိတ်ဆွေ သူငယ်ချင်းများသည် နန္ဒိယထံသို့ လာကာ ရေဝတီ၏အမှားကို ခွင့်လွှတ်ပြီး ပြန်လည်လက်ခံကာ ဖျောင်းဖျပြောဆိုကြသည်။

သို့အတွက် နန္ဒိယသည် သူငယ်ချင်းများ၏ ဆန္ဒကို မလွန်ဆန်လိုသည့် အတွက် ရေဝတီကို ပြန်၍လက်ခံသည်။ သို့သော် ဘဏ္ဍာစိုးအရာမထားတော့ချေ။ စားသောက် ဝတ်လောက်ရုံသာ ပေး၍ထားလေသည်။

ထိုသို့နေလာရာမှ နောက်များမကြာမီ နန္ဒိယသည် ကွယ်လွန်ခဲ့ရပြီး တာဝတိံသာ နတ်ပြည်ဝယ် အသင့်ပေါက်နေသော ဘုံဗိမာန်၌ ခံစားရသည်။

နန္ဒိယကွယ်လွန်ပြီးနောက် ရေဝတီသည် တစ်အိမ်လုံးကို စိုးပိုင်ရသော အိမ်ရှင်မဖြစ်လာသည်။ ထိုအခါ ယခင်ကဤသံဃာတော်တွေကြောင့် ငါ့ဘဝဒုက္ခ ရောက်ရသည်ဟု အာဃာတစိတ်ထားရှိပြီး ရဟန်းသံဃာဆွမ်းဝတ်အားလုံးကို ဖြတ်တောက်ပစ်သည်။ ဤရဟန်းသံဃာတော်တို့၏ ပယောဂကြောင့် ငါ့ဘဝပျက် ရသည်ဟု ဆဲရေးရေရွတ်လျက် တစ်အိမ်တက်ဆင်း လိုက်လံပြောဆိုသည်။

ရေဝတီသည် ရတနာသုံးပါးအပေါ် ဆဲရေးတိုင်းတွာမှုတို့ကို ဝေဿဝဏ်နတ်မင်းကြီးသည် သည်းမခံနိုင်သည်ဖြစ်၍ ဘီလူးနှစ်ယောက်ကို ခေါ်ကာ-

www.dhammaransi.com



''အချင်းတို့ သွားကြကုန်၊ ဟာရာဏာသီပြည်၌ ဤနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့တွင် ရေဝတီကိုအရှင်လတ်လတ် ငရဲသို့ပစ်ချလတ္တံ့ဟု ကြွေးကြော်ကုန်''ဟုအမိန့်ပေးလေသည်။

ဘီလူးတို့သည် ဝေဿဝဏ်နတ်မင်းကြီး စေခိုင်းသည့်အတိုင်း ဟာရာဏာသီ၌ ကြွေးကြော်ကြလေရာ ကြားကြသော လူအပေါင်းတို့သည် ထိတ်လန့်တကြား ဖြစ်ကုန်သည်။ ရေဝတီသည် ထိုအသံကိုကြားရသည့်အချိန်မှ စ၍ထိုင်မရ၊ ထမရ တုန်လှုပ်ချောက်ချားပြီး ပြာသာဒ်အထက်သို့ တက်ကာ တံခါးပိတ်၍နေလေသည်။

ရေဝတီသည် ပစ္စုပ္ပန်လက်ရှိဘဝအကုသိုလ် အကျိုးဆက်သည် အကျိုးပေးလာပြီဖြစ်၍ ဘီလူးနှစ်ယောက်သည် ရေဝတီ၏ ပြာသာဒ်အထက်သို့ တက်ကာ–

''ဟဲ့ ယုတ်မာသော ရေဝတီထလော့၊ သင်ပြုသော အကုသိုလ်ကံ အကျိုးအရ သင့်ကိုဥဿာဒငရဲသို့ ပစ်ချရလိမ့်မည်''ဟုပြောကာ ရေဝတီ၏ လက်နှစ်ဖက်ကို ဆွဲကိုင်လျက် ရေဝတီကို ''လူအပေါင်းတို့ မြင်စေသတည်း'' ဟုဆိုကာ ဟာရာဏာသီလမ်းမတစ်ခုမှ တစ်ခုသို့ လှည့်လည်ပြသကြသည်။

ထို့နောက် တာဝတိံသာနတ်ပြည်သို့ သယ်ယူကြပြီးနောက် နန္ဒိယ နတ်သား၏ ဘုံဗိမာန်၏ အနီး၌ချထားကြသည်။

ရေဝတီသည် ရတနာခုနစ်ပါးဖြင့် ဖိတ်ဖိတ်တောက်ကြွနေသော နေဝန်းကဲ့သို့ အလွန်ထွန်းလင်းတောက်ပသော ဘုံဗိမာန်နှင့် နတ်သမီးအပေါင်းတို့ ခြံရံနေသော နန္ဒိယနတ်သားကိုတွေ့ရသောအခါ ဘီလူးတို့ကိုမေးလေသည်။ ဘီလူးတို့ကလည်း နန္ဒိယနတ်သားဖြစ်ကြောင်း အလုံးစုံကို ပြောပြသည်။

''အရှင်တို့ ဤသို့ဆိုလျှင် ကျွန်ုပ်သည် နန္ဒိယ၏မယားဖြစ်ပါသည်။ ဥစ္စာပစ္စည်း အလုံးစုံ ပိုင်ပါသည်။ ကျွန်ုပ် နန္ဒိယနှင့်အတူ ပျော်မွေ့လိုပါသည်၊ ငရဲသို့မပို့ကျပါနှင့်ဦး ၊ လှူပြည်ပြန်ပြီး ကုသိုလ်ပြုပါမည်၊ ငရဲသို့မသွားလိုပါ''

''ဟဲ့ ... ရေဝတီ၊ သင်သည် ငရဲကိုတောင့်တသည်ဖြစ်စေ၊ မတောင့်တသည်ဖြစ်စေ မည်သို့မျှ အကျိုးမရှိတော့ပြီ''

ဘီလူးတို့သည် ရေဝတီကို ငရဲသို့ ခေါ်ဆောင်သွားကြသည်။

''ဟဲ့ ... ရေဝတီ၊ ဤငရဲသည် သင်ခံစားရမည့် ငရဲဖြစ်သည်၊

www.dhammaransi.com



သင်သည် လူ့ပြည်၌ ကောင်းမှုမပြုလုပ်ဘဲ ဝန်တိုစဉ်းလဲ၍ အမြဲတမ်း ရဟန်းပုဏ္ဏားတို့ကို ပြစ်မှားပြီးဆဲရေး၏။ ယုတ်မာသောမကောင်းမှုကို ပြုခဲ့၏။ ဤအကုသိုလ်ကံကြောင့် သင်သည် နတ်ပြည်သို့မသွားရပါ၊ ငရဲသို့သာသွားရမည်''

ဘီလူးတစ်ယောက်သည် ထိုသို့ပြောပြီး ထိုနေရာမှ ကွယ်ပျောက်သွားလေသည်။

ထိုခဏနေမှပင် ငရဲထိန်းနှစ်ယောက်သည် ရေဝတီကိုလာရောက်ဆွဲခေါ်ပြီး မစင်ကြီးမစင်ငယ်တို့ ပြည့်နေသော ပူကငရဲသို့ ပစ်ချရန် လာရောက်ဆွဲငင် ခေါ်ကြလေသည်။

ရေဝတီသည် ထိုငရဲကို တွေ့မြင်ရသောအခါ လွန်စွာထိတ်လန့်တုန်လှုပ်လျက် အော်ဟစ်မြည်တမ်းကာ –

''အရှင်တို့ ဤငရဲသည် ဘာငရဲပါလဲ၊ ကျင်ကြီးကျင်ငယ်တို့ဖြင့် အလွန်ပင် အနံ့တွေဆိုးလှပါသည်'' ဟုမေးသည်။

''ရေဝတီ၊ ဤငရဲသည် အသူတစ်ရာနက် ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်သော သံဝတငရဲဟုခေါ်သည်။ သင်သည် ဤငရဲ၌ အနှစ်တစ်ထောင်မကသော ကာလပတ်လုံး ဒုက္ခဆင်းရဲခံရမည်။

''အရှင်တို့၊ ကျွန်မသည် ကိုယ်နှုတ်နှလုံးဖြင့် အဘယ် မကောင်းမှုပြုခဲ့ပါသနည်း။ အဘယ်ကြောင့် ဤငရဲသို့ ကျရပါသနည်း''

''ကောက်ကျစ်လှည့်ဖြား မာယာများလှသော ရေဝတီ၊ သင်သည် ရဟန်းပုဏ္ဏားတို့ကို လိမ်လည်လှည့်ဖြား၍ ယုတ်မာသောမကောင်းမှုကို ပြုခဲ့ပါသည်။ ဤမကောင်းမှုကံကြောင့် ဤငရဲ၌ ခံစားရသည်''

''အရှင်ငရဲထိန်းကို ကျွန်မ တောင်းပန်ပါသည်၊ ကျွန်မကို လူ့ပြည်သို့ ပြန်ပို့ပေးပါဦး၊ ကျွန်မ ဒါန၊ သီလတို့ကို ပြုလုပ်ပါရစေဦး''

''ရေဝတီ၊ ရှေးအခါက မမေ့မလျော့ ပေါ့လျော့ပြီး၊ ယခုဆင်းရဲမျိုးစုံ ငရဲလုံ့ဖြစ်မှ ယူကြုံးမရငိုကြွေးတောင်းပန်နေသည်။ သင်၏ မကောင်းမှုကံက သင့်ကိုခွင့်လွှတ်တော့မည် မဟုတ်ပါ။ သင့်ကိုလူ့ပြည် ပြန်ပို့၍ မရတော့ပါ။ သင်အကုသိုလ်ကံအရ ခံရပါမည်''

ငရဲသားတို့သည် ဤသို့ပြောဆိုကာ ငရဲတွင်းသို့ ပစ်ချကြသည်။ ရေဝတီသည် နောင်ဒါနပြုပါမည်။ သီလဆောက်တည်ပါမည်ဟု အော်ဟစ်ရင်း

www.dhammaransi.com



ငရဲတွင်းသို့ ကျရောက်ပြီး ငရဲခံသွားရလေသည်။

ရေဝတီကို ဘီလူးဖမ်းသွားကတည်းက တစ်မြို့လုံး အုတ်အုတ် ကျက်ကျက်ဖြစ်နေသည်။ ရဟန်းတို့သည် ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြရာ ဘုရားရှင်သည် ထိုအကြောင်းကို ပရိတ်သတ်တို့အား ဟောပြောပြရာ များစွာသော လူအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြ လေသည်။

## အာနန္ဒာသူဌေးကြီးဘဝကူးပုံ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သာဝတ္ထိပြည်၌ မိစ္ဆာအယူရှိပြီး ကုဋေ (၈၀)ကြွယ်ဝသော အာနန္ဒာအမည်ရှိသော သူဌေးကြီးတစ်ဦး ရှိသည်။ ထိုသူဌေးကြီးသည် ဥစ္စာပစ္စည်း၌ နှမြောတွန့်တိုသော စိတ်ရှိသည်ဖြစ်၍ မိမိကိုယ်တိုင်လည်း မပေးလှူ၊ သားဖြစ်သူ မူလသိရီအားလည်း–

"မိမိလက်ဝယ် ထင်ရှားရှိသော ဥစ္စာတို့ကို မပေးကမ်း၊ အသစ်ဖြစ် သောဥစ္စာတို့ကိုသာ တိုးပွားစေရာ၏။ တစ်သပြာမျှ ဖြစ်သောဥစ္စာကို ကုန်ခမ်း ပျက်စီးအောင် ပြုသောသူအား ဥစ္စာသည် ကုန်သည်ဖြစ်လတ္တံ့" ဆုံမလေ့ရှိသည်။

အာနန္ဒာသူဌေးကြီးသည် တစ်နေ့တွင် မိမိပိုင်ရွှေအိုးကြီး (၅)လုံးကို မိမိခြံဝင်းအတွင်း၌ သားကိုမသိစေဘဲ မြှုပ်ထားခဲ့သည်၊ သူဌေးကြီးသည် ထိုနှမြော တွန့်တိုသော စိတ်ဖြင့်ပင်တစ်နေ့တွင် ကွယ်လွန်ခဲ့သည်၊ ရွှေအိုးမြှုပ်ထားခဲ့သည်ကို သားအား ပြောမထားမိခဲ့ချေ။

သူဌေးကြီးသည် ကွယ်လွန်ခဲ့ပြီးနောက် သာဝတ္ထိမြို့တံခါးအနီးရှိ ဒွန်းစဏ္ဍာလမတစ်ဦး၏ ဝမ်း၌ပဋိသန္ဓေယူသည်။

ထိုဒွန်းစဏ္ဍာလရွာတွင် ဒွန်းစဏ္ဍာလအမျိုးတစ်ထောင်တို့သည် စုပေါင်း၍ အခစားလုပ်ပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။ အာနန္ဒာသူဌေး ပဋိသန္ဓေ ယူသောနေ့မှစ၍ ဒွန်းစဏ္ဍာလတို့သည် လုပ်ခကြေးငွေ မှန်မှန်မရသဖြင့် ထမင်း တစ်ထုပ်စီမျှပင် မှန်မှန်မစားရတော့ပေ။

ထိုအခါ အကြီးအကဲတို့က တို့ရွာ၌ လူယုတ်မာတစ်ဦး ရောက်လာသည် ဖြစ်မည်။ သိသာအောင် ရွာရှိလူတို့ကို နှစ်အုပ်စုခွဲကြမည်ဟု တိုင်ပင်ပြီးရွာရှိလူကို နှစ်အုပ်စုခွဲထားလေသည်။

www.dhammaransi.com



ထိုအခါ အာနန္ဒာသူဌေး ပဋိသန္ဓေနေသော မိန်းမပါသော အုပ်စုသည် ဆင်းရဲနေသည်။ ထိုအုပ်စုကို တစ်ဖန်နှစ်စုခွဲလိုက်ပြန်ရာ ခွဲတိုင်းခွဲတိုင်းသော အချိန်တိုင်း အာနန္ဒာ၏ မိခင်ပါသော အစုသည် ရှာဖွေမရဆင်းရဲကြသည်။

နောက်ဆုံးတစ်ယောက်စီ ကျန်သည်အထိခွဲရာ အာနန္ဒာမိခင်သာ ကျန်သည်။ ရွာသားတို့သည် ထိုမိန်းမကို ရွာမှနှင်ထုတ်လိုက်ကြသည်။

ထိုဒွန်းစဏ္ဍားမသည် ဆင်းရဲပင်ပန်းစွာဖြင့် တောင်းရမ်း စားသောက်ပြီး လျှင်ရက်လစေ့သော် သားကိုမွေးဖွားသည် ။

ထိုသူငယ်သည် ခြေ၊ လက်၊ မျက်စိ၊ နား၊ နှာခေါင်း၊ အင်္ဂါကြီးငယ်များ ချို့ယွင်းလျက် အလွန်ပင်အရုပ်ဆိုး အကျည်းတန်လေသည်။

မိခင်ဒွန်းစဏ္ဍားမသည် သားကို ဆင်းရဲငြိုငြင်စွာ လုပ်ကျွေးသည်။ သားကို ပွေ့ချီ၍ တောင်းသောနေ့၌ တစ်စုံတစ်ရာမျှ တောင်းလို့မရ။ သားကို အိမ်၌ထားတောင်းမှရသည်။

ထိုကလေးကြီးပြင်းလာ၍ တောင်းစားနိုင်သော အရွယ်သို့ရောက်သော အခါ ကလေးကို ခွက်တစ်ခုပေးပြီး ကိုယ်ဘာသာကိုယ် တောင်းစားစေသည်။

ထိုကလေးသည် အိမ်စဉ်အတိုင်း လှည့်လည်တောင်းသည် ရှိသော် အာနန္ဒာ သူဌေးကြီးဘဝက နေခဲ့သော အိမ်ရှေ့သို့ ရောက်လာသည်။ ထိုအခါ အတိတ်ဘဝဟောင်းကို သိမြင်နိုင်သော ဇာတိဿရဉာဏ်သည် ဖြစ်ပေါ်ရရှိလာသည်။

သို့အတွက် ကလေးငယ်သည် တံခါးစောင့်များ အလစ်တွင် သူဌေး အိမ်ဝင်းအတွင်းသို့ ဝင်သွားလေသည်။ ဝင်းအတွင်း၌ ကစားနေကြသော မူလသိရိ သူဌေးသားငယ်များ အရုပ်ဆိုးအကျည်းတန်သော ဒွန်းစဏ္ဍားငယ်ကို မြင်ကြရသောအခါ ကြောက်လန့်တကြားဖြစ်ကာ အော်ဟစ်ငိုယို ထွက်ပြေးကြလေသည်။

ထိုအခါ သူဌေး၏အလုပ်သမားတို့သည် ကျက်သရေကင်းမဲ့သော ဒွန်းစဏ္ဍားကလေးကို ရိုက်ပုတ် ကန်ကျောက်လျက် တံမြက်ချေးစွန့်ရာ အရပ်၌ စွန့်ပစ်ထားကြလေသည်။

ဘုရားရှင်သည် ရှင်အာနန္ဒာမထေရ်နှင့်အတူ ဆွမ်းခံဝင်လာရာ ထိုနေရာသို့ ရောက်လာသည်။ ဘုရားရှင်သည် စွန့်ပစ်ထားသော ကလေးကိုတွေ့သောအခါ မူလသိရိသူဌေးကိုခေါ်စေသည်။ ရောက်လာသောအခါ -

www.dhammaransi.com



"ဤကလေးကို သင်သိသလော"ဟုမေး၏။

"မသိပါဘုရား"

"ဤကလေးသည် ဟိုဘက်ဘဝက သင့်ဖခင် သူဌေးကြီးအာနန္ဒာ ဖြစ်သည်"

"မဖြစ်နိုင်ပါဘုရား"

မူလသိရိသူဌေးသည် မမျှော်လင့်သော စကားကို ဘုရားထံမှကြားရပြီး အံ့အားသင့်ကာ မယုံကြည်နိုင်၍ ငြင်းပယ်လိုက်သည်။

"သင့်ဖခင်သေစဉ်က သင့်ကို သူမြှုပ်နှံထားသော ရွှေအိုးငါးလုံးကို ပြောကြားခဲ့သလော"

"မပြောကြားခဲ့ပါဘုရား"

ထိုအခါ ဘုရားရှင်သည် ဒွန်းစဏ္ဍားလေးဘက်သို့ မျက်နှာမူပြီး

"အာနန္ဒာသူဌေးကြီး... သင်၏သားအား ရွှေအိုးကြီး ငါးလုံးထားရာကို ပြောကြားလိုက်လေလော" မိန့်တော်မူသည်။

ထိုအခါ ဒွန်းစဏ္ဍားငယ်သည် မူလသိရိသူဌေးကိုခေါ်ကာ ရွှေအိုးမြှုပ်ထားသော နေရာကိုပြလေသည်။ တူးဆွကြသည့်အခါ ရွှေအိုးကြီးများပေါ်လာလေသည်။

ဘုရားရှင်သည် မူလသိရိ သူဌေးအား အာနန္ဒသူဌေးကြီး၏ နှမြောတွန့်တိုမှုအကြောင်းစုံကို မိန့်ကြားဟောကြားတော်မူသည်။

ထိုအခါ မူလသိရိသူဌေးသည် ကြီးမားသော သံဝေဂတရားရကာ မှားသော မိစ္ဆာအယူကိုစွန့်ပြီး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်လေသည်။

## သဒ္ဓါကြည်လင်စိတ်ဖြင့် ရှိခိုးရာမှနတ်ပြည်ရောက်သူ

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေစဉ် အချိန်ဖြစ်သည်။

ရာဇဂြိုဟ်ပြည်၌ စဏ္ဍာလီအမည်ရှိသော သူတောင်းစားမကြီးတစ်ဦး ရှိသည်။

ဘုရားရှင်၏ နံနက်မိုးသောက် မဟာကရုဏာ သမာပတ်အာရုံတွင် ထိုသူတောင်းစားမကြီး ယနေ့သေဆုံးပြီး ငရဲ၌ဖြစ်လတ္တံ့သော အကြောင်းကို ဉာဏ်တော်၌ ထင်လေသည် ဘုရားရှင်သည် ကြီးစွာသော မဟာကရုဏာတော်

www.dhammaransi.com



ရှိတော်မူသည့်အတိုင်း ထိုသူတောင်းစားမကြီးကို ကုသိုလ်ကံဖြစ်စေလျက် နတ်ပြည်၌ ဖြစ်စေလိုသော စိတ်ဆန္ဒတော် ရှိတော်မူသည့်အတွက် ထိုသူတောင်းစားမကြီးရှိရာအရပ်သို့ ရှင်မဟာမောဂ္ဂလန်နှင့်အတူ ကြွတော်မူသည်။

စဏ္ဍာလီသူတောင်းစားမကြီးသည်တောင်ဝှေးကိုထောက်လျှက် မြို့ပြင်သို့ထွက်လာသည်။ ဘုရားရှင်သည် သူတောင်းစားမကြီး မျက်နှာမူရာသို့ ရှေးရှုကြွခဲ့သည်။

စဏ္ဍာလီသည် ဘုရားရှင်ကို ရင်ဆိုင်တွေ့သောအခါ ဘုရားရှင်ကို မျက်နှာမူကာ ရပ်နေလေသည်။

ထိုအခါ ရှင်မဟာမောဂ္ဂလာန် မထေရ်က–

"စဏ္ဍာလီဒါယိကာမကြီး၊ သင့်ကိုချီးမြှောက်ရန် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသော ဘုရားရှင်သည် ကြွလာသည်။ ဘုရားရှင်ကို ရှိခိုးလိုက်ပါ။ သင်၏ အသက်သည် သေရန်နီးကပ်နေပေသည်။ ဘုရားရှင်ကို ကြည်ညိုပြီး ရှိခိုးလိုက်ပါ" ဟုတိုက်တွန်းလေသည်။

စဏ္ဍာလီသူတောင်းစားမကြီးသည် ရှင်မောဂ္ဂလာန်စကားကို နားထောင်ကာကြည်ညိုသောစိတ်ဖြင့် ဘုရားရှင်ကို ရှိခိုးလေသည်။

ဘုရားရှင်သည် စဏ္ဍာလီအား ဤမျှလောက် ကုသိုလ်ကံဖြင့် နတ်ပြည်၌ဖြစ်ရန် လုံလောက်ပြီဟု ယူဆကာ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းအလို့ငှာ ဆက်လက်ကြွတော်မူသည်။

ဘုရားရှင်ကြွတော်မူသွားပြီး မကြာခင် နွားသားငယ်မွေးနေသော နွားမတစ်ကောင်သည် ပြေးလာပြီးလျှင် စဏ္ဍာလီကို ဦးချိုဖြင့် ဝှေ့ခတ်လိုက်ရာ ထိုဒဏ်ရာဖြင့်ပင် ကွယ်လွန်လေသည်။

ရှင်မောဂ္ဂလန်မထေရ်မြတ်သည် နေ့သန့်စင်ရန် တောအုပ်တစ်နေရာ၌ သီတင်းသုံးနေစဉ် အရောင်အဝါ ထွန်းလင်းတောက်ပနေသော နတ်သမီးတစ်ပါးသည်နတ်သမီးအပေါင်းခြံရံလျက် ရှင်မောဂ္ဂလန်ထံ ရောက်လာပြီး ရှိခိုးနေသည်။

"ယခုငါ့ကို ရှိခိုးနေသူကား အဘယ်သူနည်း"

"အရှင်ဘုရား ... တပည့်တော် စဏ္ဍာလီဖြစ်ပါသည် ဘုရား၊ အရှင် [illegible]နှိုင်းမှုကြောင့် တပည့်တော်သည် ဘုရားရှင်ကို ကြည်လင်သော

www.dhammaransi.com



စိတ်ထားဖြင့် ရှိခိုးခဲ့ပါသည်၊ တပည့်တော်သည် မကြာခင် နွားမထွေးခံရပြီး ကွယ်လွန်ခဲ့ပါသည်ဘုရား၊ ယခုထိုကုသိုလ်ကံကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးတစ်သန်းအခြံအရံနှင့် တင့်တယ်လှပသော ဘုံဗိမာန်နှင့် ခံစားရပါသည်ဘုရား။ တပည့်တော်၏ ကြည်ညိုခြင်းမျှသော စိတ်ဖြင့်ရှိခိုးမှုကြောင့် ခံစားရသော ကုသိုလ်အကျိုးဆက်ကို အရှင်ဘုရားအား ဖူးမြော်ရင်း လာရောက်လျှောက်ထားခြင်းဖြစ်ပါသည်ဘုရား''

ထို့နောက် နတ်သမီးသည် အရှင်မောဂ္ဂလန်နှင့် ဘုရားရှင်ကို ရှိခိုးပြီး နတ်ပြည်သို့ပြန်သွားလေသည်။

ရှင်မောဂ္ဂလန်သည် ညနေ ဓမ္မသဘင်၌ ထိုစဏ္ဍာလီနတ်သမီးအကြောင်းကို ဘုရားရှင်အား လျှောက်ထားပြလေသည်။

ဘုရားရှင်သည် တရားနာပရိတ်သတ်တို့အား ဆက်လက်ဟောပြရာ တရားနာလူအပေါင်းတို့ကို အကျိုးများစွာ ဖြစ်ထွန်းခဲ့လေသည်

(ပေတဝတ္ထု၊ စဏ္ဍာလီဝတ္ထု)

www.dhammaransi.com

# အခန်း(၅)
# ဘဝနေဝင်နည်းသေမ်းမြင်ကြသူများ

ပဋိသန္ဓေနေပြီးနောက် ခန္ဓာအသစ်ရရှိလာသော သတ္တဝါတို့သည် နေ့ရက်အချိန်စေ့သော် မိခင်ဝမ်းမှ မွေးဖွားလာကြရသည်။ ထို သတ္တဝါတို့သည် တစ်နေ့နေ့တွင် မုချသေရမည်။

သတ္တဝါတို့သည် ရရှိထားသောဘဝတွင် ကိုယ့်အတိုင်းအတာနှင့်ကိုယ် ပျော်ကြသည်။ မိမိတို့ အသက်အိုးအိမ် စည်းစိမ်ချမ်းသာ အန္တရာယ်မကျရောက်အောင် လူလည်း လူ့အလျောက်၊ တိရစ္ဆာန်လည်း တိရစ္ဆာန်အလျောက် ကာကွယ်စောင့်ရှောက်နေကြသည်။ အန္တရာယ် ကြုံတွေ့လာသောအခါ နိုင်သမျှအားမာန်နှင့် ခုခံကာကွယ်ကြသည်။ သေရမည်ကို ကြောက်ကြသည့်အလျောက် မိမိသေရမည့် ဘေးအန္တရာယ်မှ အမျိုးမျိုး ကာကွယ်ကြသည်။ လက်နက်ဘေးရန်နှင့်ဝေးအောင် အဆောင်များ၊ ဂါထာမန္တန်များဖြင့် ကာကွယ်ကြသည်။ ဖျားနာလျှင် ဆေးဝါးကုသကြသည်။ မိမိနှင့်မသင့်တင့်သော အစားအစာများကို ရှောင်ကြသည်။ အသက်ရှည်စေရန် အစားမှန် အသောက်မှန် အအိပ်မှန်ဖြစ်အောင် လေ့ကျင့်ကြသည်။ ယင်းသို့ သတိဝီရိယနှင့် လုပ်နေသည့်ကြားမှပင် သေခြင်းလေးမျိုးတို့တွင် တစ်မျိုးမျိုးနှင့် သေဆုံးနေကြရလေသည်။

ရောဂါဖြစ်လာသူ တစ်ယောက်သည် ထိုရောဂါဖြင့် မိမိသေနိုင်သည်ဟု များသောအားဖြင့် မထင်မှတ်ကြပေ။ မထင်မှတ်သည့်အလျောက် ဆေးကောင်း ဝါးကောင်း ဆရာသမားကောင်းတို့ဖြင့် အစွမ်းကုန် ကုသကြသည်။ သို့သော် သေနေ့ရောက်မှ အ[illegible]ား ဆေးလည်းမရှိ၊ ဆရာလည်းမရှိ၊ သေဘေးမှရှောင် ရင်းပေ[illegible]။

www.dhammaransi.com



ပညာအမြော်အမြင်ရှိသော ဗုဒ္ဓဘာသာဝင်တို့သည်ကား သေရမည့်ဘေးကိုအထူးမရှောင်ဘဲ သေလျှင် ကောင်းရာသုဂတိ ရောက်ဖို့အတွက် အမြဲတမ်း ပြင်ဆင်ထားကြသည်။ ခရီးသွားလာရင်း ရတနာသုံးပါး ဂုဏ်တော်များကို အာရုံပြု ရွတ်ပွားကြ၊ တရားအားထုတ်ကြ၊ သီလဆောက်တည်ကြ၊ ဒါနပြုကြသည်။ သက်ကြီးရွယ်အို ဗုဒ္ဓဘာသာဝင်တို့သည် ရှေးကဘာပဲလုပ်ခဲ့လုပ်ခဲ့ မိမိတို့ဘဝ နေဝင်ချိန်ရောက်ပြီဟု သိရသောအခါ ဘဝကူးကောင်းရန် ကြိုးစားကြသည်။

## တမ္ဗဒါဌိကဏ်ဘဝနေဝင်ပုံ

တမ္ဗဒါဌိကသည် နွားသားများစွာတို့ကို နေ့ညသတ်ဖြတ်၍ နှစ်ပေါင်း ၅၀ တိုင်တိုင် ဘုရင့်အမှုတော်ကို ထမ်းရွက်ခဲ့သည်။ အသက်အရွယ်ကြီးရင့်လာသောအခါ နိုးသူသတ်ရာထူးမှ အနားယူလိုက်သည်။ ယင်းသို့အနားယူပြီးနောက် တစ်နေ့တွင် တမ္ဗဒါဌိကသည် မိမိအတွက် အလုပ်အကျွေးများက စီစဉ်ထားသော ဆီဦးထောပတ်တို့ဖြင့် ပြုလုပ်သည့် နို့ယာဂုကို သုံးဆောင်ရန် ပြင်ဆင်နေသည်။

ထိုအချိန်တွင် အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်မှ ထ၍ချီးမြှောက်ရမည့်သူကို ကြည့်ရှုရာ တမ္ဗဒါဌိကကိုမြင်တော်မူသဖြင့် သူ၏အိမ်သို့ဆွမ်းခံ ကြွတော်မူသည်။ တမ္ဗဒါဌိကသည် အရှင်မြတ်ကို မြင်သောအခါ အိမ်တွင်းသို့ ပင့်ဆောင်၍ မိမိစားတော့မည့် နို့ယာဂုကို ဆက်ကပ်လှူဒါန်းပြီး အရှင်မြတ်အား ယပ်ခတ်လေလျှက် ထိုင်နေလေသည်။ အရှင်မြတ်သည် ယာဂုဆွမ်းဘုဉ်းပေးပြီးနောက် တမ္ဗဒါဌိကအား အနုမောဒနာ တရားဟောကြားတော်မူသည်။

အရှင်မြတ်သည် တရားနာယူနေသော တမ္ဗဒါဌိက မိမိတရားတော်အပေါ် စိတ်မဝင်စားဘဲ ဖြစ်နေသည်ကို သိ၍ဟောလက်စတရားကို ခေတ္တရပ်ပြီးတမ္ဗဒါဌိအား မေးတော်မူသည်။ ထိုအခါ တမ္ဗဒါဌိက နိုးသူပေါင်းများစွာတို့ကို အနှစ် ၅၀တိုင်တိုင် သတ်ခဲ့မိသော အကုသိုလ်ကို သတိရနေသောကြောင့် အရှင်မြတ်၏တရား နားထဲသို့မဝင်ဘဲ ဖြစ်နေကြောင်းလျှောက်ထားလေသည်။

ထိုအခါ အရှင်မြတ်က ဤဒကာကို ဥပါယ်တံမျဉ်သုံး၍ တရားဟောမှ အာရုံစိုက်ကာ နာယူနိုင်မည်ဟု သိသဖြင့် ဤသို့မေးတော်မူသည်။

"ဒကာ သင်သည် မိမိဆန္ဒဖြင့်သတ်သလော၊ သူတစ်ပါးခိုင်း၍ သတ်သလော"

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



''အရှင်ဘုရား ဘုရင့်အမိန့်တော်အရ သတ်ပါသည်ဘုရား''

''ဒကာ သူတစ်ပါးခိုင်း၍ ပြုလုပ်ရသော သင့်အား အကုသိုလ်ဖြစ်သလော''

အရှင်မြတ်က ဤသို့မေးမြန်းလိုက်သောအခါ တမ္ဗဒါဌိ၏ စိတ်ထဲတွင် 'ဘုရင်ခိုင်း၍ သတ်ရသည်၊ ငါ့မှာ အကုသိုလ်မရှိ' ဟုယုံကြည်စိတ်ချသွားလေသည်။ ထို့နောက် တရားတော်ကို ဆက်လက်ဟောကြားပါရန် လျှောက်ထား၍ တရားတော်ကို စူးစိုက်နာယူလေရာ ဝိပဿနာဉာဏ်စဉ် အဆင့်မြင့်သို့ ရောက်အောင် သဘောပေါက်သွားလေသည်။

တမ္ဗဒါဌိကသည် အရှင်မြတ်ပြန်ကြွသောအခါ လိုက်ပို့၍ အပြန်တွင် နွားဝှေ့ခံရသော ဒဏ်ကြောင့် ချက်ခြင်းသေဆုံးလေသည်။ ထိုကုသိုလ်စိတ်အာရုံဖြင့် ကွယ်လွန်ခြင်းဖြစ်ရကား တမ္ဗဒါဌိကသည် တုသိတာနတ်ပြည်၌ ဖြစ်လေသည်။

## မယားချစ်သူ၏ ဘဝလည်ပုံ

သီဟိုဠ်ကျွန်းရွာတစ်ရွာမှ လူငယ်တစ်ယောက်သည် အစ်ကို့မယား (မရီး) နှင့်ဖောက်ပြန်နေ၏။ မယားကလည်း လင်ထက်မတ်ကိုပို၍ ချစ်မြတ်နိုးနေ၏။ ထိုအခါ အစ်ကိုဖြစ်သူကိုသတ်ရန် (လင်ငယ်) မတ်အားသုံးကြိမ်တိုင်တိုင် တိုက်တွန်း၏။ မတ်ကမကြံတတ်သဖြင့် မရီးကပင်အကြံပေးသည်။

တစ်နေ့လင်တော်မောင် အလုပ်မှ မောမောဖြင့်ပြန်လာရာတွင် မယားသည်အလွန်ချစ်မြတ်နိုးလေဟန်ဖြင့် လင်၏ခေါင်းက ဆံပင်များကို ယုယုယယဖိုးနေရင်း 'အစ်ကိုရယ်၊ အစ်ကိုခေါင်း ချွေးတွေသံတွေနဲ့ ညစ်ပေလွန်းအားကြီးနေပါပြီ၊ ဟိုခံတက်ပင်ကြီး ရေဆိပ်မှာသွားပြီး ခေါင်းလျှော်လိုက်ပါဦးနော်' ဟုချစ်စဖွယ်အသံဖြင့်ပြောပြ၏။ အကြံကိုမသိရှာသူ လင်တော်မောင်မှာ အဟုတ်မှတ်၍ ခေါင်းလျှော်ထွက်သွား၏။

ညီဖြစ်သူသည် မရီး၏ အကြံပေးချက်အရ ခံတက်ပင်အကွယ်တွင် ပဲကွပ် (တားမ)ကိုကိုင်လျက် စောင့်နေ၏။ အစ်ကိုသည် မယားစကားကို နားထဲမှာကြားလျက် ခေါင်းလျှော်နေစဉ်မှာပင် ညီဖြစ်သူ၏ သတ်ဖြတ်မှုကိုခံလိုက်ရသည်။ လင်ကြီးသည် သေခါနီးတွင် ဇနီးကိုစွဲလမ်းသည့် ဥပါဒါန်အစွဲ (အကုသိုလ်ဇော)

www.dhammaransi.com



ကြောင့်ထိုအိမ်မှာပင် ထန်းမြွေ(လင်းမြွေ) ဖြစ်ရလေသည်။

ထိုမြွေသည် သူ၏ဇနီးဟောင်းပေါ် တွယ်တာလှသောကြောင့် အိမ်ခေါင်မိုး ပေါ်တက်၍ ဇနီးပေါ်သို့ သူ၏ကိုယ်ကို ပစ်ချလေသည်။ ထိုမိန်းမသည် သူ့လင်ဟောင်းဖြစ်မည်ဟု ရိပ်မိ၍ထိုမြွေကို အသတ်ခိုင်းပြန်သည်။ မြွေဘဝမှ သေပြီးနောက် ထိုအိမ်တွင်ခွေးကလေး ဖြစ်ပြန်သည်။ ထိုခွေးသည် ထိုမိန်းမ သွားရာနောက် တစ်ကောက်ကောက်လိုက်ပြန်သည်။ လူများကဲ့ရဲ့ကြသဖြင့် ထိုခွေးကို အသတ်ခိုင်းပြန်သည်။ ခွေးဘဝမှ သေသောအခါ ထိုအိမ်မှာပင် နွားကလေး ဖြစ်ရပြန်သည်။ ထိုနွားသည် ထိုမိန်းမနောက်သို့ တကောက်ကောက် လိုက်မြန်သည်။ လူများကဲ့ရဲ့ကြသဖြင့် နွားကို အသတ်ခိုင်းပြန်ရာ နွားဘဝမှ သေပြီးနောက် ဇနီးဟောင်းဝမ်းဗိုက်မှာပင် သန္ဓေတည်ပြီး လူဖြစ်လာပြန်သည်။

မွေးဖွားလာသောအခါ ထိုကလေးငယ်သည် နောက်ဘဝကိုမှတ်မိသော (ဇာတိဿရ) ဉာဏ်ကိုရသဖြင့် 'ငါ့လိုရန်သူမိန်းမ ဝမ်းထဲမှာ ဖြစ်မှဖြစ်ရလေခြင်း' ဟုစိတ်နာ၍ မိခင့်နို့ကို မစို့ဘဲနေသည်။ ထိုပြင် မိခင်လက်နှင့်ထိလိုက်သည်နှင့် ကျူကျူပါအောင် ငိုလေသည်။ အခြားသူလက်ထဲရောက်မှ အငိုတိတ်သည်။ သို့ဖြစ်ရာ မိခင်၏ စောင့်ရှောက်ပွေ့ချီမှု ကင်းပြီးအဘိုးအဘွားတို့က ပြုစု စောင့်ရှောက်လာခဲ့ရသည်။

ထိုကလေးစကား ပြောတတ်သောအခါ အဘိုးဖြစ်သူက 'ငါ့မြေးရယ် မင်းအမေထိတာနဲ့ ဘာလို့ငိုရတာလဲ'' ဟုမေးရာ အကြောင်းစုံ ပြောပြရှာသည်။ အဘိုးဖြစ်သူသည် ကလေးအား ပွေ့ဖက်လျက် ငိုယိုပြီး ထိတ်လန့်သံဝေဂရကာ 'လာပါကွယ် ငါ့မြေးရယ်၊ ငါတို့ဒီမှာနေလို့ အကျိုးမများပါဘူး၊ တို့မြေးအဘိုး တခြားမှာသွားနေကြပါစို့' ဟုပြောပြီး မြေးအဘိုးနှစ်ယောက် တိတ်တဆိတ်ထွက် သွားပြီး ရှင်ရဟန်းပြုသွားကြသည်၊ မြေအဘိုးနှစ်ယောက်စလုံး တရားအားထုတ်၍ ရဟန္တာဖြစ်သွားသည်။

## သိရိမဟာသောကမင်းကြီး၏ဘဝနေဝင်ပုံ

သိရိဓမ္မာသောကမင်းကြီးဟု ပြောလိုက်လျှင် ဗုဒ္ဓဘာသာဝင်မှန်သမျှ မသိသူမရှိသလောက်ပင်ဖြစ်၏။ ကုသိုလ်ကောင်းမှု ပြုလုပ်ရာတွင်လည်း နာမည် ကြီး၏။ ရေတွင်းရေကန်၊ ကျောင်း၊ စေတီပေါင်း ရှစ်သောင်းလေးထောင်စီ

www.dhammaransi.com



တည်ဆောက်၍ ဗုဒ္ဓသာသနာတော်ကို ချီမြှောက်ခဲ့သည်။ ထို့မှမက မိမိ၏ရင်သွေးရင်နှစ် နန်းညွှန့်ထီးလျာများဖြစ်သည့် သားတော်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ကို သာသနာ့ဘောင် သွတ်သွင်း၍သာသနာအမွေခံယူခဲ့သည်။ သာသနာ့အမွေအရ ဘုရားဒကာ ကျောင်းဒကာ သာသနာ့ဒါယကာဖြစ်သော သီရိဓမ္မာသောကမင်းကြီး၊ ထိုသီရိဓမ္မာသောက မင်းကြီးသည် သေခါနီးကာလ နာမကျန်းသောအခါဖြစ်သောအခါ မြေးတော်က ထီးနန်းသိမ်းပိုက်လိုက်သည့် အာဏာလက်မဲ့ဖြစ်၍ ဘာကိုမျှပိုင်စိုးခြင်းမရှိတော့ချေ။ ထိုအချိန်တွင် သမားတော်ကြီးက ဆေးအဖြစ်ဆက်သထားသည့် သျှစ်သျှားသီးပိုင်းကလေးကို နမ်းရှုရင်း "ဩော်... ဇမ္ဗူဒိပ်ကို အစိုးရသော မင်းဖြစ်ပါလျက် ယခုအခါမှာ သျှစ်သျှားသီးအပိုင်းကလေးမျှကိုသာ အစိုးရသူဖြစ်ရလေခြင်း" ဟု အလွန်အမင်း ဝမ်းနည်းလျက် ဆုတ်နစ်သောဒေါသကြောင့် မကောင်းသောအာရုံများဖြစ်ပြီး အကုသိုလ်စေတနာကျကာ ကွယ်လွန်၍စပါးကြီးမြွေဘဝသို့ ရောက်သွားရသည်။

ခုနစ်ရက်အတွင်းမှာပင် သားတော်အရှင်မဟိန္ဒက ကယ်ချော်ချွတ်၍ ထိုဘဝမှာ ကျွတ်လွတ်ပြီးနောက် လူ့ဘဝ၌ ရဟန္တာဖြစ်ရလေသည်။

## ယောမင်းကြီးဦးဘိုးလှိုင်၏ ဘဝနေဝင်ပုံ

ယောမင်းကြီးဦးဘိုးလှိုင်၏ သေဖို့ရန်ပြင်ဆင်ပုံမှာ လွန်စွာအတုယူဖွယ် မှတ်သားလိုက်နာဖွယ် ကောင်းလှပေသည်။ ယောမင်းကြီးဟု ပြောလိုက်လျှင် မြန်မာရာဇဝင်တွင် မသိသူမရှိသလောက်ပင် ထင်ပေါ်ကျော်ကြားသည့် နှုတ်ခမ်းမွေးကားကား ခေါင်းပေါင်းဖြူ ဖော့လုံးသျှောင်တစ်စောင်းနှင့် ဦးဘိုးလှိုင်၏ ရုပ်ပုံလွှာကိုမြင်ယောင်လာကြပေမည်။

ဦးဘိုးလှိုင်သည် အသက်ငယ်စဉ် ကျွန်းမာသန်စွမ်းစဉ်က မကောင်းမှု အကုသိုလ်များကိုလည်း အနည်းနှင့်အများ ဆိုသလို ပြုလုပ်ကောင်း ပြုလုပ်မိခဲ့ပေမည်။ အုပ်ချုပ်ရေးလမ်းကြောင်းပေါ်မှ တရားစီရင်ထုံးများအရ အပြစ်အလျောက်စီရင်ခဲ့ပေမည်။ ဘဝခရီးတစ်လျှောက်၌ ပြုလုပ်ခဲ့သော ကုသိုလ် အကုသိုလ်များသည်အလွန်များပြားလှသဖြင့် မိမိဘာလုပ်ခဲ့သည်ကို အမှတ်ရဖို့ အလွန်ခဲယဉ်းပေသည်။ သို့သော် သေခါနီးကာလ၌ကား အသေးအဖွဲကလေးပင် ဖြစ်စေကာမူ ကုသိုလ် သို့မဟုတ် အကုသိုလ်တစ်ခုခုက နိမိတ်အာရုံထင်လာတတ်သည်။ ကုသိုလ်အာရုံထင်လာလျှင်ကား ကောင်းပါ၏။ အကုသိုလ်ထင်လာလျှင်ကား

www.dhammaransi.com



အပါယ်သို့ မချကျရောက်ရပေမည်။

ဤသဘောတရားကိုသိသော ယောမင်းကြီး ဦးဘိုးလှိုင်သည် မသေမီ တစ်လလောက်က ကြိုတင်၍သေရန် ပြင်ဆင်ခဲ့သည်။ အချို့အသက်အရွယ်ကြီးရင့်ပြီး သတိတရားကောင်းမွန်သူတို့သည် မိမိသေရတော့မည်ကို သေနိုင်သည်ကိုခန့်မှန်းသိရှိနိုင်ဟန်ရှိလေသည်။ ဦးဘိုးလှိုင်သည် မိမိသေနိုင်သည်ကို သိသဖြင့် သေရမည်ကိုမကြောက်ဘဲ အသေကောင်းရန် ဘ၀ကူးကောင်းရန် ပြင်ဆင်လေသည်။

ဦးဘိုးလှိုင်၏ ကျောင်းနေဖက်သူငယ်ချင်း ဦးတူဆိုသူသည် စစ်ကိုင်းမြို့တွင် နေထိုင်လျက်ရှိသည်။ ဦးဘိုးလှိုင်သည် ဦးတူကို မိမိအိမ်သို့ခေါ်၍ ဤသို့ တိုင်ပင် ပြောပြလေသည်။

"မောင်တူရေ.. မင်းနဲ့ငါဟာ ငယ်သူငယ်ချင်း၊ များစွာချစ်ကျွမ်း၀င်သူများဖြစ်ကြတယ်၊ ငါ့ကိုမင်းကြီးလို့ စိတ်ကစွဲပြီး ရှိသေခြင်း၊ ဘုရားထူးခြင်း မပြုနဲ့၊ ကျောင်းမှာနေတုန်းကလို ဘိုးလှိုင်လို့ပဲခေါ် ၊ မင်းကိုလဲ မောင်တူလို့ပဲခေါ်မယ်။ သူငယ်ချင်း၊ ကျောင်းသားစိတ်မျိုးနဲ့ စကားပြောပြီး ငါ့အနားမှာ တစ်လလောက်နေပါကွာ၊ မင်းသားမယားစားသုံးဖို့ ငွေဒင်္ဂါး ၂၀၀-ကို လူကြုံနဲ့ ပို့ပေးလိုက်၊ ငါ့ကို မင်းကျွေးချင်တာနဲ့ကျွေး၊ ငါ့ကို ဘာစားမလဲမမေးနဲ့၊ ခင်းကျွေးတာ ငါစားမယ်၊ မင်းပြောတာ ငါနားထောင်မယ်၊ ဒီအခန်းထဲကို ၀န်ကတော်ကအစ ဘယ်သူမှမ၀င်စေနဲ့"

ဦးဘိုးလှိုင်နှင့် ဦးတူ သူငယ်ချင်းနှစ်ယောက်သည် ဘုန်းကြီးကျောင်းမှာ နေစဉ်သကဲ့သို့ ဘုရားစာများကို တစ်ယောက်တစ်လှည့် ရွတ်အံ့ကြသည်။ ရံခါ ရယ်စရာများ ပြောကြသည်။ နေ့စဉ် ညအိပ်ခါနီး ဘုန်းကြီးကျောင်းမှာတုန်းကလို အပြိုင်ဆို၍ ဘုရားဝတ်တက်ကြသည်။ ဦးတူအား မဟာသတိပဋ္ဌာန် သုတ်တော်ကို ရွတ်ခိုင်းပြီး နာယူသည်။ ပြီးလျှင် သာဓုခေါ်၍ အိပ်သည်။ ယင်းသို့နေလာခဲ့ရာ တစ်လပြည့်မြောက်သည့်ည ကျရောက်သောအခါ မြန်မာနာရီ လေးချက်တီးကျော် အချိန်တွင်-

"မောင်တူရေ ယနေ့ ငါစောစော အိပ်မယ်ကွယ်၊ မင်းငါ့ကို သတိပဋ္ဌာန် တရားတော်နဲ့ ရွတ်ဆိုသိပ်ပါကွယ်၊ ငါတရားနာရင်းအိပ်ပါရစေ၊ သုံးချက်တီးကျော် သောအခါ ငါ့ကိုနှိုးပါကွယ်"ဟုမှာထားပြောကြား၍ အိပ်လေသည်၊ ဦးတူကလည်း ပြောသည့်အတိုင်း သတိပဋ္ဌာန်တရားတော်ကို အသံမပြတ် ရွတ်ဖတ်နေသည်။

---

ဆုပြည့်စုံထွန်းစာပေ

သုံးချက်တီးကျော်၍ နိုးသောအခါ ဦးဘိုးလှိုင်မှာ မနိုးတော့ပြီ၊ လက်နှင့်ကိုင်ကြည့်ရာ ဦးဘိုးလှိုင်၏ ကိုယ်မှာ တောင့်တင်းအေးစက်လျက် ဝိညာဉ်ချုပ်နေလေပြီ။

## ဦးညို၏ ဆန်တစ်စလယ်နှင့်ဘဝလည်ပုံ

၁၂၇၀ နှင့် ၁၂၈၀ အတွင်းခန့်က တောင်တွင်းကြီးမြို့ အရှေ့မြောက်ဘက် ၁၀မိုင်ခန့်အကွာတွင် ချောင်းဆုံရွာရှိ၏။ ထိုစဉ်က အိမ် ၄၀၀ ခန့်ရှိသည်။

ထိုရွာတွင် ညိုနှင့် ကံကြီးဆိုသူ သူငယ်ချင်းနှစ်ယောက်မှာ ကွမ်းထမ်းရောင်းပြီး အသက်မွေးကြသည်။

တစ်နေ့ ကွမ်းရောင်းရာမှအပြန် ကံကြီးအိမ်မှာ ဆန်ကုန်နေ၍ ညို့ထံမှ ဆန်တစ်လယ်ချေးယူပြီး ချက်စားရသည်။

ထို့နောက် မကြာမီ ကွမ်းရောင်းရာမှ လရောင်ဖြင့် ပြန်လာကြရာ လမ်းတွင် ပိုးထိ၍ ကံကြီးသေဆုံးသွားရှာသည်။

ကံကြီးပိုးထိ၍ သေရာတွင် မသေမီ သေခါနီးကာလ၌ ကံကြီးစိတ်ထဲတွင်မည်သို့ဖြစ်သွားလေသည်ကို မည်သူမျှ မသိနိုင်ပေ။

ကံကြီးသည် ညို့အိမ်မှာ တိုက်ကြက်ကြီးဖြစ်ရလေသည်၊ ညို့ကြက်တိုက်ရာတွင် သုံးပွဲသုံးကြိမ် တိုက်တိုင်းနိုင်ခဲ့၏။ လေးကြိမ်မြောက်၌မူ အင်အားချင်းမမျှ၍ ညို့ကြက်ရှုံးခဲ့ရ၏။

ညိုသည် စိတ်ဆိုးပြီး ကြက်ကို ခြေနှစ်ချောင်းကိုင်၍ မြေနှင့်ရိုက်ကာ မသေမရှင် အိမ်အောက် ရေအိုးစင်နား ပစ်ချထားလိုက်သည်။

ထိုစဉ် ကြက်ကိုနွားမကြီးက နမ်းရှုလေရာ ကံကြီးခမျာ တိုက်ကြက်ဘဝမှ သေဆုံး၍ နွားမကြီးဝမ်းထဲရောက်ကာ နွားကလေးဘဝသို့ ကူးပြောင်းသွားပြန်ရှာသည်။

နွားကလေး အတန့်ငယ် ကြီးလာသောအခါ ညို့မိတ်ဆွေများက တန်ဖိုးလေးကျပ်နှင့် သတ်စားကြရာ ညို့ပါ ပါဝင်လေသည်။

နွားကလေးကို သတ်ဖြတ်၍ အမဲဖျက်နေတုန်း တောင်တွင်းကြီးမှ စာရေးကြီး လက်မှုသားက ထိုအနားသို့ ရောက်လာကြသည်။

စာရေးကြီးကတော့က နွားကလေးအား သနားဂရုဏာသက်ပြီး 'ငါတို့ နွားသာဆိုလျှင် ပြသတ်ရက်ပါ့မလား သူ့အပိုလို သေသွားတောင် မစားရက်ပါဘူး၊ မြေတဲမြှုပ်လိုက်မှာပဲ' ဟုပြောရှာ၏။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထို့နောက်စာရေးကတော်ကြီး သားယောကျ်ားလေး မွေးဖွားလာရာ ခုနစ်နှစ်ရှိသည့်တိုင်အောင် စကားမပြောဘဲ ရှိနေသည်။

ထိုအခါ ဖခင်စာရေးကြီးက 'ငါ့သား... စကားပြောပါကွာ၊ ဒီကနေ့ လခထုတ်မယ်၊ ငါ့သားအတွက် အဝတ်ကောင်းကောင်းဝယ်ခဲ့မယ်' လို့ပြောခဲ့ပြီး ညနေပြန်အလာတွင် 'ဟောဒီအဝတ်လှလှကလေးတွေဟာ ငါ့သားဖို့ပဲ၊ ကဲ... စကားပြောပေတော့' ဟုပြောလိုက်ရာ သားငယ်က 'ညီ့ုဆန်တစ်စလယ်' ဟုမမျှော်လင့်သော စကားကိုပြောလာပေသည်။

ထိုအခါဖခင်က 'ငါ့သား စကားသာပြောပါ၊ ဆန်တစ်စလယ်မကဘူး၊ ဆန်တစ်အိတ်တောင် ကြွေးဆပ်ပေးမယ်' ပြောရာ 'ဒီလိုဆိုရင် ဆန်အိတ်ကို လှည်းပေါ်တင်ပါ၊ ယခုပဲသွားပြီး အကြွေးဆပ်ရအောင်' ဟုပြောလေသည်။

သားငယ်၏ပြောစကားအတိုင်း ဆန်အိတ်ကိုလှည်းပေါ်တင်၍ သားအဖ နှစ်ယောက် ညီ့ုထံကြွေးဆပ်သွားကြသည်။

လမ်းတွင်လူငယ်ကပင်ညီ့ုအိမ်ရောက်သည့်အထိ လမ်းပြသောဟူ၏။

ညီ့ုအိမ်သို့ရောက်သောအခါ ကလေးက 'ဟေ့ညီ့ု၊ ငါ့ကိုမှတ်မိသေးရဲ့လား' ဟုမေးရာ သားငယ်အရွယ်က ဤကဲ့သို့ပြောသည်ကို ကြားရသဖြင့် ညီ့ု စိတ်ဆိုးသွားသည်။

ထို့နောက် စာရေးကြီးက စိတ်မဆိုးရန် တောင်းပန်၍ ကလေးငယ်က ဖြစ်သမျှအကြောင်း အားလုံးထုတ်ဖော်ပြောပြရာ ညီ့ုခမျာ ဝမ်းနည်းကြီးစွာဖြင့် ငိုကြွေးရလေသည်။

ဤအကြောင်း အတ္တုပ္ပတ်ကို ၁၃၁၃ ခုနှစ်ခန့်က ဦးညီ့ုကိုယ်တိုင် ရေစကြိုမှ ဦးဘသွင်အား ပြောပြချက်ကို မဟာစည်ဆရာတော်ဘုရားကြီးက သူ၏ 'ဓမ္မာစကြာတရားတော်ကြီး' စာအုပ် စာမျက်နှာ ၃၀၉ တွင်ထည့်သွင်းရေး သားထားတော်မူသည်။

ဘုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအသင်း
အမှတ် ၂...၆...၆...၁..၅
ရက်စွဲ ......................
သုတေသနစာကြည့်တိုက်

တက္ကသိုလ် သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)

www.dhammaransi.com

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် **သျှင်သီရိ**

ဓမ္မာစရိယ(တိဓေ)

# စိတ်ဝိညာဉ်သံသရာ

